- (၂၀၁၅) ခုနှစ်ရွေးကောက်ပွဲတွင် မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားပြု ရွေးချယ်ခံရပြီး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး (မွန်ပြည်နယ်)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

NATIONAL ENLIGHTENMENT INSTITUTE

NEI's Election Info Desk

https://www.facebook.com/2020monelection

၆.၄ မဲဆန္ဒနယ်မြေအသီးသီးမှ အနိုင်ရရှိသော ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အချက်အလက်အား နှိုင်းယှဉ်သုံးသပ်ခြင်း





၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မွန်ပြည်နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် အနိုင်ရရှိသော နိုင်ငံရေးပါတီများ

NATIONAL ENLIGHTENMENT INSTITUTE

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်
မွန်ပြည်နယ်၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက်
ကိုယ်စားလှယ်လောင်း (၅၅)ဦး ရွေးကောက်ခံ ယှဉ်ပြိုင်ကြရာ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ (၈) ဦး နှင့် မွန်ညီညွတ်ရေးပါတီမှ (၂)ဦး
ပါတီ (၂)ခုမှ စုစုပေါင်း (၁၀)ဦး အနိုင်ရရှိခဲ့ပါသည်။

NEI's Election Info Desk

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မွန်ပြည်နယ်၏ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များတွင် အနိုင်ရရှိသော နိုင်ငံရေးပါတီများ

NATIONAL ENLIGHTENMENT INSTITUTE

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်
မွန်ပြည်နယ်၌ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အတွက်
ကိုယ်စားလှယ်လောင်း (၆၆)ဦး ရွေးကောက်ခံ ယှဉ်ပြိုင်ကြရာ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ (၉) ဦး နှင့် မွန်ညီညွတ်ရေးပါတီမှ (၃)ဦး
ပါတီ (၂)ခုမှ စုစုပေါင်း (၁၂)ဦး အနိုင်ရရှိခဲ့ပါသည်။

NEI's Election Info Desk


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်အတွက်
မွန်ပြည်နယ်၌ အနိုင်ရရှိသော ပြည်ထောင်စုလွှတ်တော်
ကိုယ်စားလှယ်များ ကျား/မ အချိုး
NATIONAL ENLIGHTENMENT INSTITUTE
ကျား (၇၂.၇၂%)
မ (၂၇.၂၈%)
၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်တွင် အနိုင်ရရှိသော
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ကျား (၁၆)ဦး၊ မ (၆)ဦး စုစုပေါင်း (၂၂)ဦး အနက်
ပြည်သူ့လွှတ်တော်တွင် ကျား(၇)ဦး၊ မ(၃)ဦး နှင့်
အမျိုးသားလွှတ်တော်တွင် ကျား(၉)ဦး၊ မ(၃)ဦး တို့ ပါဝင်သည်။
NEI's Election Info Desk


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်အတွက်
မွန်ပြည်နယ်လွှတ်တော်တွင် အနိုင်ရရှိသော
လွှတ်တော်ကိုယ်စားလှယ်များ ကျား/မ အချိုး
NATIONAL ENLIGHTENMENT INSTITUTE
ကျား (၇၃.၉၁%)
မ (၂၆.၀၉%)
၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မွန်ပြည်နယ်လွှတ်တော်တွင်
လွှတ်တော်ကိုယ်စားလှယ်(၂၃)ဦးအနက် ကျား (၁၇)ဦး နှင့် မ(၆)ဦး ပါဝင်သည်။
NEI's Election Info Desk



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်
မွန်ပြည်နယ်လွှတ်တော်(တိုင်းရင်းသားကိုယ်စားလှယ်အပါအဝင်)
မဲဆန္ဒနယ်များတွင်အနိုင်ရရှိသော နိုင်ငံရေးပါတီများ
NATIONAL ENLIGHTENMENT INSTITUTE
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၇၃.၉၁%)
မွန်ညီညွတ်ရေးပါတီ (၂၆.၀၉%)
၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်
မွန်ပြည်နယ်လွှတ်တော်(တိုင်းရင်းသားကိုယ်စားလှယ်အပါအဝင်) မဲဆန္ဒနယ်များအတွက်
ကိုယ်စားလှယ်လောင်း (၁၃၆) ဦး ရွေးကောက်ခံ ယှဉ်ပြိုင်ကြရာ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ (၁၇) ဦး နှင့် မွန်ညီညွတ်ရေးပါတီမှ (၆)ဦး
ပါတီ (၂)ခုမှ စုစုပေါင်း (၂၃)ဦး အနိုင်ရရှိခဲ့ပါသည်။
NEI's Election Info Desk

အခန်း (၇)

ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတအမေးအဖြေကဏ္ဍ

အချက်အလက်များ	စာမျက်နှာ
ရွေးကောက်ပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်း နှင့် အဖြေ	၂၄၄-၂၇၃

၇.၁ ရွေးကောက်ပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းနှင့်အဖြေ







Election Info Desk's
QUIZ PROGRAM
တိုင်းဒေသကြီး (သို့) ပြည်နယ် လွှတ်တော်များ၏ ကော်မတီအသီးသီးတွင်
လွှတ်တော်ကိုယ်စားလှယ်များဖြင့်သာ ထည့်သွင်းဖွဲ့စည်းနိုင်သည်။
(က) မှန် (ခ) မှား
A-3
(ခ) မှား
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၆၇ (ခ) ။
NEI's Election Info Desk



Election Info Desk's
QUIZ PROGRAM
၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ....
စနစ်ဖြစ်သနည်း။
A-4
ဈေးကွက် စီးပွားရေး
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုဒ်မ (၃၅) အရ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" မွန်ပြည်နယ် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ရွေးကောက်ခံ
ကိုယ်စားလှယ်ပေါင်း မည်မျှရှိသနည်း။ "
A-5
"၂၃ဦး"
ကိုးကားဖော်ပြချက် ။ ။ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်
(၂၀၁၆-၂၀၂၀) မိတ်ဆက်၊
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာမှာ
(၁) ဥပဒေပြုရေးအာဏာ
(၂) အုပ်ချုပ်ရေးအာဏာ
(၃) တရားစီရင်ရေးအာဏာ
A-6
ကိုးကားဖော်ပြချက်။ ။ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၁ (က) အရ
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
NATIONAL ENLIGHTENMENT INSTITUTE
" မွန်ပြည်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်
ဆန္ဒမဲပေးရာတွင်
အနည်းဆုံး .... မဲ ပေးရမည်ဖြစ်သည်။ "
A-7
"၃ မဲ"
ပြည်သူ့လွှတ်တော် အတွက် (၁)မဲ၊ အမျိုးသားလွှတ်တော်အတွက် (၁)မဲ၊
ပြည်နယ်လွှတ်တော်အတွက် (၁)မဲ
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
NATIONAL ENLIGHTENMENT INSTITUTE
" ပြည်သူ့လွှတ်တော်တွင် တပ်မတော်သား
ကိုယ်စားလှယ်များ အပါအဝင်
စုစုပေါင်းကိုယ်စားလှယ် မည်မျှရှိသနည်း။ "
A-8
" ၄၄၀ ဦး "
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၁၀၉)။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များကို ------ က ခန့်အပ်တာဝန်ပေးပိုင်ခွင့်ရှိသည်။"
A-9
နိုင်ငံတော်သမ္မတ
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၆၁ ၊ ပုဒ်မခွဲ (ခ) ၁။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" (၂၀၂၀) ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်
.... မဲဆန္ဒနယ်များကို မြို့နယ် (၁) ခု လျှင်
မဲဆန္ဒနယ် (၂) နယ်စီ ညီတူမျှဖြင့် သတ်မှတ်ထားပါသည်။ "
A-10
ပြည်နယ် (သို့)တိုင်းဒေသကြီး လွှတ်တော်
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၆၁ ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
A-11
" မွန်ပြည်နယ်၏ (၂၀၁၆- ၂၀၂၀) သက်တမ်း ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌအမည်ကို ဖော်ပြပါ ။ "
ဥက္ကဋ္ဌ - ဒေါ်တင်အိ
ဒု ဥက္ကဋ္ဌ - ဒေါက်တာအောင်နိုင်ဦး
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲ အသုံးစရိတ်အဖြစ် .... ထက်မပိုသော ငွေကြေးပမာဏကို သုံးစွဲခွင့်ရှိသည်။ "
(က) ကျပ်သိန်းတစ်ရာ (ခ) ကျပ်သိန်းတစ်ရာ့ငါးဆယ် (ဂ) ကျပ်သိန်းနှစ်ရာ
A-12
(က) ကျပ်သိန်းတစ်ရာ
ကိုးကားဖော်ပြချက် ။ ။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ(၇၄) အရ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ် ကိုဖော်ပြပါ။ "
A-13
မဲအများဆုံးရရှိသူ အနိုင်ရစနစ်
(FPTP)
(First-Past-The-Post)
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
A-14
(က) နိုင်လုံမဲ
(က) ပထမတံဆိပ်တုံးအကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒပြုထားပြီး ဒုတိယတံဆိပ်တုံးအရာ၏ (၉) ကွက်တွင် အနည်းဆုံး (၅)ကွက်သည် ယင်းကိုယ်စားလှယ်လောင်း၏အကွက်ပေါ်သို့ ကျရောက်နေသောကြောင့် နိုင်လုံမဲအဖြစ်ဆုံးဖြတ်သည်။
(ခ) မဲရုံမှူးလက်မှတ် မပါသောမဲကို ပယ်မဲအဖြစ်ဆုံးဖြတ်သည်။
(ဂ) ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသောမဲကို ပယ်မဲအဖြစ်ဆုံးဖြတ်သည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏
အထွတ်ထိပ်နေရာ ရရှိသူမှာ .... ဖြစ်သည်။ "
A-15
နိုင်ငံတော်သမ္မတ
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၈) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" (၂၀၂၀) ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
မဲဆွယ်စည်းရုံးရေးကာလ အတွက်
ယနေ့အပါအဝင် ရက်ပေါင်း မည်မျှကျန်ရှိသနည်း။ "
A-16
"၁၈ ရက်"
ကိုးကားချက် ။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏
ကြေညာချက်အမှတ် (၁၇၃/ ၂၀၂၀) ထုတ်ပြန်ချက်အရ
(၂၀၂၀)ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်
မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း (၆၀)
(၈-၉-၂၀၂၀ ရက်နေ့ နံနက် ၆း၀၀ နာရီမှ
၆-၁၁-၂၀၂၀ ရက်နေ့ ည ၁၂း၀၀ နာရီ အထိ)
ခွင့်ပြုထားပါသည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ဝန်ကြီးချုပ် ဖြစ်ခွင့်ရှိသည့်
ကိုယ်စားလှယ်လောင်းကိုသာ ရွေးချယ်ပါ "
(၁) ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်လောင်း
(၂) အမျိုးသား လွှတ်တော် ကိုယ်စားလှယ်လောင်း
(၃) ပြည်နယ် (သို့) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်လောင်း
A-17
(၃) ပြည်နယ် (သို့) တိုင်းဒေသကြီး
လွှတ်တော် ကိုယ်စားလှယ်လောင်း
ကိုးကားချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၆၁ ၊ပုဒ်မခွဲ (ခ) ၁ အရ ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" မွန်ပြည်နယ်တွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်
စုစုပေါင်း .... နယ် ရှိပါသည်။ "
A-18
" ၁၀ နယ် "
ကိုးကားချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၀၉ (က) ။
NEI's Election Info Desk



Election Info Desk's
Quiz Program
" မွန်ပြည်နယ် အစိုးရ အဖွဲ့တွင် မည်သည့်
တိုင်းရင်းသားရေးရာ ဝန်ကြီးများ ရှိသနည်း။ "
A-19
ဗမာ တိုင်းရင်းသားရေးရာဝန်ကြီး
ပအိုဝ်း တိုင်းရင်းသားရေးရာဝန်ကြီး
ကရင် တိုင်းရင်းသားရေးရာဝန်ကြီး
NEI's Election Info Desk



Election Info Desk's
Quiz Program
" ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်
မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ စတင်သည့်နေ့မှာ..........ဖြစ်သည်။"
A-20
စက်တင်ဘာလ(၈) ရက်နေ့
ကိုးကားဖော်ပြချက် ။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်
အမှတ် (၁၇၃/၂၀၂၀) ထုတ်ပြန်ချက်အရ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားသူကြီးချုပ်အပါအဝင်
တရားသူကြီး အနည်းဆုံး.......ဦးမှ အများဆုံး....... ဦး အထိခန့်အပ်ရပါမည်။ "
A-21
"၇ဦး ၊ ၁၁ဦး"
ကိုးကားဖော်ပြချက်။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၂၉၉) အရ
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" (၂၀၂၀) ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြီးပါက
မည်သည့်လွှတ်တော်ကို ပထမဦးစွာ ခေါ်ယူကျင်းပရမည်နည်း။ "
A-22
ပြည်သူ့လွှတ်တော်
ကိုးကားဖော်ပြချက်။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၁၂၃) အရ
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ မည်မျှဖြင့် ဖွဲ့စည်းထားသနည်း။ "
(က) ၇ဦး (ခ) ၉ဦး (ဂ) ၁၁ဦး
A-23
(၉) ဦး
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၀ အရ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ ၂၂(က) ကိုဖော်ပြပါ။ "
A-24
နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက် စေရန် ကူညီဆောင်ရွက်မည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
A-25
" (ဂ) "
(က) ကိုယ်စားလှယ်လောင်း၏ အမည်ပေါ်တွင် ရိုက်နှိပ်ဆန္ဒပြုထားသောမဲကိုလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်သည်။
(ခ) တံဆိပ်တုံးသည် ပြောင်းပြန်ဘေးတိုက်ရိုက်ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားသောမဲ ကိုလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်သည်။
(ဂ) ပထမတံဆိပ်တုံးအကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်ဆန္ဒပြုထားပြီး ဒုတိယတံဆိပ်တုံး အရာ၏ (၄)ကွက် တွင် အနည်းဆုံး(၅)ကွက်သည် အခြားကိုယ်စားလှယ်လောင်း တစ်ဦး၏အကွက်ပေါ်သို့ ကျရောက်နေသောမဲကို ပယ်မဲအဖြစ်သတ်မှတ်သည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
A-26
" တိုင်းဒေသကြီး (သို့) ပြည်နယ် (တိုင်းရင်းသား) လွှတ်တော် အတွက် ကိုယ်စားလှယ်လောင်းများကို မည်သို့သတ်မှတ်သနည်း။ "
တိုင်း/ ပြည်နယ်တစ်ခုတွင် တိုင်းရင်းသားလူမျိုးတစ်ခု၏ လူဦးရေသည် တစ်နိုင်ငံလုံး လူဦးရေ၏ ဝ.၁%နှင့်အထက်ရှိလျှင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြောက်နိုင်သည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
A-27
" လွှတ်တော်အသီးသီး၏ အစည်းအဝေးများကို တစ်နှစ်လျှင်
အနည်းဆုံး .... ကြိမ်ကျင်းပရမည်။ "
တစ်ကြိမ်
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုဒ်မ (၁၂၆) နှင့်(၁၇၄) အရ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
A-28
"အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ် (၂၂၄) ဦးရှိသည့်အနက်
ရွေးကောက်ခံ ကိုယ်စားလှယ် ဦးရေ မည်မျှရှိသနည်း။ "
" ၁၆၈ ဦး "
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုဒ်မ ၁၄၁ (က) အရ။
NEI's Election Info Desk


Election Info Desk's
NATIONAL ENLIGHTENMENT INSTITUTE
QUIZ PROGRAM
" မွန်ပြည်နယ်တွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်
(၂) နယ်ရှိသော မြို့နယ်အမည်များကို ဖော်ပြပါ။ "
A-29
မော်လမြိုင်မြို့နယ် နှင့် ရေးမြို့နယ်
ကိုးကားဖော်ပြချက် ။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်
(၁၁၂/၂၀၂၀) ထုတ်ချက်အရ။
NEI's Election Info Desk


Election Info Desk's
NATIONAL ENLIGHTENMENT INSTITUTE
QUIZ PROGRAM
(၂၀၂၀) ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်
ပြည်နယ်(သို့) တိုင်းဒေသကြီး လွှတ်တော် အတွက် မဲဆန္ဒနယ်များကို
(၁) မြို့နယ်တစ်ခုလျှင် မဲဆန္ဒနယ် (၁) နယ် သတ်မှတ်သည်။
(၂) မြို့နယ်တစ်ခုလျှင် မဲဆန္ဒနယ် (၂) နယ် သတ်မှတ်သည်။
(၃) မြို့နယ်တစ်ခုလျှင် မဲဆန္ဒနယ် (၃) နယ် သတ်မှတ်သည်။
A-30
(၂) မြို့နယ်တစ်ခုလျှင်
မဲဆန္ဒနယ် (၂) နယ် သတ်မှတ်သည်။
ကိုးကားဖော်ပြချက် ။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ်
(၁၁၃/၂၀၂၀) ထုတ်ချက်အရ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
ယခုလက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏
ဥက္ကဋ္ဌ မှာ မည်သူနည်း။
A-31
ဦးလှသိန်း
ကိုးကားဖော်ပြချက် ။
။ www.uec.gov.mm
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" တရားရုံး၏ခွင့်ပြုချက်မရရှိပါက
နိုင်ငံသားတစ်ဦးကို .... ထက်ကျော်လွန်၍ ချုပ်နှောင်ခွင့်မရှိပါ။ "
A-32
၁ ရက်/ ၂၄နာရီ
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၇၆) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ဒုတိယအကြိမ်(၂၀၁၆-၂၀၂၀) မွန်ပြည်နယ်လွှတ်တော်
သက်တမ်းတွင် ကော်မတီအရေအတွက် စုစုပေါင်း ...... ဖွဲ့စည်းထားပါသည်။ "
A-33
"(၈)ခု"
ကိုးကားဖော်ပြချက် ။
။ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၂၀၁၆-၂၀၂၀) မိတ်ဆက်စာအုပ်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ဤမဲလက်မှတ် နမူနာပုံစံသည်
မည်သည့် အချက်ကြောင့်ပယ်မဲ (သို့) ခိုင်လုံမဲ
ဖြစ်သည်ကို ရှင်းပြပါ "
A-34
"ပယ်မဲ"
* အမှတ်အသားပြုထားသောမဲကို
ပယ်မဲအဖြစ်ဆုံးဖြတ်သည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အမည်ကို ဖော်ပြပါ။ "
A-35
"နာဂ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
"ဓနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
"ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
"ပလောင်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
"ကိုးကန့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နှင့်
"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ။
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၅၅)။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" တိုင်းဒေသကြီး (သို့) ပြည်နယ် လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် သက်တမ်း စတင်သည့်နေ့မှ .... ရက် အတွင်း ကျင်းပရမည်။ "
A-36
"၁၅ရက်"
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၇၁)။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်သူ့လွှတ်တော်၏ ကော်မတီများကို ဖွဲ့စည်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များကို သာမက သင့်လျော်သော နိုင်ငံသားတို့ကိုပါ ထည့်သွင်းဖွဲ့စည်း နိုင်သည်။ "
(က) မှန် (ခ) မှား
A-37
(ခ) မှား
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ (၁၁၅)။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော် တို့တွင် ဖွဲ့စည်းရမည့် အမြဲတမ်းကော်မတီ အမည်များကို ဖော်ပြပါ။ "
A-38
-ဥပဒေကြမ်း ကော်မတီ၊
-ပြည်သူ့ငွေစာရင်း ကော်မတီ၊
-လွှတ်တော်အခွင့်အရေးကော်မတီ၊
-အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ပုဒ်မ ၁၁၅ (က) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည်
လွှတ်တော်အစည်းအဝေးကို ခွင့်မဲ့ရက်ပေါင်း......ရက်
ဆက်တိုက် ပျက်ကွက်ပါက အရေးယူနိုင်ပါသည်။ "
(က) ၇ရက် (ခ) ၁၅ရက် (ဂ) ၂၁ရက်
A-39
"(ခ) ၁၅ ရက်"
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၃၀)(ခ) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်၌
မဲဆန္ဒနယ်နေရာပြည့် ဝင်ရောက်ယှဥ်ပြိုင်သော နိုင်ငံရေးပါတီများကို ဖော်ပြပါ။ "
A-40
(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ နှင့်
(၃) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်ထောင်စုနယ်မြေအတွင်း မှီတင်းနေထိုင်ကြသော
မဲဆန္ဒရှင်များသည် .... ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက် ပိုင်ခွင့်ရှိသည်။ "
A-41
ပြည်သူ့လွှတ်တော် နှင့်
အမျိုးသားလွှတ်တော်
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈)ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၉၄) က ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
(၂၀၂၀)ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်၌ ရွေးကောက်ပွဲကျင်းပနိုင်ခြင်း
မရှိသော နယ်မြေကို ပြည့်စုံစွာဖော်ပြပါ။
A-42
ဘီးလင်းမြို့နယ်၊
ဘောနော်ခီးကျေးရွာအုပ်စု
ကိုးကားဖော်ပြချက်။
။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၁၉၅/၂၀၂၀)။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်
လွှတ်တော်အသီးသီး ၏ ဆန္ဒမဲပုံး အရောင်များကို ဖော်ပြပါ။ "
A-43
ပြည်သူ့လွှတ်တော်-အစိမ်းရောင်
အမျိုးသားလွှတ်တော်- အပြာရောင်
တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်- ခရမ်းရောင်
ပြည်နယ်(တိုင်းရင်းသား)လွှတ်တော်- ခရမ်းရောင်
ကိုးကားဖော်ပြချက် ။
။ www.uec.gov.mm
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်သော
ပြည်ထောင်စုဝန်ကြီးများမှာ .... တို့ဖြစ်သည်။ "
A-44
(၁) ကာကွယ်ရေးဝန်ကြီး၊
(၂) ပြည်ထဲရေးဝန်ကြီး နှင့်
(၃) နယ်စပ်ရေးရာဝန်ကြီး
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ (ခ) (၂) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်
အညီ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့်အပြင်......... ခွင့်လည်း ရှိပါသည်။ "
A-45
လွတ်လပ်စွာ စည်းရုံးခွင့်
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၆ (က) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း
ကိစ္စရပ်များကို ဆွေးနွေးရာတွင် .... လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်သည်။ "
A-46
ပြည်ထောင်စုလွှတ်တော်
ကိုးကားဖော်ပြချက် ။ ။ လွှတ်တော်လက်ကမ်းစာစောင်။
NEI's Election Info Desk



Election Info Desk's
QUIZ PROGRAM
" နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး သို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသူများကို ဖော်ပြပါ။ "
A-47
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုလွှတ်တော်နာယက၊
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊
ပြည်ထောင်စုတရားသူကြီးချုပ် နှင့်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ။
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈)ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပုဒ်မ (၃၂၅)။
NEI's Election Info Desk



Election Info Desk's
QUIZ PROGRAM
" ပြည်ထောင်စုဝန်ကြီးတစ်ဦး၏သည် အသက်သည် မည်မျှပြည့်ပြီးသူ ဖြစ်ရမည်နည်း။ "
A-48
"၄၀" နှစ်
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၂၃၂)။
NEI's Election Info Desk



Election Info Desk's
QUIZ PROGRAM
NATIONAL ENLIGHTENMENT INSTITUTE
" ဤ မဲလက်မှတ် နမူနာ ပုံစံ သည်ခိုင်လုံမဲ အဖြစ် သတ်မှတ်ရမည် ဖြစ်သည်။ "
(က) မှန် (ခ) မှား
A-49
(က) မှန်
တံဆိပ်တုံးတစ်ကြိမ်နှင့်အထက်ရိုက်နှိပ်ထားသော်လည်း ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒပြုထားသောမဲကို ခိုင်လုံမဲအဖြစ် သတ်မှတ်သည်။
NEI's Election Info Desk



Election Info Desk's
QUIZ PROGRAM
NATIONAL ENLIGHTENMENT INSTITUTE
" မွန်ပြည်နယ် (တိုင်းရင်းသား) လွှတ်တော် မဲဆန္ဒနယ် တွင် ကိုယ်စားလှယ်လောင်း အရေအတွက် .... ဦး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ "
A-50
"၂၀ ဦး"
ကိုးကားဖော်ပြချက် ။ ။ www.uec.gov.mm
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်
မှန်ပြည်နယ်၌သာ ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီ အရေအတွက်မှာ .... ဖြစ်သည်။ "
A-51
"၁၆ ခု"
ကိုးကားဖော်ပြချက် ။
။ www.uec.gov.mm
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အတွက်
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆောင်ပုဒ်ကို ဖော်ပြပါ။ "
A-52
"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည်
ဒီမိုကရေစီနိုင်ငံသို့"
"Credible Elections Paving
The Way To Democracy"
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ရွေးကောက်ပွဲ အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲ
ကော်မရှင်မှ ရွေးကောက်ပွဲအပြီး.......... ရက်အတွင်း ထုတ်ပြန်ရမည်ဖြစ်သည်။ "
A-53
"(၄၅) ရက်"
ကိုးကားဖော်ပြချက် ။
။သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ပုဒ်မ (၁၀၆) (ခ)။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ပြည်ထောင်စုလွှတ်တော်၏ အရေးပေါ်အစည်းအဝေးကို
ကျင်းပလိုပါက လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၏ .... မှ
တောင်းဆိုမှသာ ခေါ်ယူ ကျင်းပခွင့်ရှိမည်ဖြစ်သည်။ "
(က) နှစ်ပုံတစ်ပုံ (ခ) သုံးပုံတစ်ပုံ (ဂ) လေးပုံတစ်ပုံ
A-54
(ဂ) လေးပုံတစ်ပုံ
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၈၄) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" တိုင်းဒေသကြီး (သို့) ပြည်နယ်၏ ရှေ့နေချုပ်ကို......... ဟုခေါ်ဝေါ်ရမည်။ "
A-55
တိုင်းဒေသကြီး ဥပဒေချုပ်(သို့)
ပြည်နယ် ဥပဒေချုပ်
ကိုးကားဖော်ပြချက် ။ ။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၆၅) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၅၁) ကိုဖော်ပြပါ။ "
A-56
မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်
အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာ
အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
NATIONAL ENLIGHTENMENT INSTITUTE
" နိုင်ငံတော်သမ္မတသည် အထွေထွေရွေးကောက်ပွဲဝင်ရန်လိုအပ်ပါသလား။ "
(အကြောင်းပြချက်ဖြင့် ဖြေဆိုပါ)
A-57
နိုင်ငံတော်သမ္မတသည်
အထွေထွေရွေးကောက်ပွဲဝင်ရန်မလိုအပ်ပါ။
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၀ (ဂ) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
NATIONAL ENLIGHTENMENT INSTITUTE
" နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ
ပေးပို့လာသည့်ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏
နောက်တစ်နေ့မှ ရက်ပေါင်းမည်မျှအတွင်း လက်မှတ်ရေးထိုး၍
ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်နည်း။ "
A-58
(၁၄) ရက်
ကိုးကားဖော်ပြချက် ။
။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၅ (က) ။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
မဲရုံတာဝန်ရှိသူများသည် ဤမဲလက်မှတ်ကို
မည်သည့်မဲအဖြစ် ဆုံးဖြတ်ရမည်နည်း။
အဘယ်ကြောင့်နည်း။
A-59
ပယ်မဲ
မဲရုံမှူးလက်မှတ်မပါသော မဲလက်မှတ်ကို
ပယ်မဲအဖြစ် ဆုံးဖြတ်သည်။
NEI's Election Info Desk


Election Info Desk's
QUIZ PROGRAM
" ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်
မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ရပ်နားသည့်နေ့
(Silent Day) ကို ပြည့်စုံစွာ ဖော်ပြပါ။ "
A-60
(၂၀၂၀) ပြည့်နှစ်
နိုဝင်ဘာလ (၇)ရက်၊ စနေနေ့
NEI's Election Info Desk

အခန်း (၈)

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဆိုင်ရာ စကားသံများ နှင့် ကတိကဝတ်များ

	အချက်အလက်များ	စာမျက်နှာ
ကျိုက်မရောမြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၂၇၆-၂၇၈
ချောင်းဆုံမြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၂၇၉-၂၈၁
မုဒုံမြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၂၈၂
မော်လမြိုင်မြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၂၈၃-၂၈၆
ရေးမြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၂၈၇-၂၉၀
သံဖြူဇရပ်မြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၂၉၁-၂၉၇
ကျိုက်ထိုမြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၂၉၈-၃၀၁
ပေါင်မြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၃၀၂-၃၀၅
ဘီလင်းမြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၃၀၆-၃၀၉
သထုံမြို့နယ်	- ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ	၃၁၀-၃၁၃

ကျိုက်မရောမြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဦးခင်ဇော်ဦး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)

(၂၀၂၀) ရွေးကောက်ပွဲမှာနိုင်ခဲ့ရင် အဓိကအနေနဲ့လုပ်ပိုင်ခွင့်ရှိတဲ့ကိစ္စ (၃) ခုရှိပါတယ်။ (၁) ဥပဒေပြုရေး၊ (၂) ကိုယ်စားပြုရေး (မိမိဝင်ရောက် ရွေးချယ်ပါဝင်ခဲ့တဲ့ မဲဆန္ဒနယ်ကိုယ်စား မိမိမဲဆန္ဒ အတွက် ကြယ်ပွင့်ပြမေးခွန်းတွေနဲ့ တင်ပြတောင်းဆိုခဲ့သလို ဆက်ပြီး တောင်းဆို ဆောင်ရွက်မယ်။ တစ်ခါ ကြယ်ပွင့်မပြ မေးခွန်း တွေနဲ့လည်း ကိုယ်စားပြုပြီးတော့ မေးမြန်းခဲ့ ရပါတယ်။ ပြည်နယ်အဆင့် လုပ်ဆောင်ရမယ့် လုပ်ငန်း တွေကိုလည်း ဌာနဆိုင်ရာအဆင့်အကြီးအကဲတွေ အစိုးရ အဖွဲ့ဝင်ဝန်ကြီး တွေနဲ့ချိတ်ဆက်ပြီး ကိုယ်စားပြုတဲ့ လုပ်ငန်းတွေ လုပ်ပါတယ်။ (၃) အနေနဲ့က အပြန်အလှန်ထိန်း ကျောင်းခြင်း လုပ်ငန်းကို လုပ်ရပါတယ်ခင်ဗျ။ Check & Balance လုပ်တာပါ။ လွှတ်တော် ကိုယ်စားလှယ်သည် အစိုးရအဖွဲ့ဝင်တွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ (၂၀၂၀) မှာနိုင်ခဲ့ရင်လည်း အဲဒီကိစ္စ (၃) ခုကိုပဲ အဓိကထား လုပ်ဆောင်သွားမှာပါ။ အထူးသဖြင့် တိုင်းပြည်မှာလိုအပ်နေတဲ့ ဥပဒေပိုင်းတွေ (ဥပမာ - မလိုအပ်တဲ့ဥပဒေကို ပယ်ဖျက်တာ၊ ခေတ်မမှီတော့တဲ့ ဥပဒေတွေကို အသစ်ဖြည့်စွက်တာတွေ အဲဒါတွေလုပ်ဖို့) ရှိပါတယ်။ ပိုပြီးအဓိက ကျတာကတော့ ပြည်သူတွေရဲ့လိုအပ်ချက် လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားရရှိရေး၊ စာသင်ကျောင်း များ တိုးချဲ့ဆောက်နိုင်ရေး၊ ဆရာ၊ ဆရာမတွေရဲ့ ဝန်ထမ်းအိမ်ရာ တွေအတွက် လုပ်ဆောင်ခဲ့ရသလို ဆက်ပြီး လုပ်ဆောင်သွားမှာပါ။ ပြီးတော့ခုလက်ရှိတွေ့မြင်နေရတဲ့ မြေမဲ့၊ ယာမဲ့၊ အိမ်မဲ့တွေကို သေချာကွင်းဆင်း လေ့လာပြီး မြေယာတွေ ဆောင်ရွက်ပေးမယ်လို့ စိတ်ကူးရှိပါတယ်။ အကောင်အထည် ဖော်မှာပါ။

ဒေါ်ညွန့်ရီ

မွန်ညီညွတ်ရေးပါတီ (MUP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

ကျိုက်မရောဒေသခံတွေရဲ့ အရေးကြီး ဆုံး (၂) ချက် မူးယစ်ဆေးဝါး သုံးစွဲတာ လျှော့ကျသွားအောင် ပြည်သူတွေနဲ့လက်တွဲပြီး ပြည်သူ့အသံ နားထောင်ပြီး လွှတ်တော်မှာ တဖြေးဖြေး အချိန်ယူပြီး ဖြေရှင်းရမှာ ပေါ့လေ။ နောက်တစ်ခုက ကျိုက်မရော မြို့နယ်ဟာ မိုးနဲနဲကြီးတာနဲ့ ရေကြီးတဲ့ ဒဏ်ကို အခံရဆုံးပဲ။ အဲကိစ္စကို ဖြေရှင်းဆောင်ရွက်သွားမယ်။ နောက်တစ်ချက်က သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကလည်း ဘိလပ်မြေစက်ရုံ တည်ထောင်လာပြီးနောက်ပိုင်း သောက်သုံးရေအတွက်အန္တရာယ်ဖြစ်လာတာ၊ ဖွံ့ဖြိုးရေး အနေနဲ့ ကျိုက်မရော မြို့နယ်နဲ့ ပြည်သူတွေကိုအကျိုးပြုတဲ့ ဖွံ့ဖြိုးရေးဖြစ်ဖို့အတွက် ကျွန်မတို့က လွှတ်တော်ထဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆောင်ရွက်သွားမှာပါ။

ဦးမင်းအောင်မွန်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

(၂၀၂၀) ရွေးကောက်ပွဲမှာ ကျွန်တော်က အမျိုးသားလွှတ်တော် နေရာက ဝင်ရောက်ယှဉ်ပြိုင်တဲ့အတွက် နိုင်သွားတဲ့အခါ ပြည်နယ် ကိုယ်စားပြု နေရာကနေ တိုင်းရင်းသားတွေ အရေး၊ ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်ရေးတွေအတွက် ကြိုးပမ်းဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်။ မြန်မာနိုင်ငံဆိုတာ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ နိုင်ငံဖြစ်တယ်။ ပြီးခဲ့တဲ့သက်တမ်း တစ်လျှောက်မှာဆိုရင် တိုင်းရင်းသားတွေရဲ့ သဘောထား၊ ဆန္ဒတွေကို ဖြည့်ဆည်းပေးတဲ့အခါမှာ လိုသလောက်ကို မရောက်နိုင်တာ တွေ့တယ်။ တိုင်းရင်းသားတွေအတွက် ငြိမ်းချမ်းရေးကိုလိုချင်တယ်။ ငြိမ်းချမ်းရေးမရတဲ့အခါမှာ ဒေသ ဖွံ့ဖြိုးရေးအခက်ခဲဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်းလာမှာမဟုတ်ဘူး။ အဲ့ဒီအတွက်လုပ်ဆောင်ပေးသွား ပါမယ်။

နော်ဆာထူး

ကရင်ပြည်သူ့ပါတီ(KPP)

တိုင်းရင်းသားလွှတ်တော် မဲဆန္ဒနယ်

ကိုယ်ကတိုင်းရင်းသား တစ်ယောက်ဖြစ်တယ်။ တိုင်းရင်းသားပါတီမှာ ပါဝင်ရခြင်းအားဖြင့် အထူးသဖြင့် တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှမှုအခွင့်အရေးတွေကိုလည်း လွှတ်တော်ထဲမှာ ထိုနည်းတူစွာ တစ်ခြားသောတိုင်းရင်းသားများနဲ့အတူ ပေါင်းစပ်ညှိနှိုင်းပြီးတော့ တိုင်းရင်းသား အခွင့်အရေးကို ရနိုင်သမျှ အကောင်အထည်ဖော်လုပ်ဆောင်ဖို့ဖြစ်တယ်။ ကျွန်မအနေနဲ့က ခုလက်ရှိမှာ ငြိမ်းချမ်းရေးအဖွဲ့မှာ ပါဝင်နေတဲ့ အတွက် ဒီပဋိပက္ခတွေ နှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ တိုင်းရင်းသားတွေ အတွက် ငြိမ်းချမ်းသာယာ လှပတဲ့ ဘဝတွေကို ပိုင်ဆိုင်ကြစေဖို့ ဆက်လက် လုပ်ဆောင်ဖို့လည်း ကျွန်မအနေနဲ့ သန္နိဋ္ဌာန်ချ ထားပါတယ်။ လက်ရှိလည်း (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ အတိုင်းပဲ သွားချင် ပါတယ်။ ဒီထဲကနေ ရနိုင်သလောက် အခွင့်အရေးတွေ ရပ်တည် သွားမယ်။ ထို့နည်းတူစွာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ တိုင်းရင်း သားတွေရဲ့ ရပိုင်ခွင့်ကို ကျွန်မအနေနဲ့ လုပ်ဆောင်မယ်လို့ ရည်ရွယ်ထား ပါတယ်။ လူသားအားလုံးတန်းတူညီမျှမှု အင်မတန်မှ နည်းပါးနေသေးတယ်။ "ကရင့် ကံကြမ္မာကို ကရင်ကပဲဖန်တီးရမယ်" လို့ကျွန်မတို့ ခေါင်းဆောင်က ပြောခဲ့သလိုပဲ ကျွန်မရဲ့လေ့လာခဲ့မှု သင်ယူခဲ့မှုတွေကို ကျွန်မရဲ့ကရင်လူထုအတွက် တိုင်းရင်းသားအားလုံး အတွက် ပြန်လည်အသုံးချပြီး အကောင်အထည်ဖော်ဆောင်ရွက်မှာပါ။ ရှေးဘိုးဘေးတွေလျှောက်ခဲ့တဲ့ နိုင်ငံရေး သမိုင်းလမ်းကြောင်းတွေဟာ တိုင်းရင်းသားအားလုံးမှာ ရှိကြသလိုပဲ ကျမတို့ရဲ့သမိုင်းမှတ်တိုင်ကနေ ဆက်လက်ပြီးတော့ လူငယ်၊ လူကြီးရှေ့ဆက်ပြီးတော့ အနာဂတ်အတွက်နိုင်ငံရေး ရေစီးကြောင်း လမ်းကြောင်းထဲမှာ အားလုံးကိုပါဝင်စေချင်တယ်။ ပူးပေါင်းစေချင်တယ်။ လုပ်ဆောင်စေချင်တယ်။ တိုင်းရင်းသားအားလုံး ပူးပေါင်းပြီးတော့ လုပ်ဆောင်မယ်လို့ ကတိပြုချင်ပါတယ်။

ချောင်းဆုံမြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဦးအောင်ကြည်သိန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ပါတီကနေပြီးတော့ ကိုယ်လုပ်နိုင်တဲ့ အတိုင်းတာကိုပဲ ချမှတ်ထားတယ်။ လက်ရှိဖြစ်ပေါ်နေ တဲ့ အခြေနေတွေရော အရင်ကလုပ်ထားတဲ့ ခြေနေတွေရော ဒါတွေသုံးသပ်ပြီးတော့မှ နိုင်ငံတော်ရဲ့ လိုအပ်ချက် ဖြစ်ပျက်နေတဲ့အပေါ် မူတည်ပြီး တစ်ခုချင်းတစ်ခုချင်း လုပ်ဆောင်သွားမယ်။ ဥပမာအား ဖြင့် ဖက်ဒရယ်အော်နေကြတယ် ဒီ(၂၆၁)ကို စပြီးတော့ ပြင်ပေးလိုက်လို့ရှိရင် ဒါသူ့ရဲ့ အနှစ်သာရ တစ်ခုက ပေါ်သွားလိမ့်မယ်။ နောက်တစ်ခုက တောင်သူလယ်သမားတွေ အခက်ခဲဖြစ်တယ်။ ဖြေရှင်းပေးဖို့ တောင်သူလယ်သမားရေးရာဝန်ကြီးကို တင်ပေးတဲ့အချိန်မှာ တစ်ဖက်ပါတီက ဒါတွေ က မလိုအပ်သေးပါဘူး။ စိုက်မွေးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလည်းရှိနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်လည်း စိုက်ပျိုးရေးဌာန က ထွက်လာတာပဲ စိုက်ပျိုးရေးရဲ့ ဦးတည်ချက်လည်း ရှိပါတယ်။ Seed Production, Training and Education, Research and Development ဆိုပြီးရှိပါတယ်။ တောင်သူလယ်သမားတွေရဲ့ လိုအပ်ချက် ဖြစ်တဲ့မျိုး၊ မသိ သေးတဲ့နည်းပညာတွေ လုပ်ပေးလို့ရတယ်။ အရင်တုန်းကဆို လယ်ယာ စိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဦးတည်ချက်လည်းရှိတယ်။ ဘာလဲဆိုတော့ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက် မြှင့်မားရေးကိုပဲလုပ်တာ တောင်သူ လယ်သမားတွေရဲ့ အခက်ခဲကို ဖြေရှင်းဖို့မပါဘူး။ တောင်သူ လယ်သမား အခွင့်အရေးကာကွယ်ရေးဆိုပြီး ဥပဒေပဲ ထွက်တာ ဒီဟာတွေ အကောင်ထည်ဖော်ဖို့ဆိုတာ တော်တော် လေးကို ဖော်ရမှာ။ တောင်သူလယ်သမားတွေ အနေနဲ့ ဈေးငွေကို သူတို့အဆင်ပြေတဲ့အချိန်မှာ ဆပ်ချင်တယ်။ သို့ပေမယ့် အခုက သတ်မှတ်တဲ့ ကာလအတွင်းမှာ ဆပ်ရတဲ့အတွက်ကြောင့်မို့လို့ အခက်ခဲတွေရှိတယ်။ သူတို့ရဲ့လိုအပ်ချက်တွေရှိမယ်၊ ဈေးကွက်တွေရှိမယ် အလေးတင်းတောင်းတွေရှိမယ်။ သီးနှံတွေထွက်လာပြီ ဘယ်ကိုပို့ရမလဲ ဘယ်သူကဒါကို ဦးဆောင်ပြီးလုပ်ပေးမလဲ။ အရင်ဦးသိန်းစိန်လက်ထက်တုန်းက စပါးတွေ ထွက်နေပြီ တရုတ်ကလည်းမဝယ်တော့ ကုန်သွယ်ရေးဝန်ကြီး ဦးဝင်းမြင့်က ကုန်သည်တစ်ယောက်အနေနဲ့ သွားပြီးတော့ ညှိနှိုင်းတယ်။ အဲ့ဒါကြောင့်မို့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနအနေနဲ့ လိုအပ်ပါတယ်။ ဒါကြောင့် ရှေ့ဆက်သွားရမှာတော့ရှိပေမယ့် လိုအပ်ချက်တွေကို အရင်စဉ်းစားထားတယ်။

ဒေါက်တာအောင်နိုင်ဦး

မွန်ညီညွတ်ရေးပါတီ(MUP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

အဓိကကျွန်တော်ဦးတည်တာ (၃) ချက်ရှိပါတယ်။ တိုင်းရင်းသား စာပေယဉ်ကျေးမှုတွေကို တပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်တဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆောင်ရွက်ခွင့်အတိုင်းအတာကို ကူညီထောက်ပံ့ပေးတဲ့ အစီစဉ်တွေဖြစ်လာဖို့။ နောက်တစ်ခုက ဒီမိုကရေစီကျင့်စဉ်နဲ့အညီ စီမံခန့်ခွဲမှုစနစ်တွေမှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့စနစ်တွေ ပြီးတဲ့အပြင် စီမံခန့်ခွဲမှုစနစ်တွေမှာ ဘဏ္ဍာရေးအရ၊ လူသားအရင်းအမြစ်အရ စနစ်တကျ ဖြစ်စေဖို့ တစ်နည်းအားဖြင့်ပြောရရင် အဲ့ဒီ စီမံခန့်ခွဲမှုကောင်းတွေ ဟာ ကျွန်တော်တို့ပြည်နယ် အတွင်းမှာ ပိုပြီးတော့ခိုင်မာအားကောင်းဖို့အတွက် ဖော်ဆောင်ပေးချင်တယ်။ အဲ့လိုစီမံခန့်ခွဲမှုကောင်းဖို့အတွက် ကျွန်တော့်ဘက်က လိုအပ်ရင်လိုအပ်သလို ပူးပေါင်းဆောင်ရွက်ပေးသွားမယ်။ တစ်ခါတစ်လေကျရင် မှားယွင်းချွတ်ချော်မှု၊ တိမ်းစောင်းမှုတွေရှိခဲ့ရင် ပြန်လည်တည့်မတ် ထိန်းကျောင်းပေးမယ်။ တတိယအချက် အနေနဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ ကိုက်ညီတဲ့ ရင်းနှီးမြုပ်နှံမှုတွေပိုပြင်ဖို့ စောင့်ကြည့်ထိန်းကျောင်းမှုတွေ လုပ်သွားမယ်။ ဒေသဖွံ့ဖြိုးရေးဆိုတာက အားလုံး တစ်ပြေးညီဖြစ်ဖို့လိုတယ်။ တကယ့်နောက်နေးတဲ့နေရာတွေ မြန်ဆန်စေဖို့၊ တကယ်လိုအပ်တဲ့နေရာမှာ ပိုပြီးတော့ဖြည်းဆည်းပေးဖို့ ဒါတွေအပြင် ပြည်နယ်အတွင်းမှာ ရင်းနှီးမြုပ်နှံမှု တွေဟာ အရင်ကလို စနစ်မကျတဲ့ ဥပဒေနဲ့လွဲချော်နေတဲ့ လုပ်ထုံးလုပ်နည်းနဲ့မညီတာတွေ အဲ့လိုမျိုးတွေ မဖြစ်ရလေအောင် ကိုယ့်ပြည်နယ်ရဲ့ အနေထားကို တက်နိုင်သလောက်ထိန်းကျောင်းပြီးတော့ ကူညီပူးပေါင်း ဆောင်ရွက်သွားမယ်။ တိုင်းရင်းသားတွေရဲ့ အမှတ်သင်္ကေတ သူတို့ရဲ့ဝိသေသလက္ခဏာတွေကို ဖွံ့ဖြိုး တိုးတက်ဖို့က တိုင်းရင်းသားအားလုံးရဲ့ ဦးတည်ချက်ဖြစ်တယ်။ ဒီကနေ့နိုင်ငံတော်ကနေ ကူညီပံ့ပိုးပေးနေတဲ့ ဥပဒေပိုင်းဆိုင်ရာတွေ တချို့ဟာတွေက ကျွန်တော်တို့ လိုလားတဲ့အနေထားမျိုး မရောက်သေးဘူး။ သူတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ တန်းတူအခွင့်ရေးရရှိဖို့က သိပ်အရေးကြီးတယ်။ ပထမသက်တမ်းရော၊ ဒုတိယသက်တမ်းရောမှာ စီမံခန့်ခွဲမှုအလွဲတွေ တော်တော်လေးတွေ့ရတယ်။ ထုတ်ပြန်ထားတဲ့ လုပ်ထုံး လုပ်နည်း အမိန့်ညွှန်ကြားချက်တွေနဲ့ သွေဖီပြီးတော့ သွားတာလည်းတွေ့ရတယ်။ ဒါတွေကို ဆက်ပြီး ထိန်းကျောင်းဖို့လိုတယ်။ လိုချင်တဲ့ဒီမိုကရေစီအနှစ်သာရဆိုတာ စီမံခန့်ခွဲမှု ကောင်း၊ အုပ်ချုပ်မှုစနစ်ကောင်းကို လိုချင်တာ။ တစ်နည်းအားဖြင့် သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုစနစ်ကိုလိုချင်တာ။ အဲ့ဒီစီမံခန့်ခွဲမှု ကောင်းဖို့အတွက် စောင့်ကြည့်ထိန်းကျောင်းတဲ့ စနစ်တွေလိုတယ်။ ကျွန်တော်တို့ကိုယ်တိုင်သာ အစိုးရမှာ ပါဝင်ခဲ့ရင်လည်း ဒီစနစ်ကို ပုံဖော်တဲ့နေရာမှာ

အဓိကဆောင်ရွက်မယ်။ သို့သော် လွှတ်တော်မှာရှိမယ် ဆိုရင်လည်း အဲ့ဒီလိုမျိုး တည့်မတ်ထိန်းကျောင်းတဲ့စနစ် စီမံခန့်ခွဲမှုကောင်းအောင် တွန်းအားပေးတဲ့ နေရာမှာ ဒေါက်တိုင်တစ်ခုအနေနဲ့ ရပ်တည်မယ်။ လိုအပ်ရင်တော့ ပူးပေါင်းဆောင်ရွက်ပါမယ်။ ကျွန်တော်တို့က စောင့်ကြည့်ထိန်းကျောင်းသလို လိုအပ်ရင် ပူးပေါင်းဆောင်ရွက်တာမျိုးလဲ လုပ်ပါတယ်။ ဒေသဖွံ့ဖြိုးရေး ဆိုတာက ခုချိန်ထိ နိုင်ငံအနေနဲ့ရော ပြည်နယ်အနေနဲ့ရော တကယ့်အခြေခံအဆောက်အဦးလိုအပ်ချက်တွေ လည်းရှိတယ်။ ရပ်ပိုင်းဆိုင်ရာလိုအပ်ချက်ရှိသလို လူသားအရင်းမြစ်ဆိုင်ရာ ဖွံ့ဖြိုးမှုကလည်း လိုအပ် တယ်။ အဲ့ဒီနေရာမျိုးမှာ တက်နိုင်တဲ့အပိုင်းကနေပြီးတော့ အသိဉာဏ်ပွင့်လင်းမှု ချပြပေးတာ၊ လူတွေရဲ့ စဉ်းစားဆင်ခြင်သတိထားရမယ့် အသိဉာဏ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးတာ အဲ့ဒါတွေဆောင် ရွက်သလို တစ်ဖက်က ဒေသဖွံ့ဖြိုးရေးကိုလိုအပ်တဲ့ အခြေခံအဆောက်အဦး (လမ်း၊ တံတား၊ ရေ၊ မီး) ဒါတွေကို တစ်ချို့လိုအပ်တဲ့ နယ်မြေတွေအတွက် အထောက်အပံ့ရရှိစေဖို့ လုပ်ဆောင်ပါမယ်။ ရင်းနှီးမြှုပ်နှံမှုတွေကို စနစ်တကျဖြစ်ဖို့ ပွင့်လင်းတဲ့ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံကတော့ ဈေးကွက်စီးပွားရေးကို ပုံဖော်တဲ့နေရာမှာ ရင်းနှီးမြှုပ်နှံမှုတွေကို အတိုင်းအတာထိ လမ်းဖွင့်ပေးမယ်။ သို့သော် အဲ့ဒီရင်းနှီးမြှုပ်နှံမှုအရ ဖြစ်လာမယ့် အကျိုးဆက်တွေကို ဆိုးကျိုးခံရမှု မဖြစ်အောင် စနစ်တကျဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကို စောင့်ကြည့် ထိန်းကျောင်းပေးသွားမယ်။

ဦးဝင်းထွဋ် (တစ်သီးပုဂ္ဂလ)

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ရည်မှန်းချက်ကတော့ အများကြီးထဲကမှ Focus လုပ်ထားတာ (၃) ခုရှိတယ်။ (၁) စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာဖို့၊ (၂) ကျေးလက်နေ ပြည်သူများ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာဖို့၊ (၃) ပညာရေးမှာ မွန်တိုင်းရင်းသားအပါအဝင် မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးရဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အခွင့်အရေးအပြည့်အဝရရှိရေး တို့ကို ရည်ရွယ်ထားပါ တယ်။ မဲဆန္ဒရှင်ပြည်သူတွေကို ပြောချင်တာက ပထမဆုံးမဲစာရင်းကပ်တဲ့ နေရာကို အရောက်သွားပြီးတော့ ကိုယ့်ရဲ့ နာမည်နဲ့အခြေခံ အချက်အလက်တွေ မှန်မမှန်စစ်ဆေးပါ ပြီးရင် မဲစာရင်း အမှတ်စဉ်ကို မှတ်ထားပါ။ မမှန်ဘူးဆိုရင်တော့ ကော်မရှင်ရုံးမှာ ပြန်လည်ပြင်ဆင်လို့ ရတယ်။ မဲစာရင်းအမှတ်စဉ် ဘာလို့ အရေးကြီးလဲ ဆိုတော့ မဲပေးတဲ့နေ့မဲရုံမှာ ပိုပြီးအဆင်ပြေပါတယ်။ သန့်ရှင်းကောင်းမွန်လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်အောင် ဝိုင်းဝန်းကူညီပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

မုဒုံမြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

နိုင်တလညီ

မွန်ညီညွတ်ရေးပါတီ (MUP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲမှာအောင်နိုင်ရင် မျှော်မှန်းချက်အနေနဲ့ (၇)ချက်ရှိပါတယ်။ (၁)အချက် အနေနဲ့ ငြိမ်းချမ်းရေးနဲ့ ပြည်ထောင်စုအတွက် ကိုယ်စွမ်းနိုင်သမျှကို ဆောင်ရွက်သွားမယ်။ နောက်တစ်ချက်က ဒေသခံပြည်သူတွေရဲ့ ဆန္ဒကိုအလေးထားပြီးတော့ ဖော်ဆောင်မှာပေါ့နော်။ ဒေသခံပြည်သူလူထုတွေ ကြုံတွေ့နေရတဲ့ အခက်အခဲနဲ့ လူမှုဘဝကို အလေးထားပြီးတော့ ဆောင်ရွက်ပါမယ်။ တိုင်းရင်းသားလူမျိုးများရဲ့ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနဲ့ သမိုင်းအမွေအနှစ်တွေကို ကာကွယ် ထိန်းသိမ်းပြီးတော့ မြှင့်တင်တဲ့ လုပ်ငန်းကိုလည်း ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့ နိုင်ငံ၊ ဒေသမှာ ကြုံတွေ့နေရတဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ ကာကွယ်ရေးလုပ်ငန်းတို့ ကုသရေးနဲ့ တားဆီးရေးလုပ်ငန်းတွေကို တတ်နိုင်သလောက် အလေးထားပြီးတော့ ဆောင်ရွက်သွားမယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေး တွေကို အလေအလွင့် နည်းနိုင်သမျှနည်းအောင် ပြည်သူလူထုအတွက် ထိရောက်တဲ့ အကျိုး သက်ရောက်မှုရှိအောင် အလေးထား ဆောင်ရွက်သွားမယ်။ နောက်တစ်ခါကျတော့ ပြည်နယ်နဲ့ ပြည်သူလူထုကို အကျိုးပြုမယ့် ဥပဒေတွေပေါ်ပေါက်လာဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပါတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်ပြီးတော့ မူဝါဒရှိတယ်။ အဓိကကတော့ နိုင်ငံရေးနဲ့ တိုင်းရင်းသားရေးရာကိစ္စရပ်တွေကို တင်ပြပြီးတော့ ပါတီဗဟိုရဲ့ သဘောထားကို ရယူမယ်။ ကျန်တဲ့ ပြည်သူလူထုရဲ့ ကိစ္စအဝဝကို တင်ပြတဲ့အခါကျရင် ပြည်သူလူထုရဲ့ဆန္ဒကို ပါတီရပ်ကျေးရဲ့ သဘောထားတို့ ပါတီမြို့နယ်ရဲ့ သဘောထားတို့ ဒါကိုအခြေခံပြီးတော့ တင်ပြလို့ရပါ တယ်။ ကိုယ့်ရဲ့တိုင်းပြည်က ပြည်တွင်းစစ်ကြောင့် ဆင်းရဲနေတယ်ဆိုတော့ ပြည်သူလူထုက ကျန်းမာရေး၊ ပညာရေးတို့ အခက်ခဲတွေတော့ အများကြီးရှိတယ်။ ဘက်စုံအားလုံးက နိမ့်ကျနေ တယ်။ ကျွန်တော့်အနေနဲ့ တက်နိုင်တဲ့ဘက်က ဝိုင်းဝန်းပြီးတော့ အလေးထားဆောင်ရွက်ပေးမှာပါ။ ဒီလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ဖို့ဆိုရင် အမတ် တစ်ယောက်တည်းနဲ့ လုပ်လို့မနိုင်ပါဘူး။ ဒေသခံပြည်သူလူထုနဲ့ ပါတီနဲ့ပေါင်းစပ်ပြီးတော့ လုပ်မှလည်း ရမှာပေါ့နော်။ ဒါပေမယ့် ကျွန်တော်တို့ ပြည်သူလူထုနဲ့ ပါတီဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ရင်တော့ လုပ်ဆောင်နိုင်တဲ့ လုပ်ငန်းတွေ အားလုံးပဲလို့ ကျွန်တော် မြင်တယ်။

မော်လမြိုင်မြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဒေါ်နွယ်နွယ်အောင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ကျွန်မက ပြီးခဲ့တဲ့ (၂၀၁၅) ရွေးကောက်ပွဲမှာ အမျိုးသားလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရတယ်။ အမျိုးသားလွှတ်တော်မှာနေတဲ့အခါ ပြည်ထောင်စု လွှတ်တော်မှာ အချိန်ပြည့် တာဝန်ထမ်း ဆောင်ခဲ့ရတယ်။ အဲ့ဒီတော့ ပြည်နယ်အတွက်ကို လုပ်ဆောင်ပေးချင်တဲ့နေရာမှာ နည်းနည်း အားနည်းချက်တွေရှိတယ်။ အဲ့လိုခါမှာ နောက်သက်တမ်းကျရင်တော့ ပြည်နယ် လွှတ်တော်ဘက်ကို အရွေးချယ်ခံမယ် ဆိုပြီးတော့ စိတ်ကူးထား တာရှိတယ်။ အဓိကကကိုယ့်ပြည်နယ် နဲ့ မော်လမြိုင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို အဓိက ထားတယ်။ နောက် ကိုယ့်ပြည်သူ တွေရဲ့ဆန္ဒတွေ ၊ သူတို့ ဖြစ်စေချင်တဲ့ အရာတွေကို တက်နိုင်သလောက် ဖြည့်ဆည်းပေးနိုင်ဖို့ အဓိကရည်ရွယ်ထားတယ်။ နောက်တစ်ခုက ကျွန်မအနေနဲ့ ဥပဒေပြုရေးကို ပိုပြီးဝါသနာပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဆိုတာကလည်း ဥပဒေပြုရေး၊ ထိန်းကျောင်းရေးနဲ့ ပြည်သူ့ဆန္ဒဖော်ဆောင်ရေးကို လုပ်ဆောင်တာပါ။ ကျွန်မအနေနဲ့က ဥပဒေပြုရေးကို ပိုပြီးတော့စိတ်ဝင်စားတဲ့ အတွက် ပြည်နယ်လွှတ်တော်ထဲမှာက ဥပဒေပြုရေးကဏ္ဍမှာ ကိုယ့်ပြည်နယ်ဖွံ့ဖြိုး တိုးတက်ဖို့အတွက် လိုအပ်တဲ့ ဥပဒေတွေ ပြုပေးနိုင်ဖို့အတွက်ကိုလည်း ရည်ရွယ်ချက်ရှိပါတယ်။ ကျွန်မအနေနဲ့ နိုင်ချင်ဇောနဲ့ မဖြစ်နိုင်တဲ့ဟာ လိုက်မလုပ်နိုင်တဲ့ အရာတွေကို ကတိမပေးမိဖို့အတွက် ကျွန်မတို့ခေါင်းဆောင်က အဓိကထားပြီး မှာထားတာရှိတယ်။ လူထုကတော့သူတို့ဖြစ်စေချင်တဲ့အရာတွေကိုပြောမှာပဲ ကျွန်မ တို့အနေနဲ့က အဲ့ဒီဖြစ်စေချင်တဲ့ အရာတွေကို ဖြစ်သင့်မဖြစ်သင့် လုပ်ပေးလို့ နိုင်တယ်မနိုင်ဘူး ဆိုတာကို စဉ်းစားဖို့လိုအပ်တယ်။ ရွေးကောက်ပွဲ အတွက် မဲဆွယ် စည်းရုံးရေးဆင်းနေတဲ့ကာလမှာ တက်နိုင် သလောက် ကိုယ်စားလှယ်တွေ Campaign ကာလမှာ လိုက်နာရမည့် ကျင့်ဝတ်တွေက အရမ်းကို ဂရုစိုက်ပြီးတော့ လိုက်နာဖို့လိုအပ်တယ်ဆိုတာ မှာထားပါတယ်။ ရွေးကောက်ပွဲဆိုတာက ပြည်သူလက်ခံနိုင်အောင်ကိုယ်က ကြိုးစားရမှာ ကိုယ်လိုလားတဲ့ဟာကို ပြည်သူကိုချပြနိုင်ရမယ်။ ပြည်သူလိုလားတဲ့ဟာကို ကိုယ်ကနားထောင် နိုင်ရမယ်။ ပြိုင်တယ်ဆိုပေမယ့် တစ်ဖက်နဲ့တစ်ဖက် သူသေကိုယ်သေ အကြိတ်အနယ်ဖြစ်ရမယ့် အနေထား မဟုတ်ဘူး။ တစ်ဖက်ပါတီနဲ့ တွေ့တဲ့အခါကျရင် မိတ်ဆွေသဖွယ် ဆက်ဆံနိုင်ရမယ်။ အဲ့ဒီတော့ စောင့်ထိန်းဖို့ လိုအပ်ပါတယ်။ ကိုယ့်ပါတီကို ပြည်သူတွေလက်ခံလာအောင် ပြောနိုင်ဖို့ လိုအပ်တယ်။

ဦးဝင်းမော်ဦး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေနဲ့ ပိုမိုတောက်ပသော အနာဂတ်လို့ဆိုထားတယ်။ ပိုမိုတောက်ပသောအနာဂတ်ဆိုတာက ကဏ္ဍတွေအများကြီးရှိတယ်။ အခုရွေးကောက်ပွဲ ဝင်ကြတဲ့ပါတီအများကြီးရှိတယ်။ မူဝါဒတွေလည်းပြောကြမယ် ကတိကဝတ်တွေလည်းပြောကြမယ်။ အဲ့လိုပြောကြတဲ့ အခါကျတော့ ဘာပဲဖြစ်ဖြစ်အားလုံးကကောင်းတာပဲပြောကြမယ်။ သို့သော်ပြောပြီး တဲ့အချိန်မှာ အကောင်အထည်ဖော်မှုဆိုတာအရေးကြီးတယ်။ ဒီအကောင်အထည်ဖော်မှုနဲ့ ပတ်သက်ရင် ကျွန်တော်တို့က အစိုးရကတော့ (၅)နှစ်သက်တမ်းမှာပဲရှိတယ်။ ဒီသက်တမ်း မှာဘယ်လောက်ထိ အကောင်အထည် ဖော်နိုင်ကြလဲဆိုတာကို ပြည်သူတွေက တိုင်းတာကြတာဖြစ်ပါတယ်။ ဥပမာ ရေတို လုပ်လို့ရတဲ့လုပ်ငန်းကိုရေတိုလုပ်မယ်၊ အသေးစားရက် (၁၀၀) တွင်းလုပ်ရမဲ့ဟာမျိုးတွေကိုလုပ်မယ်။ လူမှုစီးပွားနဲ့ ပညာရေးတို့လို ဥပဒေပြင်ဆင်နဲ ကိစ္စရပ်တို့လိုကျတော့ သူ့ရဲ့အခြေခံအကြောင်းတရားကိုကြည့်ပြီးတဲ့အခါမှာ နှစ်အလိုက် နှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်။ (၂၀၂၀) ပြည့်နှစ်ရွေးကောက်ပွဲ ကတော့ ခါတိုင်းနှစ်တွေနဲ့ မတူပဲ ကိုဗစ်ကာလအတွင်းမှာကျင်းပရမယ့် ရွေးကောက်ပွဲ ဖြစ်ပါတယ်။ အဲ့လိုဖြစ်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေကို ထိတွေ့ရတဲ့အပိုင်းမှာ အများကြီး အခက်ခဲဖြစ်တယ်။ ကွင်းဆင်းပြီးကြည့်ရတဲ့အပိုင်းတွေမှာလည်း ကျန်းမာရေးဌာနရဲ့ ကန့်သတ်ချက်အရ လူ (၅၀) ထက်မပိုရ ဒါတွေကအစ အခက်အခဲရှိနေတယ်။ ပေးချင်တဲ့ Message တွေကို သူ့တို့ဆီကိုရောက်သွားဖို့ဆိုတာကလည်း အခက်ခဲရှိနပါတယ်။ ရွေးချယ်မှုမှန်ကန်စွာနဲ့ ရွေးချယ်နိုင်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ဆိုလိုတာ နောက် (၅)နှစ်မှာ ဘယ်သူ့တွေဦးဆောင်ရင်ကောင်းမလဲဆိုတာကို ပြည်သူတွေက နှိုင်းယှဉ်စဉ်းစား ချင့်ချိန်နိုင်ဖို့လိုအပ် ပါတယ်။ ဆိုလိုတာကတစ်ဦးတစ်ယောက်ပေါ် အဖွဲ့အစည်းတစ်ခုအပေါ်အစွဲလမ်းရှိပြီး အဲဒီစိတ်နဲ့ပဲ မျက်စိမှိတ်ပြီးသွားမယ့်အစား ကျွန်တော်တို့ ဒီအဖွဲ့အစည်း ဒီမူဝါဒအကောင်ထည်ဖော်မယ့်ပုဂ္ဂိုလ် တွေရဲ့အခြေနေတွေ ဒါတွေအားလုံးကို လေ့လာစွာသုံးသပ်ပြီးတော့ မှန်ကန်စွာရွေးချယ်နိုင်ပါစေလို့ကျွန်တော်တို့ အနေနဲ့ ဆုတောင်းပါတယ်။ ရွေးကောက်ပွဲနဲ့ ပက်သတ်ပြီးတော့ ပြည်သူတွေကလည်းစိတ်ဝင်စားမှု ကျဆင်းနေတာထက်စာရင် နိုင်ငံရဲ့ ကံကြမ္မာအပြောင်းလဲတစ်ခုက အရေးကြီးတာဖြစ်တဲ့အတွက် နိုဝင်ဘာ (၈)ရက်နေ့မှာတော့မဲရုံကို မပျက်မကွက်မကွက်နဲ့ ရောက်အောင်သွားပြီးတော့မှန်ကန်စွာနဲ့ ရွေးချယ်ပေးကြဖို့ တိုက်တွန်းချင်ပါတယ်။

ဒေါက်တာကြင်စွမ်

မွန်ညီညွတ်ရေးပါတီ (MUP)

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄)

သဘာဝအရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲတဲ့အခါမှာ မျှတပြီးတော့ စံနှုန်းကောင်းတဲ့ ထုတ် လုပ်နည်းစနစ်တွေ Legal ကျကျလုပ်နိုင်တဲ့ Instrument တွေသုံးနိုင်ဖို့ရာ တွန်းအားပေးဖို့ စိတ်ကူးထားတယ်။ အခုဆိုရင်ရာသီဥတုနဲ့ ပတ်သက်ပြီးတော့ စိန်ခေါ်မှုတွေ အများကြီးရှိလာပြီ Climate Change နဲ့ပက်သတ်ပြီးတော့ Effect တွေလည်း အများကြီး တွေလာရတဲ့အတွက်ကြောင့် စိုက်ပျိုးသူ တွေအားလုံးကို သီးနှံအာမခံစနစ်တစ်ခု ပေါ်ပေါက် စေချင်တယ်။ အဲ့ဒါကြောင့်မို့ အသေးစား ကုန်ထုတ်လုပ်ငန်းတွေကို အားပေးဖို့နဲ့ အသေးစား ကုန်ထုတ်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ကူညီမှုမျိုးတွေ ထောက်ပံ့မှုမျိုးတွေကို တွန်းအားပေးရမယ်။ သုတေသနက ကျွန်မတို့နိုင်ငံမှာ အားနည်းနေ တယ်။ အထူးသဖြင့် ဒေသခံသုသေတနတွေကို မွေးထုတ်ဖို့ရာ လိုအပ်တဲ့အချက်အလက်တွေကို တွန်းအားပေး စိတ်ကူးထားတယ်။အဓိက ဆရာမ လေ့လာထားချက်အရ ကြီးထွားလာတဲ့ မြို့ပြဆိုဒ်တွေနဲ့ မြို့ပြထဲမှာ ဝန်ဆောင်မှုပေးတဲ့ စနစ်ကမျှတမှုမရှိဘူး Balance မဖြစ်ဘူး။ ကိုယ့်မွန်ပြည် အတွက် ဥပမာပေးရမယ်ဆိုရင် မြို့ပြစနစ်ကိုကြည့်ရမယ် ကျေးရွာတော်တော်များများက မြို့ပြစနစ်ကို တက်လှမ်းနေတဲ့ Process ကိုတွေ့ရတယ်။ ဒါပေမယ့်သူတို့က ကျေးလက်စနစ်နဲ့ပဲ နေနေရတယ်ဆိုတော့ ဖွံ့ဖြိုးတိုးတက်ဖို့ရာ အနှောင့်အယှက်တစ်ခုဖြစ်တယ်။ Common Sense နဲ့ပဲကြည့်လိုက်ရင် အရမ်းသိသာမြင်သာနေတဲ့ ဆိုးရွားတဲ့အချက်တွေ တွေ့ရတယ်။ ဥပမာ လူနေထူထပ်တဲ့ မြို့ပြနားမှာ ခနောက်စိမ်းစက်ရုံ တည်ထောင်တာမျိုးတွေဟာ နောင်ရေရှည် ကျန်းမာရေး အတွက် ဘယ်လိုမှ အဆင်မပြေနိုင်ဘူး ဆိုတာက သိသာနေတဲ့အချက် တစ်ချက်ဖြစ်တယ်။ မသုံးစွဲခင်မှာ ဘယ်လိုအနေထား ထားရမလဲ မြို့ပြလူနေမှုနဲ့ ဘယ်နှမိုင်ကွာဝေးရမလဲ ကြိုတင်တွက်ဆတဲ့ သုတေသန မျိုးရှိရမယ်။ အဲ့ဒါတွေက မေးမိုန်နေတာရှိသလို ဆောင်ရွက်မှုမှာ လစ်ဟာကျန်နေခဲ့တာလည်းရှိတယ်။ အကြံပြုရမယ် နောက်ထုတ်ယူသုံးစွဲတဲ့အခါမှာလည်း မွန်ပြည်နယ် အနေနဲ့ကြည့်ရင် ဧရိယာကျဉ်းပြီးတော့ လူနေထူထပ်တယ်။ မွန်ပြည်နယ်ကမြေယာတွေဆိုလို့ရှိရင် တော်တော်များများ အသုံးပြုပြီးသား မြေတွေအများစုဖြစ်တယ်။ သူကမြေကြီးတွေအားလုံးက အပြည့်အသုံးပြုပြီးသား ဖြစ်နေတဲ့ နေရာတစ်ခုမှာ သဘာဝအရင်းမြစ်ကို တူးဖော်ထုတ်လုပ်မယ်ဆိုရင် စနစ်အမှန်ကန်ကောင်းဖို့လို တယ်။ အဲ့ဒါကို ဘယ်လိုပြုပြင်ရမလဲ ဘယ်လိုအကြံပြုရမလဲဆိုတာကိုတော့ စိတ်ကူးထားပါတယ်။

ဦးမျိုးမင်းအောင်

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP)

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄)

ကျွန်တော်လုပ်ဆောင်မယ့် မျှော်မှန်းချက်တွေအနေနဲ့ ရွေးကောက်တင်မြှောက်ခံမယ်ဆိုရင် ကျွန်တော်တို့မှာ ရှိနေတဲ့ အလုပ်အကိုင်အခွင့်လမ်းတွေ စီးပွားရေးနဲ့ဆိုင်တဲ့ ဈေးကွက်ဖန်တီးမှုတွေ၊ ဒေသခံတိုင်းရင်းသားတွေရဲ့ ဆန္ဒကို အကောင်ထည်ဖော်မှုတွေ၊ ကျန်းမာရေး စောင့်ရှောက်မှုတွေကို အဓိကပြောင်းလဲချင်တယ်။ ပြောင်းလဲပေးနိုင်မယ်လို့လည်း ကတိကဝတ်ပြုချင်တယ်။ အဓိကအချက် က ကျွန်တော်တို့ ဝင်ပြိုင်တယ် အမတ်လောင်းရွေးချယ်တယ်ဆိုတာ ပြည်နယ်တိုးတက်ဖို့၊ နေထိုင်တဲ့ ဒေသတိုးတက်ဖို့ ဒါကပထမဆုံးခြေလှမ်းပေါ့နော်။ လုပ်နိုင်တာက ဒီဒေသမှာကြီးတဲ့အတွက် ဒေသအကြောင်းကောင်းကောင်းသိတယ်။ ကောင်းကောင်းမသိတဲ့သူတွေဆိုရင်လည်း သိအောင် အောက်ခြေထိကို ဆင်းရမယ်။ အခုယှဉ်ပြိုင်မှာက ရပ်ကွက်ကျေးရွာ (၂၂) ရွာရှိတယ်။ (၂၂) ရွာမှာ ကိုယ်စားလှယ်လောင်းတွေက မဲပေးယှဉ်ရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေကို မဲပေးကြမယ်ဆိုရင် ကိုယ်စားလှယ်လောင်းရဲ့ တာဝန်က ကိုယ်ရရှိတဲ့မဲရုံတွေ မဲဆန္ဒနယ်တွေကို ပြန်လည်ကြည့်ဖို့လိုတယ်။ ဒီရပ်ကွက်တွေ ဒီမြို့နယ်တွေ မဲပေးခဲ့ကြတဲ့သူတွေရဲ့ ခံစားမှုတွေ၊ စီးပွားရေးတွေ အခြေအနေ ကောင်းရဲ့လား ပြန်ကြည့်ဖို့လိုတယ်။ ကျွန်တော်တို့ရဲ့ သင်ခန်းစာအရ တာဝန်ခံပေးဖို့လိုတယ်။ ကျွန်တော် ယှဉ်ပြိုင်မဲ့ပြည်နယ်၊ မြို့နယ်မှာရှိတဲ့ ကျေးရွာ၊ ရပ်ကွက်အပြင်ကို ကျန်တဲ့ရပ်ကွက်၊ ကျေးရွာတွေကိုလည်း ပြန်ကြည့်ဖို့လိုတယ်။ ပြည်နယ်တိုးတက်ဖို့က မြို့နယ်တိုင်း မြို့နယ်တိုင်းကို လေ့လာဖို့လိုတယ်။ ပြည်သူတွေ လိုအပ်တဲ့ဟာကိုလည်း တာဝန်ခံပြီး တင်ပြဖို့လိုတယ်။ ဆွေးနွေးပေးဖို့လိုတယ်။ ကျွန်တော်ဘာကြောင့် ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီကနေ ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွေးချယ်ခံတာတစ်ခုက ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ စဉ်းစားတဲ့ နိုင်ငံရေးထဲမှာ နိုင်ငံသား၊ နိုင်ငံရေးဆိုတာရှိတယ်။ အပြင်ကနေ စောင့်ကြည့်တယ်၊ ထောက်ပြတယ်၊ ဝေဖန်တယ်၊ အပြုသဘောဆောင်ပြီးတော့ လုပ်ဆောင်တယ်။ နေရာရခဲ့မယ်ဆိုရင် ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသကို ဘယ်လိုတိုးတက်အောင်လုပ်မလဲ။ ကျွန်တော် ဆိုရင် နိုင်ငံသား၊ နိုင်ငံရေးကနေ အာဏာရနိုင်ငံရေးထဲကို ကူးပြောင်းလာတာပါ။ ကျွန်တော်ရဲ့ ဆောင်ပုဒ် တစ်ခုကတော့ "အရောင်မတူတိုင်း ရန်သူမဟုတ်ပါဘူး လားရာတူရင်တော့ လမ်းမှာဆုံမယ်" ဒီစကားပုံကိုသဘောကျတယ် ကျွန်တော်ပေးချင်တဲ့ မက်ဆေ့ချ်ပါ။ အဲ့ဒီမှာ လားရာတူရင် လမ်းမှာဆုံမယ် ဆိုတာက ကိုယ်နေထိုင် မွေးဖွားရာ ကြီးပြင်းလာတဲ့ ဒီမြို့၊ ဒီတိုင်းပြည် တိုးတက်ရာတိုးတက်ကြောင်း ကောင်း ကျိုးတွေဆောင်မဲ့သူတွေအနေနဲ့ ဆုံကြမှာပါ။

သံဖြူဇရပ်မြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဦးညာဏ်ဟိန်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

ဒေါ်အောင်ဆန်းစုကြည် ပြောတာက ဒီမိုကရေစီ ခိုင်မာဖို့အတွက် (၅)နှစ်လောက်တော့ အချိန် လိုသေးတယ်၊ မနားလိုက်ကြပါနဲ့တဲ့။ ပွင့်ပွင့်လင်းလင်းပြောရင် နောက်လူတွေကို နေရာပေးဖို့တောင် ကြံထား သေးတယ်။ ကိုယ်လည်းပဲ ကျွမ်းကျင်ခဲ့တာ ပြည်သူ့လွှတ်တော် (၅)နှစ်သက်တမ်းမှာ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်ရဲ့ တာဝန်လုပ်ပိုင် ခွင့်က ဘာလဲဆိုတဲ့ဟာမျိုးတွေကို နားလည်လာတဲ့ အခါမှာ ကိုယ်ကျွမ်းကျင်တဲ့ field ပေါ့ ကိုယ်ကျွမ်းကျင်တဲ့ နယ်ပယ်မှာပဲ ပြန်ပြီးတော့ အရွေးခံဖို့အတွက်ကို ကြိုးစားလိုက်တာပေါ့။ နောက်ဒီလိပ်ခဲတင်းလင်း ကျန်ခဲ့တဲ့ဟာတွေရှိတယ်။ ဒီ(၅)နှစ်သက်တမ်းမှာ တစ်သုတ် ရပြီးတော့ လုပ်ခဲ့ရတော့ မပြီးသေးဘူး။ နောက်ထပ်ရည်မှန်းချက်ထားထားတဲ့ အတိုင်းအတာထိရောက်အောင် လုပ်စရာတွေ ကျန်သေးတယ်။ ဦးညာဏ်တို့က လက်ရှိတိုင်းပြည်အနေထားက ဒေသဖွံ့ဖြိုးရေးတစ်ခုထဲကိုပဲ ဇောက်ချလုပ်ကိုင်လို့မရဘူး။ ဒီမိုကရေစီရေးလည်းပါရမယ်။ အထူးသဖြင့်တော့ ဘာတွေလိုနေတာ တွေ့ရလဲ ဆိုရင်တော့ ပထမ(၅)နှစ်တာကာလမှာ ဒေသဖွံ့ဖြိုးရေးကတော့ အများကြီးပြောင်းပါတယ်။ ဒုတိယ(၅)နှစ် သက်တမ်းမှာဘာကို ရည်ရွယ်ထားလည်းဆိုတော့ ပထမ(၅)နှစ်သက်တမ်းက ဒေသဖွံ့ဖြိုးရေးဆက်လုပ်ဖို့ လိုနေတာ တွေ့ရတယ်။ ဒုတိယက အစိုးရရုံးဌာနနဲ့ ပြည်သူတွေရဲ့ ဆက်ဆံရေးမှာ ပြောင်းလဲဖို့လိုနေတာတွေ များစွာရှိပြီးသား။ လာမဲ့ဒုတိယသက်တမ်းမှာ အစိုးရရုံးဌာနနဲ့ ပြည်သူတွေရဲ့ ဆက်ဆံရေးတွေ ဒီထက်ပိုပြီး ချောမွေ့မြန်ဆန်အောင် လုပ်စရာတွေရှိတယ်။ ပါတီအနေနဲ့ ကတိကဝတ်တွေ ပေးကောင်းပေးမယ် ကိုယ်စားလှယ်အနေနဲ့ကတော့ ဆိုလိုချင်တာက ဒီမှာအလုပ်ရုံ၊ စက်ရုံကြီးတွေကို ပေါ်စေရမယ်၊ ကိုယ့်လွှတ်တော်ကိုယ်စားလှယ်လုပ်ပိုင်ခွင့်က ဘယ်လောက်လဲဆိုတာ နားလည်ရမယ်လေ။ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံကလည်း နိုင်ငံတကာနဲ့ တူချင်မှတူမယ်။ ဒါပေမဲ့ ဦးညာဏ်တို့ ကိုယ်စားလှယ်သက်တမ်း တစ်လျှောက်လုံးမှာ နိုင်ငံတကာကနေ ကိုယ်စားလှယ်တွေလာပြီး sharing လုပ်နေတာတွေ ရှိတယ်။ သူ့နိုင်ငံမှာတော့ ဘယ်လိုကျင့်သုံးနေလဲဆိုတာ။ နမူနာအနေနဲ့ ပြောရမယ်ဆိုရင် ကြယ်ပွင့်ပြမေးခွန်းလိုမျိုး မေးခွန်းတင်ပြီးရင်ရပြီး လွှတ်တော်ဆိုင်ရာ ဥပဒေအရဆိုရင် နိုင်ငံတကာမှာတော့ အဲ့လိုမဟုတ်ဘူး ပြည်သူကြားထဲကို လိုက်ရှင်းပြလို့ရတဲ့ နိုင်ငံရှိတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံမတူကြဘူး။ ကိုယ့်နိုင်ငံနဲ့ကိုက်တဲ့ လမ်းကြောင်းတွေသွားရမှာ အဲ့လိုမသိပဲနဲ့ ပြည်သူကိုမပြောဘူး အကောင်းဆုံးကတော့ အလုပ်နဲ့ သက်သေပြတာပဲ။

ဦးစိုးနိုင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲမှာ တရားသောနည်းဖြင့် ယှဉ်ပြိုင်ပြီးတော့အနိုင်ရခဲ့လို့ရှိရင် (၁၉၉၀)တုန်းက ကျွန်တော်တို့မြို့နယ်တစ်ခုကာ စီးပွားအင်မတန်ဖွံ့ဖြိုးတိုးတက်တယ်။ ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းဆိုပြီတော့ ရေကြောင်းကုန်သွယ်ရေး လုပ်ခဲ့ကြတယ်။ အဲ့ဒါလုပ်တဲ့အချိန်မှာ မြို့သူမြို့သား တွေက စီးပွားရေးဖူလုံကြတယ်၊ ပွဲလမ်းသဘင်တွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ သွားလာကြတယ်။ အခုဆိုရင် ကျွန်တော်တို့မြို့နယ်က ရာဘာကထွက်တယ် ဈေးကအဆမတန် နိမ့်ကျနေတယ်။ ရာဘာဈေးကို ပြန်လည်တိုးမြင့်ရနိုင်ဖို့ ရေကြောင်းကုန်သွယ်ရေးကို ဆောင်ရွက်မယ်။ အဲ့လိုဆိုရင်နိုင်ငံခြားနဲ့ အဓိကအားဖြင့်မလေးရှားပေါ့ ကုန်းလမ်းဆိုရင် ဘုရားသုံးဆူဘက်ပေါ့ နိုင်ငံခြားကနေ အိမ်ဆောက် ပစ္စည်းတွေ လျှပ်စစ်ပစ္စည်းတွေ မျိုးစုံပေါ့ ဈေးပေါစွာနဲ့ ပြန်ရောက်လာနိုင်မယ်ဆိုရင် ကျွန်တော်တို့ ကုန်းလမ်းဆိုရင်လည်း တရားဝင်ကုန်သွယ်မှုရရှိအောင် လုပ်ဆောင်မယ်။ ပြည်ထောင်စုအစိုးရကို တင်ပြပြီးတော့ နည်းမျိုးစုံနဲ့ တရားဝင်အောင် ဆောင်ရွက်မယ်။ ဆောင်ရွက်ပြီးတော့ (၁၉၉၀) တုန်းကလို မြို့နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမျိုး ပြန်ရအောင် နောက်တစ်ခုက စားဝတ်နေရေး ဒီလိုကိုဗစ် ဖြစ်ပျက်နေတဲ့ကာလမှာ လူတွေအားလုံး Lockdown ချပြီးတော့ မြို့နယ်မှာဆိုရင် Positive ဖြစ်တဲ့သူ (၁၄)ယောက်ရှိပြီး Lockdown ချထားတာ (၂) နေရာရှိတယ်။ ကျွန်တော်တို့ မဲဆွယ်စည်းရုံးတဲ့ အခါမှာလည်း အင်အားသုံးပြီးတော့ ဆောင်းဘောက်တွေနဲ့ ကျွန်တော်တို့မလုပ်ဘူး။ ညင်သာစွာနဲ့ လူဦးရေနည်းနည်းနဲ့ပဲ ငြိမ်းအောင် ကျွန်တော်တို့လုပ်တယ်။ ပြည်သူတွေရဲ့ အမုန်းပွားမှုကို ကျွန်တော်တို့ မလိုလားဘူး။ ညင်သာစွာနဲ့ပဲ ကျွန်တော်တို့ ဆောင်ရွက်သွားမယ်။ နောက်ပြီး ရေကြောင်းကုန်သွယ်မှု ကိုလည်း ပြည်ထောင်စုအစိုးရကို တင်ပြပြီး ကျွန်တော်တို့ ဆောင်ရွက်နိုင်မယ်ဆိုရင် ရာဘာ ထွက်ကုန်လည်း ပို့လို့ရမယ်။ နောက်ပြီးတော့ ပြည်ပကနေ အိမ်ဆောက်ပစ္စည်း လျှပ်စစ်ပစ္စည်းမျိုးစုံပေါ့ ဒီလုပ်ငန်းပြန်လည် တရားဝင် တည်ထောင်နိုင်မယ်ဆိုရင် ကျွန်တော်တို့မြို့နယ်အနေနဲ့ ၁၉၉၀ တုန်းကလိုမျိုး မြို့ရဲ့စီးပွားရေး တိုးတက်လာမယ်လို့ ကတိပေးတယ်။ ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်မှာလည်း လူတစ်ယောက်ရဲ့ဝင်ငွေ အနိမ့်ဆုံးကို ရအောင်ဆောင်ရွက်ပေးမယ်။ ဝန်ထမ်းတွေရဲ့ ပြင်ပအကြွေးမြီး(၈)သိန်း (၈)သောင်းလောက်ရှိတယ်၊ အဲ့ဒါကို ကျွန်တော်တို့ ပါတီအနိုင်ရခဲ့လို့ရှိရင် တစ်နှစ်အတွင်း လျှော့ကျအောင် လုပ်ပေးမယ်။ စားဝတ်နေရေးပြေလည်အောင် အေးအေးချမ်းချမ်း နေနိုင်အောင် ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်တို့ပါတီခေါင်းဆောင်က ကတိပေးထားတာ ရှိတယ်။ ဒါကိုလည်း ကျွန်တော်တို့က ဖြစ်အောင် လုပ်ပေးမှာပါ။

နိုင်မင်းလတ်

မွန်ညီညွတ်ရေးပါတီ (MUP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

ဘာဖြစ်လို့ နိုင်ငံရေးဝင်လုပ်လဲ၊ ဘာဖြစ်လို့ လွှတ်တော်ကိုယ်စားလှယ် ဝင်အရွေးခံလဲ ဖြစ်ရင်ကော ဘာလုပ်မှာလဲ။ ပြောရရင် လုပ်စရာ(၂)ခုရှိတယ်၊ ပထမတစ်ခုကတော့ လူတိုင်းလက်ခံနိုင်တဲ့ နိုင်ငံရေး အခင်းအကျင်းဖြစ်အောင် လုပ်ဆောင်ဖို့ပေါ့။ ဒုတိယက ဘာလဲဆိုတော့ ဒီ(၂၀၀၈) အခင်းအကျင်းအောက်မှာပဲ လုပ်နိုင်တာတွေ အများကြီးရှိတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဇယား(၂)မှာပါတဲ့ဟာတွေကို လုပ်လို့ရတယ်။ အစိုးရအဖွဲ့ထဲ ရောက်ခဲ့မယ်ဆိုရင် ပြည်ထောင်စုအစိုးရနဲ့ ဆက်စပ်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ အလိုက် လုပ်လို့ရတာတွေ အများကြီးရှိတယ်။ ဘာတွေလုပ်မလဲလို့ ပြောလို့ရှိရင် နံပါတ် (၁) အနေနဲ့ စီးပွားရေး ကဏ္ဍာပေါ့။ မွန်ပြည်နယ်ရဲ့ စီးပွားရေးအရ အထိနာလာတာ (၁၀)နှစ်ကျော် ရှိပြီး။ မွန်ပြည်နယ်စီးပွားရေးလို့ ပြောတဲ့အခါကျရင် ရာဘာစီးပွားရေးပေါ့၊ ရာဘာ စီးပွားရေးဟာလည်း အထိနာလာတာကြာပြီး။ ပြန်ပြီးနလန် ထူ နိုင်ဖို့လိုတာပေါ့၊ ဒီရာဘာစီးပွားရေးကဆိုလို့ရှိရင် ပြန်လည်တွန်းတင်ဖို့က သက်သက်၊ ပြည်နယ်ရဲ့ စီးပွားရေးတစ်ခုလုံးကို ပြန်တွန်းတင်ဖို့က သက်သက်ပေါ့။ ကျန်တဲ့ စီးပွားရေး ကဏ္ဍာတွေလည်းပါမယ်။ အဲ့ဒီစီးပွားရေးကို လုပ်တဲ့အခါကျရင် လူမှုစီးပွားဘဝနဲ့ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ပြီးတော့မှ မူဝါဒတွေ ပေါ်ထွက်လာအောင် လုပ်သွားမယ်။ မူဝါဒတွေပေါ်ထွက်လာရင် အဲ့ဒါနဲ့အညီ လုပ်သွားမှာပေါ့။ အထူးသဖြင့်တော့ စီးပွားရေးပတ်ဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့ ဒေသန္တရကို အခြေပြုတဲ့ စီးပွားရေးပုံစံ အသစ်မျိုးလေး ပြန်ချနိုင်ဖို့ပေါ့ အဲ့ဒါလေးတွေကို နဲနဲဖိပြီး တွန်းပြီးလုပ်သွားမယ်လို့ စဉ်းစားတာပေါ့။ နောက်တစ်ချက် ကျွန်တော့်အနေနဲ့ အားစိုက်ချင်တာက စည်ပင်သာယာရေးပေါ့။ ဘာလို့လဲဆိုရင်တော့ စည်ပင်သာယာရေးကော်မတီမှာ (၅)နှစ် လုပ်ခဲ့တဲ့အခါကျတော့ အတွေ့အကြုံတွေလည်းရှိတယ်။ ကျွန်တော်ဖြစ်ချင်တာက ဒေသန္တရ အစိုးရပေါ့။ ဆိုလိုတာက ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို သွားမဲ့အခါကျရင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရဲ့ အခင်းအကျင်းက အစိုးရက တစ်ခုထက်ပိုတာရှိမယ်၊ နောက်ပြီးတော့ ဗဟိုအစိုးရပေါ့။ Sub National Level Government လို့ခေါ်တဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရတွေရှိမယ်။ နောက်တစ်ဆင့်က Local Government တွေပေါ်လာဖို့ ရှိတာပေါ့။ (၂၀၀၈) အခင်းအကျင်းအောက်မှာဆိုရင် ဒေသန္တရအစိုးရကို ဖော်ဆောင်ဖို့ အခက်ခဲတွေရှိမယ်။ (၂၀၀၈)အခင်းအကျင်းကို ပြင်လို့ရမယ်ဆိုရင် ဒါကိုပိုကောင်းအောင် လုပ်သွားမယ်။ ပြင်လို့မရဘူးဆိုရင်လည်း ဒေသန္တရအစိုးရနီးပါးလောက် လုပ်နိုင်မဲ့ စည်ပင်သာယာရေး ကဏ္ဍာကို တိုးမြှင့်ပြီး လုပ်သွားမှာပေါ့။ ဆိုလိုတာက အရပ်ဘက်က ရွေးကောက်တင်မြှောက်ပြီးတော့ ကိုယ့်ဘာသာ ရပ်တည်ပြီးတော့မှ စီမံအုပ်ချုပ်နိုင်တဲ့ Independent Governing Body တစ်ခုလိုဖြစ်လာဖို့ပေါ့ အဲ့ဒါတွေလုပ်သွားဖို့ရှိတယ်။

နိုင်သိန်းအောင်

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

ဒီနေ့ကျွန်တော်တို့ပါတီ ရည်မှန်းချက်ကလည်း ဖက်ဒရယ်ဒီမိုကရေစီပဲသွားတာ။ (၂၀၀၈) ဖွဲ့စည်းပုံ မှာလည်း ဖက်ဒရယ်ဒီမိုကရေစီပဲသွားတာ။ အကယ်၍ ကျွန်တော်တို့နိုင်မယ်ဆိုရင် ကျွန်တော်တို့ပါတီက မူဝါဒက ချမှတ်ပြီးသားပဲ။ မဖွံ့ဖြိုးသေးတဲ့ဒေသတွေ ဖွံ့ဖြိုးလာအောင် ကျွန်တော်တို့မှာ လုပ်ရမဲ့တာဝန်ရှိတယ်။ (၂၀၀၈) အခြေခံဥပဒေမှာ ရုံးသုံးစာသည် မြန်မာစာဖြစ်ရမယ်။

ဘာဖြစ်လို့ မြန်မာစာဖြစ်လည်းဆိုတော့ ကျောင်းတွေမှာ မြန်မာစာပဲသင်တယ်။ နိုင်ငံတော်သည် နိုင်ငံသားများ တိုင်းရင်းသား ဘာသာစကားများ၊ စာပေ၊ ယဉ်ကျေးမှု အနုပညာ ဖွံ့ဖြိုးတိုးတက်အောင် အစိုးရကနေ တာဝန်ရှိတယ်။ အဲ့ဒါတွေကို ကျွန်တော်တို့က ဘယ်လိုလုပ်မလဲဆိုတော့ ကျောင်းတွေမှာ စာသင်တဲ့ဆရာမတွေကို သုံးသောင်းပေးမယ်။ အဲ့ဒီသုံးသောင်းနဲ့ ဆိုရင် လူပျိုအပျိုဆိုရင် အပျော်တမ်းသွားသင်လို့ရတယ်။ အိမ်ထောင်သည်ဆိုရင်တော့ အဆင်မပြေဘူး။ သူတို့လည်းပညာက သင်ခါစသဘောပေါက်တာနဲ့ရပြီး။ အဲ့ဒါပဲ ကျွန်တော်တို့ တိုင်းရင်းသားစာက ဖွံ့ဖြိုးတိုးတက်ဖို့ မရှိတော့ဘူး။ အဲ့ဒါကြောင့်တိုင်းရင်းသားဘာသာစကား သင်တဲ့ဆရာမတွေကို တစ်ခြားနည်းတူ လစာပေးဖို့လိုအပ်တယ်။ ပင်စင်လည်းတူတူ ဝန်ထမ်းဖြစ်ရမယ်။ သူ့ရဲ့ပညာကတော့ ဥပမာ - ဘွဲ့ရရမယ် တိုင်းရင်းသားဘာသာစကားနဲ့ စာတတ်ရမယ်။ အဲ့ဒီမှာ သူတို့ကို လျှောက်တဲ့နေရာမှာ ဦးစားပေးလုပ်မယ်ဆိုရင် လစာလည်း တန်းတူပေးလိုက်မယ်ဆိုရင် သူတို့လည်း ကြိုးစားမယ်ဆိုရင် တိုင်းရင်းသားဘာသာစကားက တိုးတက်လာမယ်။ ကျွန်တော်ကတော့ မဖြစ်ဖြစ်အောင် ကြိုးစားပေးမယ်။ ကျွန်တော်ပြောတဲ့စကားသည် ဥပဒေနဲ့ မကိုက်တာ တစ်ခုမှမပါဘူး။ နောက်တော့လုပ်မရတာကိုလည်း ဝန်ခံချက်မပေးဘူး။ နောက်တော့ တောရွာတွေ တစ်ချို့စာသင်ကျောင်းတွေဆိုရင် ကိုယ်ထူကိုယ်ထပဲ။ အဲ့ဒါတွေကို အစိုးရစာသင်ကြောင်းဖြစ်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ နောက်တော့ ဆေးပေးခန်း၊ လမ်းတံတား အစုံပေါ့ ဖွံ့ဖြိုးတဲ့ဒေသတွေကိုရောက်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ ဒါတွေက လွှတ်တော်ကိုယ်စားလှယ်တွေလုပ် တင်ပြမှရတာ အောက်ခြေက တင်ပြလို့မရဘူး။

ရေးမြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဦးမျိုးဝင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

ကျွန်တော် (၂၀၂၀)ရွေးကောက်ပွဲကို ဝင်ပြိုင်တဲ့ အဓိကအကြောင်းအရင်းပေါ့နော်။ ကျွန်တော်က NLD ထဲကို ဝင်လာကတည်းကိုက စနစ်တစ်ခုကို ပြောင်းဖို့ပေါ့နော်။ နောက်ပြီး ပြီးခဲ့တဲ့သက်တမ်းမှာ ကျွန်တော်တို့က အခြေခံဥပဒေနဲ့ ပြင်ဆင်တာရှိတယ်။ ဒါပေမယ့် အထမမြောက်ခဲ့ဘူးဆိုတာ အားလုံးအသိပဲဖြစ်တယ်။ ကျွန်တော်တို့က ဘယ်ထိကိုညှိနိုင်းလဲဆိုရင် နောက်လာမည့် (၂၀၃၅)လောက်ထိ တပ်မတော်က လွှတ်တော်ထဲမှာ ဝင်ပြီးထိုင်ခွင့်ပေးထားတယ်။ နောက်ဆက်ထိုင်ချင်တယ်ဆိုရင် (၅)% နဲ့ ကြိုက်သလောက် သက်တမ်း ဆက်ထိုင်ခွင့် ပေးထားတာတောင် ကျွန်တော်တို့က Negotiate လုပ်လို့မရဘူး။ ဒီအခြေအနေကြီး တစ်ရပ် ဒါတွေကို ကျွန်တော်တို့က ဆက်သွားရတယ်။ ဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလို Change တစ်ခုကို လုပ်နိုင်မယ့် အရည်အချင်းရှိတဲ့ ခေါင်းဆောင်ကို ကြည့်လိုက်တဲ့အခါမှာ လက်ရှိအနေအထားမှာ အခိုင်အမာဆုံးနဲ့ အားအကောင်းဆုံး လူထုအထောက်ခံဆုံး နိုင်ငံတကာယုံကြည်မှု အရဆုံးဆိုတာ ဒေါ်အောင်ဆန်းစုကြည်ကလွဲပြီး ဘယ်သူမှမရှိဘူး။ ဒါကြောင့် အခုဆိုလို့ရှိရင် သူ့အသက် (၇၅)ကျော်ခဲ့ပြီ။ သူနောက်တစ်သက်တမ်းဆိုရင် သူ(၈၀)နှစ် ကျော်ပြီ။ ဒီတော့ ဒီသက်တမ်းမှာ ကျွန်တော်တို့က သွားချင်တဲ့ Process တစ်ခုကို Change လုပ်နိုင်ဖို့အတွက်က သူသာလျှင် ကျွန်တော်တို့အရှေ့က မားမားမတ်မတ်ဦးဆောင်နိုင်တယ်။ ပြီးတော့ NLDက ဖော်ဆောင်ချင်တဲ့ဥစ္စာတွေကို အနောက်ကနေ ပြန်ဆွဲနေတာတွေ၊ သွားတဲ့နေရာမှာ ခလုတ်၊ ကန်သင်းတွေဖြစ်အောင် လုပ်နေတာတွေ အများကြီးရှိတယ်။ အဲ့တော့ ဒီဟာတွေဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့က ဒီ Institution ကြီး ပြောင်းဖို့ဆိုတာ နည်းနည်းလေး ကြန့်ကြာနေတာ။ ဒါကြောင့် ကျွန်တော်က ဒီဟာတွေကို ဆက်ပြောင်းဖို့ရှိတယ်။ နောက်တစ်ခုက ကျွန်တော်တို့ လွှတ်တော်ထဲမှာ တစ်ချို့ဟာတွေ ကျွန်တော် လုပ်ထားတဲ့ ဥစ္စာတွေက တန်းလန်းတွေရှိတယ်။ တန်းလန်းတွေရှိတယ်ဆိုတာ အခုဆိုပါစို့ ဒီ (၂၀၁၂) လယ်ယာမြေ ဥပဒေအရ လုပ်ထားတဲ့ ထုတ်ထားတဲ့ အမိန့်တွေရှိသော်လည်း ဒီလမ်းမှာ သူ့စိတ်ထင်ရာ

အကွက်တွေ ဖော်ရောင်းတယ်။ ခြံတွေခုတ်တယ် အမျိုးမျိုးစည်းကမ်းမဲ့ ဗရမ်းဗတာတွေ ဖြစ်နေတယ်။ အဲဒီအတွက် ကျွန်တော်လွှတ်တော်ထဲမှာ အဆိုတစ်ခုတင်ခဲ့တယ်။ အဲ့အဆိုလည်းအောင်ခဲ့တယ်။ ဒါပေမယ့် ဒီလွှတ်တော်သက်တမ်းအထိက အခုထိနည်းဥပဒေကြီးက မထွက်လာဘူး။ ဒီမြေယာဥပဒေကြီးက ဒီတော့ဒီဟာကို ထွက်လာရင် ပြန်ပြီးတော့ Enforcement လုပ်ဖို့အတွက်က ဒါနောက်သက်တမ်း ကျွန်တော်လုပ်ဖို့ လိုနေသေးတယ်။ နောက်ဒီ National Grave ကြီးက ဒါကျွန်တော် လွှတ်တော်ထဲမှာတောင်းဆိုတယ်။ National Grave ကြီးက ချေးငွေလည်းရပြီ၊ ကုမ္ပဏီလည်းရပြီ၊ ပစ္စည်းလည်း Preferment တွေလည်း လုပ်ပြီးပြီ၊ သို့သော် ဒီ Covid ကြီးက ဖြစ်နေတယ်။ တန်းလန်းကြီးဖြစ်နေတယ်။ ဒီဟာလည်းပဲ ကျွန်တော် မြန်အောင်ဆက်သွားဖို့ လိုသေးတယ်။ ကျွန်တော်ရှိနေရင် ကျွန်တော်လွှတ်တော်ထဲမှာ ဒီအတွက်ကို တွန်းလို့ရတယ်။ ဒီတစ်ခုက East West Corridor ပေါ့ ၊ East West Corridor ဆိုတာက ဒီဗီယက်နမ်ကနေစတဲ့ ဟာကြီးက ကျွန်တော်တို့ဆီ ဖြတ်မယ်၊ ဒါဆရာတို့လည်းကြားမယ်၊ ဟိုတလောကဆိုရင် ဒီကျိုက်ထိုကနေ အမြန်လမ်းနဲ့ သီလဝါဘက်ဖောက်မယ်။ ဒီEast West Corridorရဲ့ အဆုံးပေါ့နော် Destination က ဒီမော်လမြိုင်မှာ ပထမ၊ ဒါပေမယ့် ကျွန်တော်တို့ဘက်ကိုမလာပဲနဲ့ ဒီအခုက ဟိုဘက်ကိုထွက်သွားတယ်ပေါ့ အဓိကကတော့ ကျွန်တော်တို့မှာ ရေနက်ဆိပ်ကမ်းတစ်ခု အဲ့ရေနက်ဆိပ်ကမ်းကို ဒီအစိုးရလက်ထက်မှာ အခုမွန်ပြည်နယ်က အကောင်ထည်ဖော်နေတယ်၊ ဒီနှစ်ကရင် ကုလားဂုတ်မှာရေနက်ဆိပ်ကမ်းတစ်ခုလုပ်ဖို့ ဆိုပြီးတော့ တကယ်လို့ ဒီဟာကြီးသည် အကောင်အထည်ဖော်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီဘက်ကို ချိုးချနိုင်ရင် အဲ့ဒါဆိုလို့ရှိရင် ကျွန်တော်တို့မွန်ပြည်နယ်အတွက် အခွင့်အလမ်းတွေ အများကြီးဖြစ်လာမယ်။ အဲ့တော့ ဒီ Corridorနဲ့ ကျွန်တော်တို့ ဒီကနေသွားမယ့် ကျွန်တော်အခုပြောထားတဲ့ National Grave ကြီးရောက်လာရင် ကျွန်တော်တို့မှာ ငါးပုစွန်အများကြီးထွက်တယ်၊ ဒီဘက်မှာ ဒီကမ်းရိုးတန်းတစ်လျှောက်ရှိတယ်၊ ဒီကဥစ္စာတွေ ဒီမှာအအေးခန်းတွေ ဖွံ့ဖြိုးလာမယ်၊ တကယ်လို့ ဒီမှာ ရေနက်ဆိပ်ကမ်းတွေ ဆိုလို့ရှိရင် ကျွန်တော်တို့အတွက် အင်မတန် အခွင့်အလမ်းကောင်းလာလိမ့်မယ်။ ဒီဟာကို နိုင်ငံတော်အတိုင်ပင်ခံ ကလည်းပြောထားတယ် လွန်ခဲ့တဲ့ (၃)(၄)လ လောက်က မွန်ပြည်နယ်မှာ စီးပွားရေးဇုန် တစ်ခုလုပ်မယ်ဆိုတဲ့ဥစ္စာ၊ အဲ့တော့ ဒီဟာလည်းပဲ လုပ်ဖို့ရှိတယ်၊ အဓိကက ကျွန်တော်တို့မှာ နိမ့်ကျနေတဲ့ အကြောင်းရင်းက ဘာလဲဆိုရင် လျှပ်စစ်မီးပဲ၊ အခုကျွန်တော်တို့မှာ ရာဘာ၊ ရေးသည် မွန်ပြည်နယ်မှာ ရာဘာအထွက်ဆုံး သို့သော် မွန်ပြည်နယ်မှာ ကြည့်ကြည့်လိုက် ရာဘာမှိုင်းခံ စက်ရုံတစ်ရုံမှ မရှိဘူးရေးမှာ၊ ဘာဖြစ်လို့လဲ အဓိက လျှပ်စစ်မီးပဲ၊ လျှပ်စစ်မီး မရှိတဲ့အတွက်ကြောင့် မရှိဘူး၊ အအေးခန်းစက်ရုံတွေလည်းအဲ့လိုပဲ၊ အဲ့တာကြောင့် ကျွန်တော့်မှာ ဆက်လုပ်စရာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ကျွန်တော်ရွေးကောက်ပွဲကို ဆက်ပြီးတော့ ဝင်ပြိုင်ဖြစ်တာပါ။

မင်းအောင်ထူး

မွန်ညီညွတ်ရေးပါတီ (MUP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

တကယ်လို့ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့လို့ ဒေသရဲ့ ကိုယ်စားပြုခွင့်ရခဲ့မယ်ဆိုရင် အဓိကက ကျွန်တော်တို့ ရေးတောင်ပိုင်းဒေသသည် အရင်ကတည်းကလည်းပဲ အပယ်ခံ ဒေသတစ်ခုလို ဖြစ်နေတာမျိုးဟုတ်တယ်။ အဓိကကတော့ ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးတွေက အစပေါ့၊ ဒီ Infrastructureပိုင်းမှာလည်း ကျွန်တော်တို့လိုအပ်ချက်တွေ အများကြီးရှိတယ်၊ ဒါကတော့ ကျွန်တော်ထင် တယ် ဘယ်လွှတ်တော်ကိုယ်စားလှယ်မဆိုပေါ့ ဒီဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ဆိုင်တဲ့ အခြေခံအဆောက်အဦ ကိစ္စကို မဖြစ်မနေ ဒါလုပ်ရမယ့်ကိစ္စ၊ ဒါအခြေခံအကျဆုံး ကိစ္စတစ်ခုလို့ ကျွန်တော်မြင်တယ်၊ ဒီဒေသမှာရှိတဲ့ လူငယ်တွေရဲ့ မူးယစ်ဆေးဝါးကိစ္စတွေ ဒါနဲ့ဆက်စပ်ပြီးတော့မှ တရားဥပဒေစိုးမိုးရေးကိစ္စတွေ ဒါတွေကို ကျွန်တော်တို့ဆက်စပ်ပြီးတော့မှ ကျွန်တော်လုပ်ချင်တဲ့ ဆန္ဒတွေရှိတယ်၊ တစ်ဖက်မှာလည်းစနစ်တစ်ခုပေါ့ ဒါတွေကို ပြောင်းလဲနိုင်အောင် ကျွန်တော်တို့ဒေသနဲ့ သဟဇာတဖြစ်တဲ့ လမ်းကြောင်းတစ်ခုကို ကျွန်တော်အရွှေ့တစ်ခုကို လိုချင်တယ်။ ဥပမာ - ကျွန်တော်တို့ ရေးကနေ မော်လမြိုင်သွားတယ်ဗျာ၊ အဲ့ဒီမှာ ကျွန်တော်တို့ ဘီးခွန်ဆောင်တာတို့ မြို့ဝင်ကြေး ပေးတဲ့ကိစ္စတွေကအစ အဲ့တာမျိုးတွေကို စနစ်တကျနဲ့ တကယ်ကို အဆင့်မှီတဲ့စနစ်တစ်ခုဖြစ်အောင် တွန်းချင်တယ်။ ကျွန်တော်တို့ ဒီဒေသရဲ့ထုတ်ကုန်တွေ ဒေသရဲ့ကုန်ကြမ်းတွေ အဲ့တာတွေကို ကုန်ချောဘယ်လိုထုတ်လုပ်နိုင်မလဲ။ နောက်တစ်ခုက ဒီလိုကုန်ချော မထုတ်နိုင်သေးရင်တောင်မှ ဈေးကွက်ကို ဘယ်လိုရောက်အောင်ပို့မလဲဆိုတဲ့ ဈေးကွက်ချိတ်ဆက်မှုပေါ့နော် အဲ့ဒါတွေကို ကျွန်တော်အနေနဲ့ ပညာရှင်တွေရဲ့ အကူအညီနဲ့ပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာဒေသစီးပွားရေး လုပ်ငန်းရှင်တွေနဲ့ပဲ ဖြစ်ဖြစ်ပေါ့နော် အဲ့မျိုးကို ပူးတွဲပြီးတော့မှ ဒါတွေကို အကောင်အထည်ဖော်ချင်တယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒေသမှာ ရွှေ့ပြောင်းလုပ်သမားတွေ အများကြီးရှိတယ်၊ တစ်ဖက်မှာကျတော့ သူတို့တွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုကိစ္စတွေ အလုပ်ရှင်နဲ့ အလုပ်သမားတွေနဲ့ရော နှစ်ဖက်စလုံးအဆင်ပြေ နိုင်မယ့် အခင်းအကျင်းတစ်ခုကို ဒီဟာတွေကို စဉ်းစားပြီးတော့မှ ကျွန်တော်တို့ဖော်ဆောင်ချင်တယ်ပေါ့နော်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အခု သိနေရတဲ့ ကိစ္စတွေထဲမှာ လုပ်သားတွေဘက်က

ပြန်ကြည့်ရင်လည်း နစ်နာတာမျိုးတွေရှိတယ်၊ တစ်ခါတစ်လေ လုပ်သားတွေကြောင့်လည်း အလုပ်ရှင်တွေ နစ်နာတဲ့ ကိစ္စမျိုးတွေရှိတယ်။ အဲ့တော့ နှစ်ဖက်စလုံးအတွက် တကယ်ကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ဒီလိုလုပ်ငန်း Process မျိုးကို လုပ်ချင်တယ်။ နောက်တစ်ခုကျတော့ ကျွန်တော်တို့ မွန်ညီညွတ်ရေးပါတီအနေနဲ့ပြောရင် အထူးတာဝန်တစ်ခုအနေနဲ့ကတော့ မွန်တိုင်းရင်းသားတွေရဲ့စာပေ၊ ယဉ်ကျေးမှုကိစ္စတွေ ဒီမွန်ပြည်နယ် လွှတ်တော်ရဲ့ ကဏ္ဍမှာ ပြည်နယ်ရဲ့ လုပ်ပိုင်ခွင့်ဘောင်ထဲကနေပြီးတော့မှ ဒီစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အဆင်အလာတွေ တိုးတက်ဖွံ့ဖြိုးလာစေဖို့ လိုအပ်တာတွေကိုလည်း ကျွန်တော်တို့ တစ်နည်းတစ်ဖုံ လုပ်ရမှာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ကြတော့ တစ်ခြားသောပါတီတွေနဲ့ မတူတဲ့အရာသည် အဲ့ဒီဟာပဲပေါ့။ ကျွန်တော်တို့ ဖက်ဒရယ်ပြည်ထောင်စုကို ရည်မှန်းတယ်။ အဲ့တော့ သူ့ပြည်နယ်နဲ့ သူ့ဒေသနဲ့ ကိုက်ညီတဲ့ အခင်းအကျင်းတစ်ခု သူရဲ့ Institutionတွေ ခိုင်မာအောင် တည်ဆောက်ပြီးတော့မှ ကိုယ့်ဒေသကို သေသေချာချာလေး ပြင်ဆင်ပြီးတော့မှ တစ်ချိန်ချိန်မှာ တကယ်ကို အကောင်အထည်ဖော်လာနိုင်တဲ့ ဖက်ဒရယ်ကိုသွားဖို့ ကျွန်တော်တို့ အဲ့ဒီဟာကို အခြေပြုပြီးတော့မှ ကြိုးစားချင်တယ်။ အဲ့ဒီတော့ ပြောချင်တာကတော့ တစ်ဖက်မှာ ဒီသာမန်နိုင်ငံရေးပါတီတွေရဲ့ လုပ်ငန်းဆောင်တာတိုင်း လူထုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိစ္စတွေ လူထုရဲ့နေ့စဉ်ဘဝ ကျင်လည်လှုပ်ရှားနေတဲ့ လုပ်ငန်းဆောင်တာအားလုံး အဆင်ပြေဖို့ စီးပွားရေးဖွံ့ဖြိုးတိုးတတ်ဖို့ဆိုတဲ့ ကဏ္ဍထက် ကျွန်တော်တို့မှာ သီးခြားတာဝန်တစ်ခုအနေနဲ့ တိုင်းရင်းသားတွေရဲ့ ကဏ္ဍပေါ့၊ တိုင်းရင်းသားတွေရဲ့ ကြံအင်လက္ခဏာပေါ့ဗျာ ဒီဟာတွေကို တိုးတက်အောင်လုပ်ရမယ့် သီးသန့်တာဝန်တွေ ကျွန်တော်တို့မှာရှိတယ်။ ဒါကတော့ မြို့နယ်အခင်းအကျင်း အနေနဲ့ ပြောတာပေါ့။ နောက်တစ်ခုက ဘာလဲဆိုတော့ ဒီပြည်နယ် Levelကိုလည်းပဲ ပြန်ကြည့်ရတာမျိုး ရှိတယ်ပေါ့နော်။ ပြည်နယ်အဆင့်မှာ ခုနက ဆက်စပ်ပြီး ပြောနေတဲ့ မူးယစ်ဆေးဝါးကိစ္စတွေ ပြည်နယ်အဆင့် တွေမှာ ဥပဒေပြုပြီးတော့မှ လုပ်လို့ရတဲ့ကိစ္စမျိုးတွေလည်းပဲ ကျွန်တော်တို့မှာ အများကြီးရှိတယ်။ ဒီဇယား(၂)အရ လောလောဆယ်မှာ ပေးထားတဲ့လုပ်ပိုင်ခွင့်ဘောင်ထဲက ဒီသယံဇာတစီမံခန့်ခွဲတဲ့ ကိစ္စကအစ အဲ့တာတွေကိုလည်း တစ်နည်းတစ်ဖုံ ဆက်စပ်ပြီးတော့မှ ပြည်နယ်Level မှာလည်းလုပ်ဖို့ လိုတယ်။ ကျွန်တော်တို့သည်ဘယ်သူနဲ့မှ မနိုင်းဘူး၊ ဘယ်သူ့ကိုမှ အပြစ်မမြင်ဘူး။ ကျွန်တော်တို့တွေသည် တကယ်လို့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရင် လူထုအတွက်ကို အမြဲတမ်းရပ်တည်ပြီးတော့မှ အမြဲတမ်း ရှိနေတယ်ဆိုတာ ကျွန်တော်ဒါ ပထမဆုံးပေးချင်တဲ့ ဂတိတစ်ခုပါ။ နောက်တစ်ခုက ဒီဒေသရဲ့ လိုအပ်ချက်တွေပေါ့။ ဒီဒေသမှာ ကျွန်တော်ခေါင်းထဲမှာစဉ်းစားထားတဲ့ အစီအစဉ်မျိုးမဟုတ်ပဲ သီးသန့် ကျွန်တော်တို့မသိတဲ့ အခက်အခဲရှိရင်လည်း လူထုနဲ့ ညှိနှိုင်းပြောဆိုဆွေးနွေးရင်းနဲ့ လူထုအသံကို နားထောင်ရင်းနဲ့ လူထုအတွက်ကို လုပ်ပေးဖို့ အသင့်ရှိတယ်ဆိုတာ ကျွန်တော်ကတိပေးချင်ပါတယ်။

ဦးအောင်နိုင်ဝင်း

တသီးပုဂ္ဂလ ကိုယ်စားလှယ်

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆)

ကျွန်တော်လုပ်သွားမယ့်အစီအစဉ်တွေထဲမှာ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်တဲ့ နိုင်ငံ့ဝန်ထမ်း ယန္တရားတွေရဲ့ ပြည်သူပေါ်မှာပေးတဲ့ ဝန်ဆောင်မှုတွေ မှန်မှန်ကန်ကန်ဖြစ်အောင် တကယ့်ကို အုပ်ချုပ်ရေးယန္တရား၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်အောင် ဒီပေါ်မှာ ကျွန်တော်အများကြီး ကြိုးစားဆောင်ရွက်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ နောက်တစ်ချက်က မူးယစ်ဆေးဝါးကိစ္စ၊ မူးယစ်ဆေးဝါးကို ကျွန်တော်တို့က ပပျောက်အောင်တိုက်ဖျက်ဖို့ဆိုတာ ဒီယနေ့ခေတ်မှာ ဘယ်လိုမှမဖြစ်နိုင်တဲ့ အနေအထားပါ၊ ဒါပေမယ့် ဒီအထဲမှာမှ ကျွန်တော်တို့ဥပဒေတွေ ရှိပြီးသား၊ ဒီမူးယစ်ဆေးဝါးကို ကာကွယ်ထိန်းသိမ်းမယ့် အဖွဲ့အစည်းတွေ အသင်းအဖွဲ့တွေမှာ လုပ်ထုံးလုပ်နည်းတွေ ဥပဒေတွေ အကုန်ရှိပြီးသား ဒီဥပဒေနဲ့အညီ မှန်မှန်ကန်ကန်တားဆီးနိုင်အောင် မှန်မှန်ကန်ကန်ထိန်းချုပ်နိုင်အောင် ဒီအပိုင်းတွေကို ကျွန်တော်က ဦးစားပေးလုပ်မှာပါ။ ဒါနဲ့တစ်ပြိုင်နက်မှာပဲ ကျွန်တော်က စီးပွားရေးပေါ့လေ၊ စီးပွားရေးဖွံ့ဖြိုးမှုအပိုင်းမှာ ကျွန်တော်တို့ရေးမြို့နယ်မှာက သဘာဝတရားကြီးက ပေးထားတဲ့ အရင်းအမြစ်ကောင်းတွေ အများကြီး ရှိပါတယ်။ ပင်လယ်ကမ်းရိုးတန်းတွေ၊ ပင်လယ် အကျယ်ကြီးတွေ တောတောင်ရေမြေတွေ မြေသယံဇာတတွေ အများကြီးရှိတယ်ဗျ။ ဒီဟာတွေကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မဖြစ်ပဲနဲ့ မိမိဒေသကို ဖွံ့ဖြိုးအောင် လုပ်နိုင်တဲ့ နည်းလမ်းတွေ ကျွန်တော့်မှာ စဉ်းစားထားတာတွေ အများကြီးရှိပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရင် Eco Tourism လိုဟာမျိုးတွေ ပြောမယ်ဆိုရင် အရှည်ကြီးဗျ။ ဒါမျိုးတွေဖြစ်အောင် လုပ်မယ်၊ အောင်မြင်အောင် ကျွန်တော်အကောင်အထည်ဖော်နိုင်အောင်ကြိုးစားမယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ ဒေသထွက်ကုန် ဖြစ်တဲ့ ပင်လယ်သယံဇာတ ငါးဖမ်းလုပ်ငန်းက ငါးသယံဇာတတွေ၊ နောက်ပြီးတော့ ဒေသရဲ့အဓိက စိုက်ပျိုးထုတ်ကုန်ဖြစ်တဲ့ ရာဘာဖြစ်တယ်၊ ရာဘာနဲ့ ပတ်သက်တဲ့ ရာဘာအစေး တွေ၊ ရာဘာသစ်တွေ ထုတ်လုပ်တာတွေနဲ့ ပတ်သက်ပြီးတော့ တန်ဖိုးမြှင့် ထုတ်ကုန်တွေဖြစ်အောင် SMEတွေ ဖွံ့ဖြိုးအောင် ကျွန်တော်လုပ်မယ်။ နောက်တစ်ခုက ဈေးကွက်တွေ ရှာပေးမယ်။ အခုဟာခက်တာက ကျွန်တော်တို့ဒေသရဲ့ ထုတ်ကုန်အားလုံးက တရုတ်နိုင်ငံကို ဗဟိုပြုပြီးတော့မှ သူ့ကိုမှီခိုပြီးတော့မှ Trade လုပ်နေရတာ။ ဒီဟာကြီးကို ကျွန်တော်က ဈေးကွက်ရှာနိုင်တဲ့ အဆင့်ဖြစ်အောင် ကြိုးစားမှာပေါ့။ နောက်ပြီး နည်းပညာအထောက်အပံ့ပေါ့။ နောက်တစ်ခုက SME တွေတည်ထောင်ဖို့အတွက် အရင်းအနှီးအထောက်အပံ့ နည်းပညာအထောက်အပံ့တွေ ဒါမျိုးတွေကို

ဖွံ့ဖြိုးအောင်လုပ်မယ်လို့ ကျွန်တော့်မှာ Plan တွေရှိပါတယ်။ ဒီ Planအတိုင်း ကျွန်တော်သွားမှာ ဖြစ်ပါတယ်။ ဒါနဲ့တစ်ဆက်တည်းမှာ ကျွန်တော်တို့မွန်တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ မွန်တိုင်းရင်းသား တွေက စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းတဲ့အပိုင်းမှာ ပွင့်ပွင့်လင်းလင်းပြောရင် အရမ်းကိုယဉ်ကျေးမှုမြင့်မားတဲ့ လူမျိုးတစ်မျိုး ဖြစ်ပါတယ်။ သူတို့မျိုးချစ်စိတ်နဲ့ ထိန်းသိမ်းလာတာဟာ အခုချိန်မှာဆို ရေးမြို့နယ်မှာ မွန်အမျိုးသားပညာရေးကျောင်းပေါင်း (၇၀)ကျော်ရှိတာ။ ဒီကျောင်းတွေကို ဖွံ့ဖြိုးအောင် ကျွန်တော်လုပ်ပေး ချင်တယ်။ ဖွံ့ဖြိုးအောင်ဆိုတာက ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကလည်း အခုချိန်မှာ နိမ့်ကျတယ်။ နောက်တစ်ခုက လစာစရိတ်တွေလည်း နိုင်ငံတော်က မပေးနိုင်ဘူး။ မပေးပဲနဲ့ Mon National Education Committee (MNEC) လို မွန်အမျိုးသားပညာရေးအဖွဲ့ကနေဘဲ ထောက်ပံ့တဲ့ တစ်လ သုံးသောက်လောက်နဲ့ လုပ်နေရတာတွေ ဒီဟာကို အစိုးရပညာရေးအဆင့်နဲ့ တန်းတူညီမျှဖြစ်အောင် မဖြစ်မနေကြိုးစားဖို့ ဆုံးဖြတ်ထားတာရှိပါတယ်။ ကျွန်တော့်မှာ အစီအစဉ်ကောင်းတွေ ရေးဆွဲထားတာရှိပါတယ်။ နောက်ဆုံးတစ်ခုက ကျွန်တော်ကလည်း အရပ်ဘက်လူမှုအဖွဲ့အစည်းက လာတဲ့သူလည်းဖြစ်သလို၊ သတင်းမီဒီယာသမားလည်း တစ်ပိုင်းဖြစ်နေတော့ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ စတုတ္ထမဏ္ဍိုင်လို့ပြောတဲ့ သတင်းမီဒီယာရဲ့ အခန်းကဏ္ဍ၊ ဒါက တစ်ခြားမဏ္ဍိုင်ကြီး(၃)ခု တရားရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင် ဒီမဏ္ဍိုင်(၃)ခုကို အမှန်အကန်ထိန်းကျောင်းနိုင်တာက သတင်းမီဒီယာဖြစ်တယ်။ ဒီထိန်းကျောင်းမှုကိုလည်း မှန်မှန်ကန်ကန် စတုတ္ထမဏ္ဍိုင် ပီသအောင် သတင်းမီဒီယာရဲ့ အခန်းကဏ္ဍဖွံ့ဖြိုးအောင်လုပ်ချင်တဲ့ ဆန္ဒအကြီးကြီး ကျွန်တော့်မှာ ရှိတယ်။ ဒါပြီးတော့ ကျွန်တော်တို့ အရပ်ဘက်အဖွဲ့အစည်းဆိုတာ ပြည်သူနဲ့အထိတွေ့နိုင်ဆုံး လူတွေဖြစ်တယ်။ နိုင်ငံ၀န်ထမ်း ယန္တရားက ပြည်သူနဲ့ ထိတွေ့နိုင်မှုအားက ပွင့်ပွင့်လင်းလင်းပြောရရင် ရင်းနှီးမှု၊ ပတ်သက်မှု၊ ဆက်စပ်မှုနည်းလို့ မထိတွေ့နိုင်သလို စိတ်စေတနာနည်းကြလို့လည်း မထိတွေ့နိုင်ဘူး။ အဲ့တော့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍဟာ ပြည်သူတွေကြားထဲကနေမှ အမြဲတမ်းထိတွေ့ပြီး လှုပ်ရှားနေတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့အားကို ကျွန်တော်က ကောင်းအောင် လုပ်ချင်တယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ ဒီမိုကရေစီဖွံ့ဖြိုးမှုတွေ လုပ်တဲ့အချိန်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ စွမ်းအားကလည်း မဖြစ်မနေထည့်သွင်းစဉ်းစားရမယ့် အချက်တစ်ချက်ဖြစ်တယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ပြီးခဲ့တဲ့အစိုးရတွေမှာ မေ့နေတယ်ဗျ။ အဲ့တာကို ကျွန်တော်အကောင်အထည်ဖော်ချင်တယ်။ ဒါဟာကျွန်တော့်ရဲ့ အဓိကလုပ်ချင်တဲ့ အကြောင်းအချက်တွေပဲ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ကျွန်တော့်မှာ Master Plan ဆွဲထားတာရှိပါတယ်။ ကျွန်တော်များလွှတ်တော်ထဲရောက်ရင် လုပ်မယ့်အကြောင်းအရာတွေက အများကြီးပါပဲ။

ဦးဗညားအောင်နိုင် (တစ်သီးပုဂ္ဂလ)

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆)

ကျွန်တော်အဓိက (၄)ချက် လုပ်မှာပေါ့နော်။ ပထမဆုံးကျွန်တော်က မွန်လူမျိုးဖြစ်တဲ့အတွက် မွန်လူမျိုးတွေရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ မွန်အမျိုးသားနေ့ကို တရားဝင်ရုံးပိတ်ရက်ရအောင် လုပ်ဖို့အတွက် ကျွန်တော် ပထမဆုံး ကတိပေးထားတယ်။ ဒါပေမယ့် တရားဝင်ရုံးပိတ်ရက်ဆိုတာ ရည်မှန်းချက် တအားကြီးတယ်။ အနိမ့်ဆုံးအဆင့်က ကျွန်တော်တို့မွန်ပြည်နယ်အတွင်းလောက် ရုံးပိတ်ရက်လေးဖြစ်အောင် ကျွန်တော်တို့ကြိုးစားပေးမယ်။ ဒုတိယအချက်က ကျွန်တော်ရဲ့ဆောင်ပုဒ်အတိုင်းပဲ ဒေသအကျိုး ဆောင်ရွက်ဖို့ဆိုတဲ့ ခေါင်းစဉ်အတိုင်းပဲပေါ့နော်။ ဒေသအကျိုးဆိုတဲ့နေရာမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှမှုအခွင့်အရေး၊ ဖက်ဒရယ်အရေးတွေ ဒါတွေအများကြီးပါတာပေါ့နော် အဲ့တာက နံပါတ်(၂)အချက်၊ နံပါတ်(၃)ကကျတော့ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ မကောင်းဘူး၊ ကောင်းတယ် ပြောရမယ်ဆိုရင် တစ်ချိန်လုံး ကျွန်တော်တို့အများကြီး Struggle ဖြစ်နေကြတဲ့အရာတွေပေါ့နော်။ အဲ့ဒီအရာလေးတွေထဲကမှ ပြည်သူတွေ အတွက် ဒီ(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကနေ ကောင်းမယ်ဆိုတဲ့အရာလေးတွေကို ရွေးထုတ်ပြီးတော့ အကောင်အထည်ဖော်ပေးစေချင်တယ်ပေါ့နော်။ ဒီ (၂၀၀၈) ဖွဲ့စည်းပုံဥပဒေက တည်ဆဲဥပဒေဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့က ဒါကိုထိခိုက်ပြီး ပြောတာမဟုတ်ဘူး။ နောက်တစ်ချက်အနေနဲ့ နိုင်ငံဝန်ထမ်းတွေ ကျွန်တော်လည်းဝန်ထမ်းဘဝကနေ ထွက်ခဲ့တာပဲ။ တစ်ချို့ပညာရှင်တွေလည်း ရှိသေးတယ်။ ဝန်ထမ်းဆိုလည်း နိုင်ငံဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း အစားစားရှိတယ်၊ ကျွန်တော်က နိုင်ငံဝန်ထမ်း ကို ဦးစားပေးပြောတာပေါ့နော်။ ကျွန်တော်တို့ လက်ရှိရနေတဲ့ လစာနဲ့ မလုံလောက်ဘူးလားဆိုတော့ လုံလောက်တယ်။ ဒါပေမယ့်သူတို့အတွက် စိတ်အေးလက်အေးနဲ့ ဥပမာအဖြစ် ဝန်ထမ်းတစ်ယောက်ဟာ အခြေခံလစာ တစ်သိန်းသုံးသောင်းအနေအထား ဒီဘက်ခေတ်အနေအထားနဲ့ကတော့ ဘယ်လိုမှမမျှတဘူး။ သူတို့ကတိုးခဲ့တယ် ပြောတာပဲ။ အဲ့ဒီအခြေအနေကြားထဲမှာမှ အကယ်မို့ ကျွန်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရင် ငါးနှစ်ကာလအတွင်းမှာ သူ့ရဲ့ အခြေအနေ အချိန်ခါကိုလိုက်ပြီး လစာတိုးဖို့ကိစ္စတွေ ကျွန်တော်တင်ပြပေးမယ်။ ကျွန်တော်တို့ခေတ်နဲ့ မလျော်ညီတော့တဲ့ဥပဒေတွေရှိတယ်။ အဲ့ဒါတွေကို ကျွန်တော်ရှာပြီးတော့ ခေတ်နဲ့အညီ ပြည်သူအတွက်ရော၊ တရားဥပဒေစိုးမိုးရေး ကဏ္ဍမှာရော ဖြစ်သင့်တဲ့ အနေအထားလေးတွေ ဖြစ်အောင် ကြိုးစားမယ်လို့ အဓိကအနေနဲ့ ကျွန်တော်အဲ့ဒီလေးချက်အနေနဲ့ ဂတိပေးထားတယ်။

ကျိုက်ထိုမြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဦးဇေယျာဦး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ကျွန်တော်တို့ပါတီအနေနဲ့ အောင်နိုင်ခဲ့ရင်ပြုလုပ်ပေးမယ့် အချက်(၁၅)ချက်ကို တရားဝင် ထုတ်ပြန်ထားတယ်။ ကျိုက်ထိုမြို့နယ်အတွင်း မဲဆန္ဒနယ်မြေအတွင်းမှာ ကွင်းဆင်း ဆောင်ရွက်နေချိန် အခက်အခဲတွေ ဥပမာ - နွေရာသီ ရေရှားပါးတဲ့ အခက်အခဲတွေရှိမယ်၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေရှိမယ်၊ တစ်ရွာနဲ့ တစ်ရွာကူးတဲ့အခါ ချောင်းဖြတ်တဲ့နေရာမှာ တံတားအခက်အခဲတွေရှိတယ်၊ ကျန်းမာရေးကဏ္ဍမှာလဲ ကျွန်တော်တို့မြို့နယ် အနေအထားအရ အစွန်းအဖျား ရောက်တဲ့ ဒေသတွေမှာ လိုအပ်ချက်တွေလဲ ရှိတယ်။ တခြား ပညာရေး၊ စီးပွားရေးတွေရောပေါ့ တစ်ချို့ နေရာတွေမှာ ခုချိန်ဆို စီးပွားရေးနဲ့ ပတ်သက်ပြီး တော်တော်လေးကို ကြပ်တည်းနေရတဲ့ အနေထား တွေလည်းရှိတယ်။ ဒါတွေကို တစ်ခုချင်း ဘယ်လိုစီမံဆောင်ရွက်သွားမလဲဆိုတာတွေကို ကြိုတင်ပြင်ဆင် အစီအစဉ်ချ ထားတာတွေလဲ ရှိပါတယ်။ အကယ်၍ အောင်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော့်အနေနဲ့ မြို့သူမြို့သား တွေကို ဒီထက်ပိုကောင်းတာတွေ လုပ်ပေးနိုင်ဖို့ စီစဉ်ထားတာတွေလဲ ရှိပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ပါတီ အနိုင်ရမယ်ဆိုရင် ဒီလိုပြဿနာကို အမြဲတမ်း မဖြေရှင်းနေရအောင် အစီအစဉ်တကျဆောင်ရွက်ရမယ်လို့ ယုံကြည်ထားတယ်။ ဒီလိုနှစ်တိုင်း ရေဝေနေမယ့်အစား ဒီရေအရင်းအမြစ်တစ်ခုကို ဖော်ထုတ်မလား၊ ရေလှောင်ကန်ဆောက်မလား၊ ဒါလေးတွေကို ရည်မှန်းချက်ထားပြီး စီစဉ်ထားပါတယ်။ ကျိုက်ထိုတစ်မြို့လုံး ဆိုရင်တော့ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးစတာတွေကို နေရာတစ်ခုတည်းမှာ ကဏ္ဍတစ်ခုတည်းတော့ မဟုတ်ဘူးပေါ့ ကျေးရွာတစ်ရွာမှာလိုအပ်နေတာ တခြားတစ်ရွာမှာ လိုအပ်ချင်မှလိုအပ်မယ်၊ ဒါမျိုးတွေရှိတဲ့ အတွက် အကုန်လုံးကို ချင့်ချိန်ပြီးတော့မှ ဦးစားပေးအနေနဲ့ စီစဉ်ပြီး လုပ်သွားဖို့တော့ရှိတယ်။ ပြည်သူတွေကနေ ကျွန်တော်တို့ပါတီ ကျွန်တော်တို့ကိုယုံပြီး မဲထည့်လိုက်မှသာလျှင် ကျွန်တော်တို့က လွှတ်တော်ထဲရောက်ပြီး ပြည်သူတွေ ပေးအပ်တဲ့တာဝန်တွေကို ကျေပြွန်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော့်ရင်ထဲက စကားကို ပြောရမယ် ဆိုရင်တော့ မဲဆန္ဒရှင်ပြည်သူတွေ ကျွန်တော်တို့ကို အလုပ်ခန့်မယ့် အလုပ်ရှင် ပြည်သူ တွေလို့ သဘောထားပြီး အလုပ်ရသွားတဲ့ချိန်မှာ ကျွန်တော်ရဲ့ အလုပ်ရှင်ပြည်သူတွေအပေါ် တာဝန်ကျေစွာ ထမ်းဆောင်မယ်လို့ ဂတိပြု ပြောကြားလိုပါတယ်။

ဒေါ်ဆွေဆွေအောင်

မွန်ညီညွတ်ရေးပါတီ (MUP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ကျွန်မယှဉ်ပြိုင်ရတဲ့ အကြောင်းအရင်းက ရိုးသားမှုနဲ့မျှတမှုကို အခြေခံပြီး ပြည်သူနဲ့အစိုးရကြားမှာ မှန်မှန်ကန်ကန် မျှမျှတတ ဆောင်ရွက်ပေးချင်တယ်။ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ပထမဆုံး ဦးစားပေး ဆောင်ရွက်ချင်တာကတော့ ပညာရေးပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ဒေသမှာ လူငယ်တွေက ရည်မှန်းချက်တွေ ပျောက်ဆုံးနေတာတွေ့ရတယ်။ ဒါကြောင့် သူတို့ရဲ့ ပညာတွေကို မြှင့်တင်ပေးချင်တယ်။ အာမခံချက်ပေးတဲ့ ပညာရေးကို မြှင့်တင်ပေးချင်ပါတယ်။ နောက်တစ်ချက်က ကျွန်မတို့စည်းရုံးရေးဆင်းရင်းနဲ့ ကျေးရွာဒေသတွေကို ရောက်ရှိခဲ့တယ်။ တချို့ဒေသတွေ မှာ လျှပ်စစ်မီးတွေ မရှိသေးတာတွေ၊ လမ်းမကောင်းတာတွေကို မြင်တွေ့ခဲ့ရတဲ့အတွက် ဒါတွေကို ဖြည့်ဆည်းပေးချင်ပါတယ်။ ကတိကဝတ်အနေနဲ့ ပေးနိုင်တာက လူငယ်နဲ့ အမျိုးသမီးကဏ္ဍကို တိုးတတ်အောင်၊ အလုပ်လက်မဲ့ဖြစ်နေတဲ့သူတွေ အလုပ်ရရှိအောင် စွမ်းဆောင်ပေးသွားမယ်လို့ ကတိပေးပါ တယ်။ မွန်ညီညွတ်ရေးပါတီက မွန်တွေပဲဖွဲ့စည်းထားတာ မဟုတ်ပါဘူး။ ကရင်၊ ဗမာ၊ ပအိုဝ်းစတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ပါတီ ဖြစ်တယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးရဲ့အကျိုး ကျောသားရင်သားမခွဲခြားပဲ ဖြည့်ဆည်းပေးချင်တဲ့ ရည်ရွယ်ချက်လဲ ရှိပါတယ်။ နိုင်ငံရေးအရပြောရမယ်ဆိုရင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးတော့ ပြည်နယ်လွှတ်တော်ကနေပြီး ပြည်နယ်ဝန်ကြီးချုပ်အစိုးရကို ခန့်အပ်နိုင်ဖို့ ဒါကိုလဲကျွန်မတို့က စဉ်းစားထားပါတယ်။ ဒါမှကျွန်မတို့ပြည်နယ်မှာ ထွက်ရှိတဲ့သယံဇာတတွေ ခိုးဝင်မှုဆိုင်ရာ၊ ဗဟိုချုပ်ကိုင်မှုတွေ လျော့ချပြီးတော့ ကျွန်မတို့ဒေသမှာ လိုအပ်တဲ့ အပိုင်းတွေကို ဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်ပါတယ်။ (၂၀၂၀)ရွေးကောက်ပွဲမှာ (၅)နှစ်တစ်ကြိမ်ရတဲ့ အခွင့်အရေးကို လက်လွှတ်အဆုံးရှုံး မခံစေချင်ဘူး။ ဒါကြောင့် ပြည်သူတွေအားလုံး မဲထည့်ဖြစ်အောင် ထည့်ကြပါ။ ကိုယ့်ပြည်နယ်အတွက် တစ်ကယ်အကျိုးရှိတဲ့ ပါတီဟုတ်မဟုတ်ကို စဉ်းစားပြီး မဲထည့်စေချင်ပါတယ်လို့ မှာကြားချင်ပါတယ်။

ဒေါ်ယဉ်စုစုကြည်

မွန်ညီညွတ်ရေးပါတီ (MUP)

အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၉)

အကယ်၍အမျိုးလွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ အနိုင်ရခဲ့မယ်ဆိုရင် ကျွန်မလုပ်ပေးချင်တာ ကတော့ ကျိုက်ထိုမှာဆိုရင် မွန်၊ ကရင်၊ ဗမာ၊ ပအိုဝ်းဆိုတဲ့ တိုင်းရင်းသားချစ်ကြည်ရေး နိုင်ငံအသိမှတ်ပြု ရုံးလေး ရှိတယ်။ ဒီရုံးမှာ တိုင်းရင်းသားတွေအားလုံးရဲ့ အကျိုးပြုအတွက် တစ်ခုခုဆို တိုင်းရင်းသားတွေ အားလုံး စုစည်းပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်တဲ့အတွက် ဒီအဖွဲ့ကြီးခုထက်ပိုပြီး ရှင်သန်လာအောင် လှုပ်ရှားမှုတွေပိုပြီး လုပ်လာနိုင်အောင် လုပ်ပေးချင်ပါတယ်။ ဒေသခံတွေကိုယ်တိုင် သူတို့ရဲ့ နိုင်ငံသားအခွင့်အရေးတွေကို ပွင့်လင်းမြင်သာစွာ သိရှိလာအောင် ကူညီဆောင်ရွက် ပေးချင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့ဒေသတွေမှာဆို လူနည်းစုကို ကိုယ်စားပြုပြီးတော့ သူတို့တွေ ဘက်က ကာကွယ်ပြီးတော့ လုပ်ဆောင်ပေးချင်ပါတယ်။ ဒီလူနည်းစုတွေရဲ့ရှေ့မှာ ရပ်တည်ပြီး သူတို့တွက် တံတားသဖွယ်ရပ်တည်ပြီး သူတို့ရဲ့အသံတွေကို နိုင်ငံတော်အဆင့်ထိရောက်အောင် ဆောင်ရွက်ပေးချင် ပါတယ်။ ဥပမာ - ကျိုက်ထိုမြို့နဲ့ မဝေးတဲ့နေရာမှာ ရွာတစ်ရွာရှိတယ်။ အဲ့ရွာလေး က အိမ်ခြေ (၅၀၊ ၁၀၀) ဝန်းကျင်လောက်ပဲရှိတယ်။ မြို့နဲ့မဝေးပေမဲ့ ကတ္တရာလမ်းလဲမရှိသေးသလို လျှပ်စစ်မီးရရှိဖို့လဲ ကြိုးပမ်းနေရ တုန်းပဲ။ ကျွန်မသာ ကိုယ်စားလှယ်လောင်း ဖြစ်လာမယ်ဆိုရင် ကျွန်မတတ်နိုင်သလောက်အားနဲ့ အထက် အထိတင်ပြမယ်၊ သူတို့က လူနည်းစုလေးတွေ ဖြစ်တဲ့အတွက် သူတို့ကို ကိုယ်စားပြုနိုင်မယ့်သူက နည်းတယ် လေ။ ဒါကြောင့် အဲ့ဒီသူတွေအတွက် ကျွန်မက သူတို့တွေနဲ့ အတူကြိုးပမ်းချင်တယ်။ ဥပမာပြောရရင် ကရင်တိုင်းရင်းသားလူမျိုးတွေမှာဆို နောက်မျိုးဆက်လေးတွေက ကရင်တိုင်းရင်းသားစကား မပြောတတ်ကြ တော့ဘူး။ စာပေဆို ပိုဝေးသွားကြတာပေါ့။ ဒါကြောင့် ကျွန်မတို့က တိုင်းရင်းသားဘာသာစကားကို အလေးထားပြီးတော့ ကရင်ဆိုလဲ ကရင်အလျောက် စာပေယဉ်ကျေးမှုတွေ တိုးတတ်စေချင်တာပေါ့။ လူငယ်တွေ အချိန်အလဟသသုံးနေမယ့် အစား သူတို့အတွက် တိုင်းရင်းသားမိခင်ဘာသာစကားသင်တန်းလေး ဖွင့်ပေးခြင်းအားဖြင့် သူတို့မိခင် ဘာသာစကားကို အလေးပေးလာမယ်။ အရေး၊ အဖတ်၊ အပြောပေါ့။ ဗမာတွေက အခြေခံ ကျောင်းတွေမှာ ဗမာလိုသင်နေတဲ့အတွက် English 4 skills ကို ကျွမ်းကျင်စေချင်တယ် တိုးတတ် စေချင်တယ်။ ကရင်ကလဲ စိတ်ဝင်စားရင် မွန်ဘာသာကို လေ့လာလို့ရတယ်၊ မွန်ကလဲ စိတ်ဝင်စားရင် လေ့လာလိုရတယ်ပေါ့။ အဲ့လိုဆို သူတို့ရဲ့အချိန်လေးတွေ တန်ဖိုးရှိပြီးတော့ တစ်ယောက်ရဲ့ဘာသာစကားကို တစ်ယောက်လေးစားပြီး ကျွန်မတို့တိုင်းပြည်မှာ ပိုပြီးစည်းလုံးမှု ရှိစေချင်တယ်။ အဲ့လိုလုပ်ပေးချင်တဲ့ဆန္ဒလေး ကျွန်မမှာရှိပါတယ်။

နန်းသီတာညိုဝင်း

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (PNO)

တိုင်းရင်းသားလွှတ်တော် မဲဆန္ဒနယ်

ကျွန်မတို့ အဓိကလုပ်ပေးနိုင်တာက မွန်ပြည်နယ်မှာရှိတဲ့ ပအိုဝ်းလူမျိုးတွေအတွက် ကိုယ်စားပြုတဲ့ အတွက်ကြောင့် ပအိုဝ်းလူမျိုးရဲ့ ဝိသေသလက္ခဏာတွေ ဖြစ်တဲ့ စာပေ၊ ဘာသာစကားတွေ၊ သမိုင်းတွေ ယဉ်ကျေးမှုတွေကို ကာကွယ်ပေးမယ် ဖော်ထုတ် မြှင့်တင်ပေးမယ်။ နောက်တစ်ချက်က မွန်ပြည်နယ်မှာရှိတဲ့ ပအိုဝ်းအမျိုးသားနိုင်ငံရေးကဏ္ဍတွေမှာ အားကောင်းဖို့ ရေရှည်တည်တံ့စေဖို့ရယ်အတွက် ရည်ရွယ်တယ်။ နောက်တစ်ချက်က ပအိုဝ်းလူမျိုးတွေအနေနဲ့ နိုင်ငံရေးမှာရော၊ ငြိမ်းချမ်းရေးမှာရော၊ ဥပဒေပြုရေးကဏ္ဍမှာရော အခြားတိုင်းရင်းသားများနှင့် နည်းတူ သဟဇာတဖြစ်စွာ ကိုယ်စားပြုပါဝင်နိုင်ဖို့ ရည်ရွယ်တယ်။ မွန်ပြည်နယ်မှာရှိတဲ့ ပအိုဝ်းလူမျိုးတွေရဲ့ ပအိုဝ်းရိုးရာထုတ်ကုန်တွေလဲ ဈေးကွက်ဖော်ဆောင်ပေးနိုင်ဖို့ ကြိုးစားသွားမယ်။ ဒါကြောင့် ဒေသကိုအခြေခံပြီးတော့ အလုပ်အကိုင်အခွင့် အလမ်း ဘယ်လိုဖော်ဆောင်ပေးရမလဲဆိုတာ တို့ကြိုးစားပြီးတော့ လုပ်ဆောင်ပေးရမယ်။ (၂၀၂၀)ရွေးကောက် ပွဲအခင်းအကျင်းမှာ တိုင်းရင်းသားပါတီတွေဖြစ်ကြတဲ့ MUP, KPP, PNOဆိုပြီး ဝင်ပြိုင်ကြတာရှိတယ်။ မွန်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေကတော့ မွန်ပြည်နယ်သားအနေနဲ့ပဲ သဘောထားပြီးတော့ ကရင်နဲ့ ပအိုဝ့်တို့က မဟာမိတ်လုပ်ပြီး ကရင်ပြည်သူ့ပါတီဝင်ပြိုင်တဲ့ နေရာကို PNOကဝင်မပြိုင်ဘူး၊ PNO ကပြိုင်တဲ့ နေရာကို KPPက ဝင်မပြိုင်ဘူး ကျွန်မတို့နေရာခွဲလိုက်တယ်။ မွန်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေက ဒီလိုညီညီညွတ်ညွတ်နဲ့ (၂၀၂၀) အခင်းအကျင်းကို ခင်းထားတယ်။ အကယ်၍ လွှတ်တော်ထဲရောက်သွားတယ် ဆိုရင်လဲ ဒီမွန်ပြည်နယ်သားအချင်းချင်း ဒီတိုင်းရင်းသားအချင်းချင်းပဲ လွှတ်တော်ထဲမှာ မဟာမိတ်ပြုလုပ်မယ်။ ကျွန်မတို့ပြည်နယ်ရဲ့တိုးတတ်ရာ၊ တိုးတတ်ကြောင်း လူမျိုးရဲ့ကောင်းရာ ကောင်းကြောင်းကို မွန်ပြည်နယ်မှာ ရှိတဲ့သူတွေနဲ့ပူးပေါင်း အဖြေရှာပြီးတော့ ဆွေးနွေးပြုလုပ်သွားမယ်။ ကိုယ်တိုင်ကလဲ ဒီဒေသမှာကြီးတဲ့ ပအိုဝ့်လူမျိုးဖြစ်တဲ့အတွက် ဒီဒေသအရေးကို တခြားသူတွေထက်ပိုသိတယ်။ ပအိုဝ်းအရေးကို လုပ်ဆောင် လာခဲ့တာကလဲ (၂၀၁၂)တည်းကဖြစ်တဲ့အတွက် ဒီဒေသမှာရှိတဲ့ ပအိုဝ်းလူမျိုးတွေရဲ့အခက်အခဲကဘာလဲ လိုအပ်ချက်တွေက ဘာလဲဆိုတာ တခြားသူတွေထက် ကျွန်မတို့က ပိုသိတယ်။ ဒါကြောင့် ဒီ(၂၀၂၀) ရွေးကောက်ပွဲမှာ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တခြားတိုင်းရင်းသား လူမျိုးများနည်းတူ ကျွန်မတို့လူမျိုးကိုလည်း ကောင်းကောင်းကိုယ်စားပြုပြီး လွှတ်တော်မှာ ဥပဒေအရ ကာကွယ်ပေးတာမျိုးတွေ၊ ဝိသေသ လက္ခဏာတွေ ဖော်ဆောင်ဖို့၊ ကာကွယ်ဖော်ထုတ်ပေးဖို့ ဒီအရေးတွေလုပ်ဆောင်ပေးဖို့တွေကို အခြားသော သူတွေထက်ပိုပြီး လုပ်ဆောင်ပေးနိုင်တယ်၊ ဆောင်ရွက်ပေး နိုင်တယ်လို့ယုံကြည်တယ်။

ပေါင်မြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

မိကွန်ချမ်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

ကျွန်မက (၂၀၁၅)ခုနှစ်ကတည်းက ပေါင်မြို့နယ် ရွေးကောက်ခံ ကိုယ်စားလှယ် ဖြစ်ခဲ့တဲ့ အတွက် ပေါင်မြို့နယ်မှာ လုပ်ရမယ့်လုပ်ငန်းတွေ၊ လုပ်ဖို့ ကျန်နေတဲ့လုပ်ငန်း တွေကို ကိုယ်တိုင် ကွင်းဆင်းလေ့လာ ထားပြီးသားဖြစ်ပါတယ်။ (၅)နှစ်တာကာလအတွင်းမှာ လုပ်ခဲ့ရတဲ့ လုပ်ငန်းတွေဆိုရင်လည်း စာရင်းပြုစုပြီးတော့ ပြည်သူတွေကို ချပြမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့လုပ်ငန်းတွေအပြင်ကို ပြည်သူလူထုအတွက် နောက်ထပ်လိုအပ်တဲ့လိုအပ်ချက်တွေကော၊ မြို့နယ်တွက် အပြင်လွှတ်တော်မှာ လုပ်ဆောင်ဖို့ကျန်ခဲ့တဲ့ အပိုင်းတွေကိုကော ဆက်လုပ်ဖို့ရှိပါတယ်။ ဥပဒေပြုမယ့်အပိုင်းတွေ၊ အစိုးရရဲ့လုပ်ဆောင်ချက်တွေ အပေါ်မှာလည်း ထိန်းကျောင်းဖို့ လိုအပ်ပါသေးတယ်။ ပေါင်မှာ ရေလိုအပ်ချက်ရှိတယ်။ အရင်တုန်းကဆိုရင် ပေါင်မှာ သဘာဝစိမ့်စမ်းရေတွေကနေ နွေ၊ မိုး၊ ဆောင်း ဖူဖူလုံလုံရခဲ့တယ်။ အဲဒါကလည်း ဂေဟစနစ် မပျက်စီးတဲ့အတွက်ကြောင့်ရတာပါ။ ခုနောက်ပိုင်းလူတွေရဲ့လောဘကြောင့် တောင်ဖြိုတာ ကျောက်မိုင်း ထုတ်လုပ်တာ ခြံကွက်ဖော်ပြီး ရောင်းစားတာ စတာတွေကြောင့် ရေအရင်းအမြစ်တွေပျောက်ကုန်တဲ့သဘော ဖြစ်နေပြီ။ ဒါကြောင့်မို့ ကျွန်မတို့က ဂေဟစနစ်ကို ထိန်းသိမ်းဖို့အတွက်ကော ကျောက်မိုင်းတွေကို ခွင့်မပြုဖို့အတွက်ကော လွှတ်တော်မှာ အကြိမ်ကြိမ်မေးခွန်းတွေ မေးခဲ့တယ်။ ဒါပေမဲ့ ဒါတွေကိုခွင့်ပြုခဲ့ထားတာ တွေက နှစ် (၃၀) နှစ်ရှည် စီမံကိန်းတွေပေးထားတာကြောင့် အရင်အစိုးရလုပ်ထားခဲ့တဲ့အတွက် ခုအစိုးရအနေ နဲ့ လုပ်ဆောင် ရခက်တယ်။ ဒါတွေကိုထိန်းသိမ်းဖို့အတွက်လည်း ကျွန်မတို့ တိုက်တွန်းထားတာရှိတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ဥပဒေကိုလည်း ပြင်ဆင်ထားတာရှိတယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေ မှာလည်း သယံဇာတတွေထုတ်တဲ့နေရာမှာ စည်းစနစ်ကျကျထုတ်ဖို့၊ ဒေသခံတွေရဲ့ခွင့်ပြုချက်ယူဖို့၊ ပြည်နယ်အစိုးရ လုပ်ပိုင်ခွင့်တွေနဲ့ ပြည်ထောင်စုအစိုးရလုပ်ပိုင်ခွင့်တွေကိုလည်း ခွဲခြားထားပါတယ်။ ကျွန်မတို့ ကိုယ်စားလှယ်တွေအနေနဲ့ လုပ်ဆောင်လို့ရတဲ့အပိုင်း အားလုံးလုပ်ဆောင်ပေးနေပါတယ်။

ဒေါ်မေသူဝင်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

ရွေးကောက်ခံ ကိုယ်စားလှယ် ဖြစ်ချင်ရတဲ့ ရည်ရွယ်ချက်ကတော့ ခုလက်ရှိ ကိုယ်စားလှယ်တွေကို ကြည့်ရတာ သူတို့ အတိုင်းအတာနဲ့သူတို့က ကောင်းကြပါတယ်။ ဒါပေမဲ့ အစ်မဖြစ်ချင်တဲ့ ဆန္ဒနဲ့ ဆောင်ရွက်နေတာတွေနဲ့က အစ်မအနေနဲ့ အားမရတာတွေရှိတယ်။ ဒါကြောင့် ကိုယ်တိုင်ကိုယ်စားလှယ် ဖြစ်ချင်လာခဲ့တာပါ။ ပထမဆုံး အစ်မတို့မြို့အနေအထားအရ မြို့မှာ ရေကြီးတာကိုကာကွယ်ဖို့ ချောင်းမြောင်း တွေလုပ်မယ်လို့ စဉ်းစားမိတယ်။ အဲဒီအခါဘယ်လို အကောင်အထည်ဖော်လိုက်မယ်ဆိုပြီး စိတ်ကူးယဉ်ထားတာတွေရှိတယ်။ နောက်ပြီးလယ်ယာတွေ ရေမြုပ်တယ်၊ အဲလိုရေမမြုပ်ရအောင် လယ်သမားတွေအတွက် စိုက်ပျိုးစရိတ်တွေမှာ စရိတ်နဲ့ကာပြီး မရတာတွေ လယ်သမားတွေအခက်အခဲ ဖြစ်တာတွေ ချေးငွေကိစ္စတွေ အဲလိုအခက်အခဲတွေကို ဖြေရှင်းပေးချင်တယ်။ နောက်တစ်ခုက အလုပ်သမား တွေ ဝင်ငွေနဲ့ထွက်ငွေမကိုက်ဘူး၊ အခြေခံလစာနိမ့်တဲ့ အနေအထားရှိတယ်။ အရင်ကဆို တစ်ယောက်ရှာရင် တစ်မိသားစုလုံးစားနိုင်တယ်။ ခုနောက်ပိုင်းက အဲ့လိုမလုံလောက်တော့ဘူး။ ဒါကြောင့်အလုပ်သမားတွေ အတွက် တစ်နေ့လုပ်အားခတက်လာတာမျိုးတွေ ဆောင်ရွက်ချင်တယ်။ နောက်တစ်ခုကတိုင်းရင်းသားကဏ္ဍမှာ မွန်၊ ကရင်၊ ပအိုဝ်၊ ဗမာ အားလုံးတို့သည် တူတူပဲဆိုတဲ့ တန်းတူအခွင့်အရေးကိုရစေချင်တာ၊ တိုင်းရင်းသားတွေ စုစည်းပြီးညီညီညွတ်ညွတ်ရှိတာကိုလည်း လိုချင်တယ်။ တိုင်းရင်းသားတွေမှာ အခွင့်အရေးအများကြီး ရစေချင်တယ်။ ရွေးကောက်ပွဲအောင်နိုင်ရေးမှာလည်းပါတယ်။ ကြေငြာစာတမ်းမှာ လည်းပါတယ်။ ပြီးခဲ့တဲ့အစိုးရမှာလည်း တင်ခဲ့တယ်။ ပုဒ်မ (၂၆၁) ကိုယ်အကောင်အထည်ဖော်ဖို့။ (၂၆၁) ကိုပြင်ဖို့။ ပြင်နိုင်ရင်တိုင်းရင်းသား အခွင့်အရေး ပိုရလာနိုင်တယ်။

ဦးခင်မောင်မြင့်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

(၂၀၂၀) ရွေးကောက်ပွဲမှာ အနိုင်ရပြီဆိုရင် ပထမဆုံး ပေါင်မြို့နယ်မှာ လယ်သမားတွေ များတဲ့အတွက် လယ်သမားတွေ အကျိုးကျေးဇူးဖြစ်တဲ့ လယ်ယာမြေကိစ္စနဲ့ပတ်သက်ပြီး အဆိုတင်သွင်းမယ်။ ဥပဒေရေးရာနဲ့ပတ်သက်ပြီး တစ်ခြား လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ ဆွေးနွေးမယ်။ လယ်သမားအကျိုး ကို ရှေးရှု့ပြီးတော့ပေါ့။ ကိုယ့်နိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တဲ့ အတွက် စိုက်ပျိုးရေးကို အခြေခံပြီး တခြားသော စီးပွားရေးကဏ္ဍများကို ဆောင်ရွက်မယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကဏ္ဍပေါင်းစုံတိုး တက်ဖို့ဆိုတာ အဓိကက ရင်းနှီးမြှုပ်နှံမှု လိုတယ်။ နောက်တစ်ခုက ပြည်တွင်း ငြိမ်းချမ်းရေး ရမယ်ဆိုရင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ အခြားလိုချင်သော ကိစ္စတွေက ဘက်စုံ တိုးတက် လာနိုင်မယ်။ အဓိက မွန်ပြည်နယ် ငြိမ်းချမ်းဖို့ ပြီးတော့ တစ်ပြည်လုံးငြိမ်းချမ်းဖို့နဲ့ ဘာဘတို့ပါတီက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဆိုတော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အဓိကထားတယ်။ တိုင်းရင်းသားတွေညီညွတ်ရင် နိုင်ငံတော်ကြီးတိုးတက်မယ်။ ပြည်နယ်ကြီးတိုးတက်မယ်။



ဒေါ်ယဉ်ယဉ်နု

မွန်ညီညွတ်ရေးပါတီ (MUP)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

အနိုင်ရခဲ့မယ်ဆိုရင် ပေါင်မြို့နယ်အတွက် သူတို့ရဲ့အသံတွေကို နားထောင်မယ်၊ လက်ရှိသိထားတာတွေလည်း အများကြီးရှိတယ်၊ လုပ်စရာတွေလည်း အများကြီးရှိတယ်။ အဓိကက ပေါင်မှာရေရှားပါးမှုတွေ ဖြစ်နေတယ်။ ချောင်းမြောင်းတံတားတွေလည်း အများကြီးလိုသေးတယ်။ အဲဒါတွေလည်း လုပ်ဖို့ရှိတယ်။ ပေါင်မှာတောင်သူလယ်သမားတွေများတယ်။ လယ်ယာလုပ်ငန်းလုပ်တဲ့သူတွေများတယ်။ ချောင်းမြောင်းပိတ် တဲ့အတွက် တောင်သူလယ်သမားတွေ လယ်ယာလုပ်ငန်း လုပ်ကိုင်တဲ့နေရာမှာ အခက်တွေ့နေတယ်။ နောက်တစ်ခုက လယ်ယာမြေထဲကိုဆင်းမယ့် လမ်းပန်းဆက်သွယ်ရေး၊ တစ်ရွာနဲ့တစ်ရွာ သွားလာရတဲ့လမ်းတွေလိုအပ်နေတဲ့အတွက်ကြောင့် သူတို့တင်ပြချက်တွေကို အကောင်အထည်ဖော်ဆောင်ဖို့ စဉ်းစားထား ပါတယ်။ ကျောက်မိုင်းကိစ္စက အရင်အစိုးရလက်ထက်က လက်မှတ်ထိုးထားကြတယ်။ အဲဒါကိုဥပဒေနဲ့အညီ လုပ်နေကြလား ဆိုတဲ့ဟာတွေကို အရင်စိစစ်မယ်။ ဥပဒေနဲ့မညီဘူးဆိုရင်လည်း ကျွန်မတို့ဒေသကို ဘယ်လိုကာကွယ်ပေးရမလဲဆိုတာလည်း စဉ်းစားမယ်။ ကျောက်မိုင်းကြောင့် နစ်စဉ်ရေကြီးလာတယ်၊ တောင်ပြိုတာတွေ ဖြစ်လာတယ်။ ဒါတွေကို ကျွန်မတို့က ပြည်သူတွေရဲ့အသံကိုနားထောင်ပြီး သေချာစိစစ်ပြီး လိုအပ်တဲ့ဥပဒေကို ပြင်ဆင်ဖို့ စဉ်းစားထားပါတယ်။ နောက်တစ်ခုက ဒီကတောင်တန်းတွေက ရေးဟောင်း တောင်တန်းတွေဖြစ်တဲ့အတွက် ရာဇဝင်တွေ သမိုင်းကောင်းတွေ မပျောက်ပျက်အောင်၊ ကျောက်မိုင်းကိစ္စကိုလည်း ဒီတိုင်းပြီးစလွယ် လုပ်ကွက်တွေမရှိဖို့ ပြည်သူတွေနဲ့အတူ ကာကွယ်သွားမယ်။ လွှတ်တော်ထဲ ရောက်ရင်လည်း ဒါကိုတင်ပြတောင်းဆိုဖို့ စဉ်းစားထားတာ ရှိပါတယ်။ ပြည်နယ်တစ်ခုလုံး မွန်ဒေသမှာရှိတဲ့တိုင်းရင်းသား ပြည်သူအားလုံး မူးယစ်ဆေးဝါးသုံးစွဲတာတွေ တအားများလာနေတယ်။ အဲဒီသုံးစွဲလာတဲ့ လူငယ်တွေကို ပြန်လည်ပြုပြင်ဖို့၊ ကုစားတဲ့အစီအစဉ်လုပ်ဖို့ စဉ်းစားထားတာလည်း ရှိပါတယ်။ နောက်တစ်ခုက ပေါင်မြို့နယ်မှာ တစ်ခါမှမကြားဖူးသောကိစ္စ သက်ငယ်မုဒိန်းကိစ္စ၊ အမျိုးသမီးငယ်တွေရဲ့ကိစ္စ စတာတွေအများကြီးကို လုပ်နိုင်တဲ့အနေအထားအတိုင်း လုပ်သွားဖို့ရှိပါတယ်။

ဘီးလင်းမြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဒေါက်တာခင်မောင်သွင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ကျွန်တော်တို့ကတော့ (၂၀၂၀) ရွေးကောက်ပွဲနိုင်ပြီးဆိုရင် ပထမဆုံးအခြေခံ ပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ပါတီက ထုတ်ပြန်ထားတဲ့ ပြည်သူတွေအတွက် လုပ်ဆောင်ပေးမယ့် အာမခံချက်လုပ်ငန်းစဉ်တွေ ကို အခြေခံပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြို့နယ်ပထဝီအနေအထားအရ မြေပြန့်ပိုင်းရှိတယ် တောင်ပေါ်ဒေသရှိတယ်။ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ပေးတဲ့အခါမှာတော့ ဒီအပိုင်းနှစ်ပိုင်း မှာမူတည်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြေပြန့်ပိုင်းမှာ အဓိကထားဆောင်ရွက်နေတဲ့ လုပ်ငန်းကတော့ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါတယ်။ လက်ရှိ လူ့စွမ်းအားအရင်းမြစ်ကို အခြေခံထားပြီး ဆောင်ရွက်နေတဲ့အပိုင်းကနေပြီးတော့ နောင်လာမယ့် ကျွန်တော်တို့ တာဝန်ယူမယ့်ကာလမှာဆို စက်မှုလယ်ယာကိုအရင်းခံပြီးတော့ ဆောင်ရွက်မယ့် လုပ်ငန်းအနေထားမျိုး ပြောင်းအောင် ဆောင်ရွက်ပါမယ်။ စပါးစိုက်တာက မိုးစပါးရှိတယ် နွေစပါးရှိတယ်။ သည်အခါမိုးစပါးအတွက် ထွက်နှုန်းက ပျမ်းမျှ(၆၀)နီးပါး ရှိတယ်။ နွေစပါးကတော့ လက်ရှိပျမ်းမျှ (၈၀)နဲ့(၁၀၀)ကြားရှိပါတယ်။ ဒီလိုအနေထားမှာ မိုးစပါးကို တိုးတတ်အောင် ပြောင်းလဲစိုက်ပျိုးဖို့ဆို အထွက်တိုးတဲ့ မျိုးကောင်းမျိုးသန့်တွေနဲ့ ခေတ်မီနည်းစနစ်တွေ သုံးပြီးတော့ မိုးစပါးမှာ ဖွံ့ဖြိုးတိုးတတ်အောင်ဆောင်ရွက်ဖို့ ပြောင်းလဲပေးဖို့ရှိပါတယ်။ စပါးစိုက်ပျိုးတဲ့အခါ နွေစပါးမှာအဓိကလိုတာက ရေဖြစ်တယ်။ ဒီအောင်ရေရှိဖို့ ကျွန်တော်တို့တာဝန်ယူတဲ့ ကာလရောက်ရင် ချောင်းပိတ်မြောင်းပိတ် ဆည်မြောင်းလုပ်ငန်းတွေ၊ တာတမံလုပ်ငန်းတွေ ဖို့မို့အတွက် စီစဉ်ထားပါတယ်။ ရေငံဝင်ရောက်မှုကိုတားနိုင်တဲ့ ရေငံတာတမံတွေ လုပ်ဖို့လဲ ကျွန်တော်တို့ စီစဉ်ထားပါတယ်။ လက်ရှိအနေထားမှာ ဆောင်းသီးနှံစိုက်တယ်။ ဒီဆောင်းသီးနှံ၊ နွေစပါး၊ မိုးစပါးစိုက်တဲ့နေရာမှာလိုအပ်နေတဲ့ သွင်းအားစုတွေ အရင်းအနှီးတွေ ဒါတွေကိုနိုင်ငံတော်ဘက်ကနေ ပံ့ပိုးကူညီပေးနိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ရာဘာစိုက်ပျိုးရေးလုပ်ငန်းတွေ အများကြီးရှိပါတယ်။ လက်ရှိမှာ ရာဘာတွေက ဈေးကွက်ပျောက်နေတယ်။ ဒီအချက်ကို

ကျွန်တော်တို့က သက်ဆိုင်ရာကျွမ်းကျင်သူတွေနဲ့ အခုဆိုအထပ်သားစက်ရုံရှိတယ် ရာဘာတွေခုတ်တယ် အထပ်သားစက်ရုံပို့တယ် အသစ်ပြန်စိုက်မယ့် ရာဘာတွေကို နှစ်တိုတွင်းမှာ ရာဘာထွက်နိုင်တဲ့ မျိုးကောင်းတွေသုံးမို့ နောက်တစ်ချက်ကတော့ ထွက်လာတဲ့ရာဘာရဲ့ အရည်အသွေးကောင်းစေမို့၊ အရည်အသွေးမကောင်းတော့ ဈေးအနှိမ်ခံရတယ်။ ဒါတွေကို ပြုပြင်ပြောင်းလဲပေးဖို့အတွက် ရာဘာလုပ်ငန်းရှင်တွေရယ် ကျွမ်းကျင်သူတွေရယ် စုပေါင်းပြီးတော့ ဒီကိစ္စကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ဖို့အတွက် စီမံထားပါတယ်။ တောင်ပေါ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် သူတို့ရဲ့စီးပွားရေးကို အထောက်အကူပြုနိုင်တဲ့ လုပ်ငန်းက ဘာပဲရှိလဲဆိုတော့ သဘာဝသယံဇာတကို တူးဖော်တဲ့လုပ်ငန်းပဲ ရှိတယ်။ တောင်ပေါ်ဒေသ မှာရှိတဲ့သူတွေက ဒီလုပ်ငန်းကိုပဲ မှီခိုနေရတာဖြစ်လို့ အတိုင်းအတာတစ်ခုထိတော့ သဘာဝ သယံဇာတကို ထုတ်ယူတဲ့နေရာမှာ အနည်းနဲ့အများ တော့ ပတ်ဝန်းကျင်ထိခိုက်မှုတော့ရှိတယ်။ အနည်းနဲ့အများရှိတာကို ကျွန်တော်တို့ သက်ဆိုင်ရာအဖွဲ့စည်း တွေနဲ့ သက်ဆိုင်ရာလုပ်ငန်းရှင်တွေကို ညှိနှိုင်းပြီးတော့ စနစ်တကျနဲ့ စည်းကမ်းတကျ ဒီလုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနဲ့ ဆောင်ရွက်နိုင်ဖို့ စီမံထားပါတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာ ဒါတွေကိုဆောင်ရွက်ပေးနိုင်ဖို့ဆို လမ်းပန်းဆက်သွယ်ရေးကောင်းဖို့လိုတယ်။ တောင်ပေါ်ဘက်လမ်းတွေဟာ မြေစားလမ်းတွေ ဖြစ်တယ်။ မြေစားလမ်းတွေဖြစ်တဲ့အတွက် နွေရာသီပဲသွားလို့ရတယ်။ မိုးရာသီဆို သွားလို့ မရတော့ဘူး။ အကယ်၍ကျွန်တော်တို့ကာလ ရောက်ခဲ့သည်ရှိသော် ရာသီမရွေး သွားနိုင်တဲ့လမ်းတွေ ဖြစ်အောင် ဆောင်ရွက်သွားမယ်။ နောက်တစ်ခုက အဓိကအရေးကြီးနေတဲ့ လျှပ်စစ်ကဏ္ဍပေါ့ ခုဆိုကျေးရွာမီးလင်းရေးဆိုပြီး ပြောကြတယ်။ သို့ပေမဲ့ ကျွန်တော်တို့ရဲ့ ခံယူချက်ကတော့ လျှပ်စစ်ထုတ်နိုင်အား ဘယ်လောက်ရှိလဲ။ ကျွန်တော်တို့ လျှပ်စစ်ထုတ်နိုင်အား ဘယ်လောက်ရှိလဲ ပမာဏအပေါ်မူတည်ပြီးတော့ ကျေးရွာတွေကို အဆင့်ဆင့်မီးလင်းအောင် ဆောင်ရွက်ပေးပါမယ်။ ကျွန်တော်အခုပြောခဲ့တဲ့ ကဏ္ဍအားလုံးက လဲ ကျွန်တော်တို့ကွင်းဆင်းတုန်းက ပြည်သူလူထုဆီက ရလာတဲ့အသံ ပြည်သူလူထုထံကနေပြီးတော့ သူတို့ရဲ့လိုလားတောင်းတချက်တွေ ကျွန်တော်တို့ကို တင်ပြလို့ ကျွန်တော်တို့က ရွေးကောက်ပွဲ ဂတိကဝတ် အနေနဲ့ ထားပြီးတော့ ဆောင်ရွက်သွားဖို့ အတွက် စီမံဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

ဦးအောင်သူထက်

ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်

ကျွန်တော်လုပ်ဆောင်ပေးမယ့် ကဏ္ဍကို လက်လှမ်းမှီသလောက် (၅) ရပ်လောက်ထိတော့ စဉ်စားထားတယ်။ ပထမတစ်ခုက လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းက ရှားပါးတယ်။ အသက်(၂၀)အရွယ်လောက်ဆို ရွှေ့ပြောင်းလုပ်သား အနေနဲ့ အလုပ်လုပ်ကိုင်ကြရတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မှီတဲ့ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ပညာရပ်တွေကို လူငယ်တွေကို လက်လှမ်းမှီအောင် ကျွန်တော်က လုပ်ဆောင်ပေးသွားမယ်။ သင်တန်းကျောင်းတွေလဲ ဖွင့်ပေးသွားမယ်။ ဒုတိယတစ်ခုက အားကစားကဏ္ဍမှာလဲ အခြေခံကျောင်းတွေမှာ အားကစားရုံတွေ ဥပမာ - ဘောလုံးကွင်းတွေ တို့မြှင့်ပြီးတော့ တည်ဆောက်ပေးသွားမယ်။ နောက်ပြီး စာကြည့်တိုက်ကိုလည်း တည်ဆောက်ပေးသွားမယ်။ နံပါတ်(၃)အနေနဲ့ ကျန်းမာရေးကဏ္ဍမှာတော့ ပြည်သူ့ကျန်းမာရေး ကဏ္ဍကို အလေးထားပြီးတော့ လုပ်ဆောင်သွားမယ်။ ပြည်သူ့ကျန်းမာရေးကဏ္ဍဆိုတာက ဥပမာဆို ဆိုးဆေးမပါတဲ့ အစားအစာတွေ သန့်ရှင်းတဲ့ အစားအစာတွေ ထုတ်လုပ်ပေးမယ်။ နောက်ပြီးတော့ အချိုမှုန့်တွေ အချိုရည်တွေစသည်ဖြင့် ကြပ်ကြပ်မတ်မတ်လုပ်သွားပေးဖို့ ရှိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အချက်တစ်ချက်က ဆေးရုံတွေ၊ ဆေးခန်းတွေရှိပြီးတော့ ကျန်းမာရေးဝန်ထမ်းမရှိတဲ့ ပြဿနာတွေကို အဓိကထားပြီးတော့ ဖြေရှင်းပေးသွားမယ်။ အုပ်ချုပ်ရေး ကဏ္ဍမှာ ကတော့ ဌာနဆိုင်ရာတွေမှာ ဌာနေတိုင်းရင်းသားတွေ ဘီးလင်းမှာဆို ကရင်တိုင်းရင်းသား ရှိမယ်၊ ပအိုဝ့်တိုင်ရင်းသားရှိမယ်၊ မြန်မာတိုင်းရင်းသားရှိမယ် အဲ့လိုတိုင်းရင်းသားတွေ အချိုးကျပါဝင်နိုင်အောင် ကြိုးပမ်းသွားမယ်။ ဘီးလင်းအနေနဲ့မကြည့်ပဲ တစ်နိုင်ငံလုံးအနေနဲ့ ကြည့်မယ်ဆိုလဲ နယ်ဆိုတာက လူငယ်တွေအတွက် အခွင့်အလမ်းနည်းပါးတယ်။ အခွင့်အလမ်း နည်းပါးတယ်ဆိုတာ နှစ်ပိုင်းရှိတယ်။ ကိုယ်ကိုယ်တိုင်ကလဲမသိတာရယ်၊ သိအောင်လဲ အစိုးရ အာဏာပိုင်တွေက မပြုလုပ်ပေးတာရယ်၊ အဲ့လိုအချက်တွေကြောင့်မို့ အခွင့်အလမ်းမရရှိကြလို့ စိတ်ပိုင်းဆိုင်ရာ စိတ်လေတာတွေ၊ လောင်းကစားဘက်ရောက်သွားတာတွေ၊ မူးယစ်ဆေးအခြေအနေ သုံးစွဲတာတွေဖြစ်တယ်။ ဒါတွေကြောင့်မို့ ဒီကဏ္ဍကိုလည်း တိုးမြှင့်လုပ်ဆောင်သွားဖို့ ကတိပြုပါတယ်။

ဦးကျော်မင်း

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

ဘာလို့လဲဆို တိုင်းပြည်အတွက် ကျွန်တော်တို့ ဖြစ်စေချင်တဲ့ အနေထားကို ရောက်စေချင်တဲ့အရွေ့ကို တိုင်းပြည်ကမရောက်နေဘူး။ အဲ့ခါကျတော့ ကျွန်တော် ကိုယ်တိုင် ပါတီဥက္ကဋ္ဌကြီးရဲ့ မူဝါဒတွေကို သဘောကျမိလို့ ဒီပါတီထဲရောက်လာတယ်။ ကိုယ်ပါဝင် ကူညီပြီး လုပ်ဆောင်နိုင်တဲ့ အတိုင်းတာကိုယ်မှာရှိတယ်၊ လုပ်နိုင်တဲ့ အရည်အချင်း ရှိတယ်လို့ ကိုယ့်ကိုယ်ကိုယုံကြည်လို့ ဝင်ပြိုင်ဖြစ်တယ်။ အဲ့ဒီအတွက်ကို ကျွန်တော် စီးပွားရေးအရ အဓိကမြှင့်တင်ချင်တယ်။ ကျွန်တော့် အမြင်ကတော့ စီးပွားရေးအရမြှင့်ရင် ပညာရေးအရလဲ မြင့်မယ်၊ လူမှုရေးလဲမြင့်မယ်၊ စားဝတ်နေရေးအားလုံး ပြေလည်လာလိမ့်မယ်လို့ ထင်တယ်။ ဒါကြောင့် အရင်တည်းကစီးပွားရေးအရ ဘီးလင်းမြို့နယ် အခြေခံပြည်သူတွေကို စီးပွားရေးအရ ဘယ်လိုမြှင့်တင်နိုင်မလဲ ဆိုတာကို ကျွန်တော်ကြိုးလဲကြိုးစားထားတယ် သို့ပေမဲ့ ကျွန်တော်တို့ လုပ်ပိုင်ခွင့်မရှိတဲ့ အချိန်မှာ မအောင်မြင်ခဲ့ဘူး။ ရန်ကုန်မှာရှိတဲ့ သူငယ်ချင်း တွေ၊ ပြည်ပမှာရှိတဲ့ သူငယ်ချင်းတွေနဲ့ ပူပေါင်းပြီးတော့ ဘီးလင်းမှာစက်ရုံဆောက်ဖို့ ကြိုးစားသေးတယ် မအောင်မြင်ခဲ့ဘူး။ ဒါကြောင့်ကျွန်တော်တို့ လုပ်ခွင့်ရရင် အလုပ်အကိုင်အခွင့်အလမ်းတွေကို အလုပ်လုပ်ချင်တဲ့ သူတွေအတွက် ဖန်တီးပေးချင်တယ်။ ပြီးတော့လယ်သမားတွေအတွက် ကျွန်တော်တို့ဆီမှာ လယ်သမားတွေ အရမ်းဒုက္ခရောက်တယ်။ ဘာကြောင့်လဲဆိုတော့ ရာသီဥတုကြောင့် ဒုက္ခရောက်တာတစ်မျိုး၊ နောက်ဆန်စပါး ဈေး က အမြဲကျနေတယ်။ အဓိက ကတော့ လယ်သမားတွေအတွက် ချေးငွေကို မြှင့်တင် ပေးစေချင်တယ်။ ချေးတဲ့အချိန်တွေကိုလည်း မှန်ကန်စေချင်တယ်။ ပြန်ဆက်တဲ့အချိန်ကာလကလဲ (၆)လက တိုတောင်းလွန်းတယ် ဒါကိုနှစ်တိုနှစ်ရှည်ရအောင် ကျွန်တော်လွှတ်တော်ထဲရောက်လို့ လုပ်ပိုင်ခွင့်ရရင် ဒါကို အဓိကထား ဆောင်ရွက်မယ်။ ကျွန်တော်တို့ပြည်သူတွေရဲ့ လုပ်အားလခနဲ့ သူတို့ရဲ့လုပ်ခနဲ့က မမျှဘူး ဖြစ်နေတယ်။ ဖြစ်စေချင်တာက အလုပ်လုပ်တာနဲ့ လျော်ညီတဲ့ လုပ်ခလစာ ရအောင် ကြိုးစားပေးမယ်။ လွှတ်တော်ထဲရောက်ရင်တော့ ဒါတွေကိုတင်ပြမယ်၊ ဆွေးနွေးမယ် ပေါ့။ အစိုးရမှာ ဘတ်ဂျက်တောင်းပြီးတော့ လုပ်တဲ့အဆင့်လောက်ကိုတော့ ကျွန်တော်မလုပ်ချင်ဘူး။ ဘာကြောင့်လဲဆိုတော့ မိမိရဲ့ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက်နဲ့ ကိုယ်အပေါင်းသင်းမိတ်ဆွေတွေနဲ့ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို အစိုးရကြီးပဲ မမျှော်ကိုးပဲ ကိုယ်ရဲ့အရည်ချင်းနဲ့ပါ ပူးပေါင်းပြီးတော့ ဆောင်ရွက်စေချင်တာ။ လွှတ်တော်ထဲမှာတော့ လွှတ်တော်ရဲ့လုပ်ပိုင်ခွင့် အတိုင်းအတာအရတော့ ကျွန်တော်နိုင်သလောက်အပိုင်းကို ကျွန်တော်ကြိုးစားပြီး ဆောင်ရွက်ပါမယ်။

သထုံမြို့နယ် - ကိုယ်စားလှယ်လောင်း စကားသံ နှင့် ကတိကဝတ်များ

ဒေါ်ခိုင်ခိုင်လှဲ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

ပြီးခဲ့တဲ့ရွေးကောက်ပွဲတုန်းက လွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးဆိုတော့ အမျိုးသားကိုယ်စားလှယ်တွေ ထပ် အမျိုးသမီးအရေးကို ပိုတွေးပေးနိုင်တယ်။ လွှတ်တော်ထဲမှာလဲ အမျိုးသမီးဦးရေပိုများတယ်။ အစိုးရအဖွဲ့ထဲမှာလဲ အမျိုးသမီးဝန်ကြီးရှိတယ်။ ကျွန်မတို့က အမျိုးသမီး၊ အမျိုးသား ဘက်ညီတယ်။ အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ရဲ့ အခွင့်အရေးကို စဉ်းစားပေးဖို့က မဖြစ်နိုင်ဘူး ရာခိုင်နှုန်းအရ အရမ်းနည်းတယ်။ အမျိုးသမီးမှသာ အမျိုးသမီးအခွင့်အရေးကို စဉ်းစားပေးနိုင်တယ်။ ဥပမာ - ကျောင်းတစ်ကျောင်းကို အမျိုးသမီးတစ်ယောက်အုပ်ချုပ်တဲ့ကျောင်းနဲ့ အမျိုးသားတစ်ယောက်အုပ်ချုပ်တဲ့ ကျောင်းဆိုရင် အမျိုးသမီးအုပ်ချုပ်တဲ့ကျောင်းက ကျောင်းသူတွေရဲ့ လိုအပ်ချက်ကို စဉ်းစားပေးမှုက မတူဘူး တော်တော်လေးကို မတူဘူး။ အိန္ဒိယရုပ်ရှင်ကားကိသာနာနီကျောင်းဆရာမ အုပ်ချုပ်တဲ့ကျောင်းဆို မိန်းကလေးအိမ်သာမှာ ဘာထားပေးရမလဲကအစ အဲ့လိုအသေးဖွဲ့ကိစ္စတွေကို အမျိုးသမီးအချင်းချင်းဆို အမျိုးသမီးတွေကပဲ စာနာနားလည်းပြီး စဉ်းစားပေးနိုင်တဲ့ အချက်တွေရှိတယ်။ လာမယ့်ရွေးကောက်ပွဲမှာ အမျိုးသမီးပါဝင်နှုန်းကိုလည်း ကြည့်ရမယ်။ အမျိုးသမီးတွေ ဘယ်နှစ်နေရာရောက်လဲ ခုံဘယ်လောက်ရလဲ အဲ့ဒါကိုလည်း ကြည့်ရမယ်။ အဲ့ဒီထက်မြင့်တဲ့ Decision လုပ်တဲ့ Decision Makerတွေရဲ့နေရာ ဒီExecutive Bodyထဲမှာ အမျိုးသမီးဘယ်လောက်ရှိနေမလဲဆိုတာ စဉ်းစားရမှာ။ ကျွန်မတို့မှာ ဥပဒေချုပ်က အမျိုးသမီး ဥပဒေချုပ်ရှိတယ်။ စာရင်းစစ်ချုပ်သည်လည်း အမျိုးသမီး စာရင်းစစ်ချုပ်ဖြစ်တယ်။ ပြည်နယ်တရားလွှတ်တော်မှာလဲ တရားသူကြီးသည် အမျိုးသမီးဖြစ်တယ်။ ပြည်နယ်အစိုးရအဖွဲ့မှာလည်း အမျိုးသမီး ဝန်ကြီးရှိတယ်။ လွှတ်တော်ဥက္ကဋ္ဌကလဲ အမျိုးသမီးဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့မွန်ပြည်နယ်က အမျိုးသမီးရေးနဲ့ ပတ်သက်ရင် Strong ဖြစ်တယ်လို့ ပြောလို့ရတယ်။ လာမယ့် (၂၀၂၀)မှာလည်း အမျိုးသမီးပါဝင်မှုနှုန်းများတယ် Leadership Role မှာ အမျိုးသမီးများများရှိတယ်ဆို အမျိုးသမီးအခွင့်အရေးကို ပိုပြီးတွန်းတွန်းတိုက်တိုက် လုပ်ပေးနိုင်မယ်လို့ ယုံကြည်တယ်။ ကျွန်မတစ်ယောက်တည်း ကောင်းနေလို့တော်နေလို့ မရဘူး၊ လွှတ်တော်ထဲမှာ အမျိုးသမီးတွေပါနေဖို့ ခုံနေရာများများရနေဖို့ လိုတယ်လို့တော့ထင်တယ်။

ကျွန်မဘာကြောင့် (၂၀၂၀)ရွေးကောက်ပွဲကို ပြန်ပြိုင်ဖြစ်လဲဆိုတော့ ကျွန်မက (၂၀၁၅)တည်းက သထုံမြို့မှာ ဘာလို့ရွေးကောက်ခံလဲဆိုတော့ သထုံက ကျွန်မရဲ့ မွေးရာဇာတိ ဖြစ်တယ်။ သထုံမြို့အတွက် အမျိုးသားဒီမိုကရေစီရဲ့ အလံအောက်ကနေဝင်ပြိုင်ပြီး ဆောင်ရွက်ခဲ့တယ်။ (၅)နှစ်သက်တမ်းပြီးရင် ကိုယ်စားလှယ်တစ်ယောက်ရဲ့ သက်တမ်းကုန်ဆုံးပါပြီ။ ပြန်လည်ဝင်ပြိုင်ခြင်း မပြိုင်ခြင်းက ကိုယ်ပိုင်လွတ်လပ်တဲ့ဆန္ဒဖြစ်တယ်။ ကျွန်မပြိုင်တဲ့အကြောင်းက နှစ်ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ ကျွန်မလုပ်ပေးချင်စိတ်ရှိနေသေးတာရယ် လုပ်လက်စ အလုပ်တွေ ရှိနေသေးတာရယ်၊ ဒုတိယအချက်က သထုံမြို့ကို ဒီထက်မက တိုးတတ်အောင် လုပ်ပေးနိုင်မယ်လို့ ယုံကြည်လို့ပါ။

ဦးငွေအောင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

မဲဆွယ်ကာလမှာ ကိုဗစ်ကာလမိုလို့ Door to Door မဲဆွယ်တာမျိုးတွေရှိတယ်။ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့ ခုလက်စွဲဆောင်ပုဒ်က ပိုမိုတောက်ပသော အနာဂတ်သစ်ဆီသို့ ဆိုတာနဲ့ ရှင်းလင်းချပြပြီးတော့ (၂၀၂၀)ရွေးကောက်ပွဲမှာ အောင်နိုင် ခဲ့မယ်ဆိုရင် ပါတီမူဝါဒ (၁၅)ချက်နဲ့အညီ ကျွန်တော်တို့ ရပ်ရွာတိုးတတ်အောင် အရင်အစိုးရလက်ထက်ကထက် သာလွန်အောင် ဆောင်ရွက်မယ်လို့ စည်းရုံးဟောပြောပြီး မဲဆွယ်ခဲ့ပါတယ်။ လူလတ်တန်းစားမရွေး စီးပွားရေးတွေက အခက်အခဲနဲ့ ရင်ဆိုင်နေရတဲ့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးက အနိုင်ရခဲ့မယ်ဆို အနိမ့်ဆုံးအလုပ်သမား လုပ်ခလစာတွေ ဝန်ထမ်းတွေရဲ့လုပ်ခလစာတွေကို ဖြစ်ပေါ်နေတဲ့လူမှုစီးပွားဘဝနဲ့ လိုက်လျောညီထွေအောင် ကျွန်တော်တို့က ဆောင်ရွက်ပေးပါမယ်ဆိုတဲ့အကြောင်း ကတိကဝတ်တွေလဲပြုခဲ့တယ်။ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကိုလည်း သေချာဖွဲ့စည်းမယ်လို့ ပါတီရဲ့ အာမခံချက်တွေက ပေးထားခဲ့ပါတယ်။ ကျွန်တော်တို့ရပ်ရွာတိုးတတ်ရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ဆောင်ရွက်မယ်။ တချို့ဝေးလံတဲ့နေရာတွေမှာဆိုရင် လျှပ်စစ်မီးမရရှိသေးတာတွေ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ ဖြစ်နေတာတွေအတွက် ဆောင်ရွက်ပေးသွားမယ်လို့ ကတိကဝတ်ပြုခဲ့ပါတယ်။

ခွန်ကျော်စွာမင်း

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (PNO)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁)

ကျွန်တော်ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တဲ့ အကြောင်းရင်း (၄)ချက်ရှိတယ်။ ပထမတစ်ချက်က ကိုယ်စားပြုမှန်ကန်ရေးဖြစ်တယ်။ ကိုယ်စားပြု မှန်ကန်မှုလည်း သတင်းအချက်အလက် မှန်မှန် ကန်ကန်ရမယ်။ ပြည်သူတွေဆီ မြန်မြန်ဆန်ဆန်ရမယ်။ ဒုတိယတစ်ချက်က အပြန်အလှန်ထိန်းကျောင်းဖို့။ အပြန်အလှန်ထိန်းကျောင်းဖို့ဆိုတဲ့နေရာမှာ ပိုမိုအားကောင်းဖို့ဖြစ်တယ်။ အားကောင်းအောင်လဲ လုပ်စေချင် တယ်။ ဥပမာဆို ပြည်နယ်အစိုးရရှိမယ် ပြည်နယ်လွှတ်တော်ရှိမယ်။ လွှတ်တော်နဲ့ အစိုးရက အပြန်အလှန် ထိန်းကျောင်းဖို့လိုတယ်။ အစိုးရက ဆုံးဖြတ်ချက်ချတိုင်း အမှန်မဟုတ်ဘူးပေါ့။ ဆိုလိုတာက အစိုးရက ဆုံးဖြတ်ချက်တစ်ခုခုချတိုင်း ပြည်သူတွေမှာ ဘယ်လိုသက်ရောက်မှုရှိသွားလဲပေါ့။ ဒါကိုအခြေခံပြီး အစိုးရဖော်ဆောင်နေတဲ့ စီမံကိန်းတွေဖြစ်ဖြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေပဲဖြစ်ဖြစ် ဒီလိုဟာမျိုးတွေမှာ ပြည်သူတွေကို ဘယ်လိုအကျိုးရှိသွားစေတာမျိုး ဘယ်လိုသက်ရောက်မှုရှိသွားစေတာမျိုးဆိုတာကို လွှတ်တော်နဲ့ အစိုးရ အပြန်အလှန်ထိန်းကျောင်းမှု ပိုမိုအားကောင်းစေချင်တယ်။ တတိယအချက်ကတော့ တာဝန်ယူမှု၊ တာဝန်ခံမှုပေါ့။ တာဝန်ယူမှု၊ တာဝန်ခံမှုက ဘာကိုဆိုလိုသလဲဆို ကျွန်တော်တို့က လူထုကိုယ်စားလှယ်တွေဖြစ်တယ်။ အဲ့ဒါကြောင့်ခုနကပြောခဲ့သလိုပဲ ကိုယ်စားပြုမှန်ကန်ဖို့က အရေးကြီး တယ်။ ဘာလို့အရေးကြီးလဲ ဆိုတော့ ကျွန်တော်တို့ပြောချင်တဲ့စကားတွေကို ကိုယ့်ကိုပြောလို့မရဘူး။ ကျွန်တော်တို့ပြောချင်တဲ့ စကားလုံးက ပြည်သူတွေပြောချင်တဲ့ စကားလုံးဖြစ်ရမယ်။ ဒီစကားတွေကလဲ ပြည်သူတွေ အပေါ်တာဝန်ယူမှု အပြည့်ရှိရမယ်။ ဥပဒေလမ်းကြောင်းအရ ကာကွယ်ပေးဖို့လဲလိုတယ်။ ပြည်သူတွေ မဲပေးလိုက်တယ်ဆိုတာက တစ်ချို့ကိစ္စတွေ သူတို့မနိုင်တာရှိတယ်။ ဒါတွေကို ကျွန်တော်တို့ ကနေပြီး သူတို့ကို ဥပဒေအရ ကာကွယ်ပေးဖို့လိုတယ်။ ဥပမာ - ကျွန်တော်တို့ဒေသမှာဆို မင်းလွင်တောင် ရှိတယ် အဲ့တောင်ကို ထုံးကျောက် အကြီးစားထုတ်လုပ်မှု စက်ရုံလုပ်မယ်ဆိုပြီး စီမံကိန်းကျလာတယ် ဒါကိုစာချုပ်ချုပ်မယ်ပေါ့ဆိုပေမယ့် ဒေသခံတွေက ဒါကိုလက်မခံဘူး။ ဘာလို့လက်မခံလဲဆိုတော့ ဒီဒေသဟာသူတို့ရဲ့ ဝိသေသလက္ခဏာဖြစ်တယ်။ ဒီလိုကိစ္စမျိုးဆို ဒေသခံဘက်က သဘောမတူဘူး အဲ့လိုနေရာမှာဆို ကျွန်တော်တို့က သူတို့ကိုဥပဒေအရ ကာကွယ်ပေးဖို့အပိုင်းတွေ ရှိတာပေါ့။ ဖွံ့ဖြိုးရေး လုပ်ငန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လူမှုဖူလုံရေးလုပ်ငန်းတွေက တတ်လာမယ့်အစိုးရတိုင်းက လုပ်ရမှာပဲ။ လုပ်ရင်းနဲ့မှ ခုနကပြောတဲ့(၄)ချက်က မပါလို့မရဘူး။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းက ဘယ်အစိုးရတက်တက် လုပ်ရမယ့်ဟာပေါ့။ လာမယ့် (၂၀၂၀)မှာ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ဘုံရည်မှန်းချက် (၄)ချက်၊ ပါတီရဲ့ ဆောင်ပုဒ်လဲဖြစ်တဲ့ လူမှုစီးပွားတိုးတတ်ဖို့ အဓိကထားပြောတယ်။

အသေးစားအလတ်စား စီးပွားရေးတွေ ကျွန်တော်တို့ ပြည်နယ်အတွင်းမှာ အားကောင်းမှပဲ လူမှုဘဝက Balanceဖြစ်မယ်လို့ ကျွန်တော်မြင်တယ်။ ခုကျွန်တော်တို့ပြည်သူတွေ တော်တော်များများက စားဝတ်နေရေးခက်ခဲတဲ့ခါကျတော့ နိုင်ငံရေးအခြေအနေက ဘယ်လိုသွားနေလဲဆိုတဲ့ သူတို့ရဲ့စိတ်ပါဝင်စားမှုက အရမ်းခက်ခဲနေတယ်။ သူတို့တွေရဲ့ စီးပွားရေးအဆင်ပြေလာမယ်၊ လူမှုဘဝအဆင်ပြေလာမယ်ဆို ဒီအပေါ်မှာ သူတို့အများကြီး စီးမျောနိုင်မယ်။ အဓိက ကျွန်တော်က အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်း အဆင်ပြေလာဖို့ ဦးတည်တယ်။

ဦးထွန်းလွင်

ပြည်သူ့ပါတီ (PP)

ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)

ကျွန်တော်ကတော့ ကြိုတင်ကတိမပေးနိုင်ဘူး။ ပြည်သူတွေရဲ့အသံနဲ့ တစ်ထပ်တည်း ကျအောင်တော့ ကျွန်တော်ကြိုးစားမယ်။ လက်တလောဖြစ်ပေါ်နေတဲ့အသံပေါ့ ဥပမာ - ကိုဗစ်ကိုနှိမ်နင်းပေးပါပြောရင် ကိုဗစ်အတွက် ကျန်းမာရေးအတွက် အဓိကထားပြီး နံပါတ်(၁)ဦးစားပေးလုပ်မယ်။ နံပါတ်(၂)က ပြည်သူတွေ တောင်းဆိုနေတဲ့ ကုန်စျေးနှုန်းကျဆင်းရေး ကို တစိုက်မတ်မတ်လုပ်မယ်။ ပြည်သူတွေတောင်းဆိုနေတဲ့ လမ်းတံတားတွေမကောင်းဘူး၊ စာသင်ကျောင်းတွေ လိုအပ်နေတာတွေ လုပ်ပေးမယ်။ ပြည်သူသံနဲ့ တစ်ထပ်တည်းကျအောင် အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးမယ်လို့တော့ ကတိပေးတယ်။ ရွာတွေကိုသွားတဲ့ လမ်းပန်းဆက်သွယ်ရေးတွေမကောင်းဘူး၊ ကွန်ကရစ်လမ်းတွေ မကောင်းဘူး၊ ဆည်မြောင်းတွေ မကောင်းသေးဘူး၊ ရေဝင်ရေထွက်တွေ မကောင်းသေးဘူး အဲ့ဒါတွေကို အဓိထားပြီး လုပ်ဆောင်ပေးမယ်။ လွှတ်တော်မှာ ဘတ်ချက်ငွေနဲ့ပဲ တောင်းခံပြီးသွားရမှာပဲ။ လွှတ်တော်ဘတ်ချက်ငွေနဲ့ပဲ လုပ်ရမှာပဲ။ အဲ့ဒါကိုလဲ ကျွန်တော်တို့ စီမံကိန်းရဲ့ရာထားချက် ဘတ်ချက်နောက်မှာ ရေးဆွဲပြီးတောင်းခံရမှာပဲ။

အခန်း (၉)

စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် လူငယ်ရေးရာ ကဏ္ဍအသီးသီးမှ ပြည်သူလူထုများ၏ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအပေါ် မျှော်လင့်ချက်စကားသံများ

	အချက်အလက်များ	စာမျက်နှာ
ကျိုက်မရောမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၁၆-၃၁၉
ချောင်းဆုံမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၂၀-၃၂၃
မုဒုံမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၂၄-၃၂၇
မော်လမြိုင်မြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၂၇-၃၃၁
ရေးမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၃၂-၃၃၇
သံဖြူဇရပ်မြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၃၈-၃၄၂
ကျိုက်ထိုမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၄၃-၃၄၈
ပေါင်မြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၄၈-၃၅၀
ဘီလင်းမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၅၁-၃၅၅
သထုံမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၅၆-၃၆၀

ကျိုက်မရောမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

ဦးသက်ဦး

(Rubber Business Sector)

မွန်ပြည်နယ်က စိုက်ပျိုးရေးကိုအခြေခံတဲ့အတွက် ဆန်စပါး၊ ရာဘာ တွေစိုက်တယ်။ အဲဒီကမှ ရာဘာစိုက်ကေ အများဆုံးဖြစ်တယ်။ တစ်ချို့နေရာမှာလည်း စိုက်ပျိုးခွင့်တွေ လုပ်ပိုင်ခွင့်တွေ ရရှိဖို့လိုတယ်။ ဒါတွေကို လွှတ်တော်ကိုယ်စားလှယ်တွေက သိရှိပြီး လွှတ်တော်မှာ တင်ပြတောင်းဆို နိုင်ဖို့လိုတယ်။ စိုက်ပျိုးရေးတောင်သူတွေရဲ့ လုပ်ပိုင်ခွင့်ကို လွှတ်တော်မှာ တင်ပြစေချင်တယ်။ နောက်တစ်ချက်က ကျွန်တော်တို့ဒေသတွင်းမှာ တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်တဲ့သူတွေ အများကြီးရှိတယ်။ ကိုယ့်ဒေသမှာ မလုပ်ပဲထားထားရတဲ့ လယ်တွေလည်း အများကြီးရှိတယ်။ အဲဒီလယ်တွေကို နောင်အနာဂတ်ကာလမှာ ပိုမိုစိုက်ပျိုးလာနိုင်အောင် လယ်ယာမြေ အကောင်အထည် ဖော်ဆောင်ရွက်တဲ့နေရာမှာ လိုအပ်တာလေးတွေကို လွှတ်တော်မှာ အကြံပြုစေချင်ပါတယ်။ (၂၀၂၁)ပြည့်နှစ်မှာ တက်လာမယ့် အစိုးရဘက်အပိုင်းကျတော့ ကျွန်တော်တို့ဒေသတွင်းမှာ လယ်ယာထွက်ကုန်၊ ရေလုပ်ငန်းအများဆုံးက ရာဘာ စတာတွေရှိတယ်။ အဲ့လိုဒေသထွက်ကုန်တွေကို နိုင်ငံတကာဈေးကွက်ကို တင်ပို့နိုင်အောင် လိုအပ်သော အရည်အသွေး တွေရရှိဖို့အတွက် အစိုးရအနေနဲ့ လိုအပ်သော နည်းပညာတွေ စည်းမျဉ်းစည်းကမ်းတွေကို ဖြည့်စွက်ပြီးတော့ လုပ်ဆောင်စေချင်တယ်။ ရာဘာဆိုရင်လည်း အိမ်နီးနားချင်းနိုင်ငံများကဲ့သို့ သူတို့လိုဈေးကောင်းရရှိဖို့ အစိုးရအနေနဲ့ ဈေးကွက်ချိတ်ဆက်ဖို့အတွက် ဆောင်ရွက်စေချင်တယ်။ နောက်တစ်ချက်က ဒေသထွက်ကုန်တွေကို တန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ နိုင်ငံတကာကနည်းပညာတွေ ရင်းနှီးမြှုပ်နှံမှု တွေကိုလည်း ချိတ်ဆက်စေချင်တယ်။ ဒါတွေကို ဦးစားပေးဆောင်ရွက်မယ်ဆို ကျွန်တော်တို့ ဒေသအတွင်းမှာလည်း ကုန်ချောတွေ ဒေသထွက်ကုန်တွေကို ထုတ်လုပ်နိုင်မယ်ဆို ဒေသတွင်းဝင်ငွေ မြင့်မားလာမယ်။ နိုင်ငံတကာရဲ့ ဈေးကွက်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ (ဥပမာ-ကုန်စည်ဒိုင်မှာ ဆိုရင် အရည်အသွေး သတ်မှတ်ချက်ရယ်၊ သီးနှံအာမခံချက်ရယ်၊ ပမာဏတစ်ခု သီးနှံစုဆောင်းခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်ကို ချိတ်ဆက်နိုင်မယ်လို့) မြင်မိတယ်။ ဒါမှလည်း အနာဂတ်မှာ စိုက်ပျိုးတောင် သူတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပါ။

ဦးသောင်းညွန့်စိုး

(လောကအလင်းအဖွဲ့အစည်း)

လွှတ်တော်ကိုယ်စားလှယ်များဟာ အဓိကအနေနဲ့ သူတို့လုပ်ရမယ့်တာဝန်ရယ်၊ သူတို့ရဲ့ Roll တွေရယ်မှာ ဥပဒေပြုတဲ့အခန်းကဏ္ဍကိုပဲ တိတိကျကျလုပ်စေချင်တယ်။ မလိုအပ်ပဲ ဖွံ့ဖြိုးရေးကိစ္စတွေကို ဖောင်းပေးပြီးသွားလုပ်နေတာတွေဟာ ဥပဒေပြုရေးဘက်ကို အားနည်းသွားမလား၊ အားနည်း တာတွေကို လည်း တွေ့ခဲ့ရတယ်။ (၂၀၂၀)ပြည့်နှစ်အလွန်မှာ ဥပဒေပြုရေးမဏ္ဍိုင်ကို တိတိကျကျ လုပ်ကိုင်ဆောင်ရွက်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်စေချင်ပါတယ်။ အဲ့လိုလူမျိုးတွေ ပါလာလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြည်နယ်အစိုးရအနေနဲ့က ဇယား(၂)အရ လုပ်ပိုင်ခွင့်တွေ ဘောင်ကျဉ်းပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များဟာ တစိုက်မတ်မတ် တစ်ဆက်တည်း အာရုံစူးစိုက်ပြီး လုပ်ဖို့လိုတယ်။ ဒါမှသာ ဒီမိုကရေစီ အားကောင်း မောင်းသန်ဖြစ်ပြီးတော့မှ ဒီမိုကရေစီ ရှင်သန်အားကောင်းလာမယ်လို့ ကျွန်တော်တို့က မျှော်လင့်ပါတယ်။ လွှတ်တော်ဘက်ကတော့ တာဝန်ကျေသွားပြီ အစိုးရဘက်ကကော တာဝန်ကျေသလား။ ဒါကိုလည်း သူတို့ဘက်က အထူးဂရုပြုဖို့လိုတယ်။ ဒါမှ ဒေသန္တရအုပ်ချုပ်ရေးတွေ အားကောင်းလာမယ့် သဘောရှိတယ်။ ဥပမာ - စည်ပင်သာယာရေး ရွေးကောက်ပွဲတွေ ဆက်လုပ်လာနိုင်မယ်။ အဲ့ဒီကမှတဆင့် ပြည်သူလူထုတွေ တစ်သားထဲပါဝင်လာ နိုင်မယ့် ဒီမိုကရေစီအရွေ့ကို ရောက်မယ်လို့ မျှော်လင့်ပါတယ်။ လွှတ်တော်ဘက်ကလည်း တာဝန် ကျေပြီး အစိုးရဘက်ကလည်း တာဝန်ကျေဖို့လိုပါတယ်။ (၂၀၂၀)အလွန်မှာ အားကောင်းမောင်းသန် ဖြစ်မယ့် အစိုးရကို မျှော်လင့်ပါတယ်။ နောက်တစ်ခုအနေနဲ့ တိုင်းရင်းသားအရေးနဲ့ ပတ်သက်ပြီးပြော ချင်တာက မွန်ပြည်နယ်ဟာ တိုင်းရင်းသားတွေနဲ့ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားပြည်နယ် ဖြစ်တယ်။ လွှတ်တော်ကိုယ်စားလှယ်ထဲကနေ အနိုင်ရရှိပြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို ရောက်သွားကြတဲ့ တိုင်းရင်းသားရေးရာကိုယ်စားလှယ်တွေအနေနဲ့ ဌာနကနေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ ဒီကမှတဆင့်Carrier လုပ်သွားလို့ရတာမျိုး လုပ်လို့ရနိုင်မယ်။ ဒါက ပြည်နယ်အဆင့်ကို ပြောတာပါ။ ပြည်ထောင်စုအဆင့်အနေနဲ့ကလည်း ဥပဒေပြုရေး မဏ္ဍိုင်မှာ တိတိပပ ရပ်တည်ဖို့လိုမယ်။ ပြန်လာပြီးတော့မှ ဒေသဖွံ့ဖြိုးရေးတွေလုပ်တာမျိုး ဌာနတွေသွားပြီး အလွန် အကျွံဝင်ရောက် စွက်ဖက်တာမျိုး မလုပ်ကြပဲနဲ့ သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရကော လက်ရှိ သူတို့ရဲ့ လုပ်ပိုင်ခွင့်အရကော ပိုမိုပြီးလုပ်ဆောင်နိုင်မယ့် ဥပဒေပြုရေးအပိုင်းကို ပိုပြီး အာရုံစိုက်စေချင်ပါတယ်။

ဒေါ်အိကြာဖြူ

(Mon State Youth Affairs Committee)

(၂၀၂၀) အစိုးရက ပြည်သူတွေ ကိုယ်တိုင်တင်မြှောက်တဲ့ အစိုးရဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ လိုအပ်ချက် ပြည်သူတွေရဲ့အသံတွေကိုပဲ နားထောင်စေချင်တယ်။ အောက်ခြေထိလာပြီး လေ့လာစေချင်၊ တွေ့ဆုံဆွေးနွေး စေချင်တယ်။ လူငယ်တွေရဲ့ အသံကိုလည်း နားထောင်စေချင်တယ်။ ခလေးတွေ ကျောင်းထွက်နှုန်း လျှော့နည်းစေချင်တယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ဥပဒေကို တိတိပပကိုင်တွယ် စေချင်တယ်။ ကျောင်းနဲ့ဝေးကွာသွားတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ လျော့နည်းလာတယ်။ အဲ့ဒီကနေ မူးယစ်ဆေးဝါး သုံးစွဲတတ်လာတယ်။ တစ်ချို့ကျောင်းတွေက မူလွန်အဆင့်ပဲရှိတော့ အဲလိုကျောင်းတွေကိုလည်း အဆင့်တိုးမြှင့်စေချင်တယ်။ ချို့တဲ့နေတဲ့ကျောင်းသားတွေ သူတို့ရဲ့ မိသားစုတွေကို အစိုးရအနေနဲ့ ထောက်ပံ့ပေးစေချင်တယ်။ ပြည်ထောင်စုအဆင့်အနေနဲ့ကျတော့ အမျိုးသားရေးနဲ့ ပတ်သက်တာ၊ ပြည်နယ်မှာလိုအပ်တဲ့ဟာတွေကို ပြည်နယ်နဲ့ အမျိုးသားလွှတ်တော်က ကူညီဖြေရှင်း ပေးစေချင်တယ်။ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့လည်း ကြိုတင်ပြင်ဆင်မှုတွေ လုပ်စေချင်တယ်။ ပြန်လည်ထူထောင်တဲ့နေရာမှာလည်း အစိုးရအနေနဲ့ အများကြီး ပံ့ပိုးပေးစေချင်တယ်။ ဥပဒေနဲ့ပတ်သက်တဲ့ ကျင့်ဝတ်တွေ စည်းကမ်းချက်တွေကို အတတ်နိုင်ဆုံး လိုက်နာစေချင်တယ်။

ဒေါ်မိုးမိုးစံ

(May Thara Phu Philanthropic)

ကျိုက်မရောအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းမှာ ပထမ၊ ဒုတိယအနေနဲ့က ပညာရေးနဲ့ ပတ်သက်ပြီး ယခုပံ့ပိုးပေးနေတာထက် ပိုပြီးပံ့ပိုးပေးစေချင်တယ်။ တတိယအချက်ကတော့ ချေးငွေ ပြဿနာတွေကို ဖြေရှင်းပေးဖို့လိုတယ်။ လမ်းတံတားတွေတည်ဆောက်တဲ့နေရာမှာလည်း ချပေး လိုက်တဲ့တန်ဖိုးငွေတိတိကျကျကို သုံးစွဲကြစေလိုတယ်။ အစိုးရဘက်ကလည်း အဂတိလိုက်စားမှုကင်း ဖို့လိုတယ်။ အဓိကကတော့ လွှတ်တော်ထဲကိုရောက်သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက တိမ်းစောင်းနေတဲ့ လုပ်ဆောင်ချက်တွေကို ထိန်းညှိပေးရမှာ။ (၂၀၁၅) နောက်ပိုင်းမှာ ထိန်းညှိတာ တွေ နည်းခဲ့တဲ့အတွက် အဂတိလိုက်စားမှုတွေများလာတာ။ (၂၀၂၀)မှာတော့ အဲဒါတွေကို ကောင်း ကောင်းထိန်းညှိနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို မျှော်လင့်တယ်။ ဝန်ကြီးဌာနတွေဘက်က လည်း ထိထိရောက်ရောက်အရေးယူပေးဖို့ လိုအပ်တယ်လို့ ယူဆတယ်။ ရွေးကောက်ပွဲမတိုင်ခင် ပြောချင်တာက ကိုယ်မဲရဖို့တစ်ခုထဲအတွက် လူထုကို ဒုက္ခမပေးစေချင်ဘူး။ ခုလို COVID ကာလမှာ လူစုလူဝေးနဲ့ မဲဆွယ်စည်းရုံးရေးတွေ မလုပ်စေချင်ဘူး။ အတင်းအကြပ်ကြီး ရောဂါဖြန့်သလို မဖြစ်ဖို့ အကြံပြုချင်တယ်။ရွေးကောက်ပွဲပြီးတဲ့အခါပေးချင်တဲ့ မက်ဆေ့ချ်ကတော့ လူထုအသံကို နားထောင် ရာမှာ တလေးတစားနားထောင်ပေးဖို့ လိုတယ်။ နားထောင်လိုက်တဲ့အသံတိုင်းကိုလည်း တိတိကျကျနဲ့ လိုက်နာလုပ်ဆောင်ပေးဖို့ လိုတယ်။ ပေးထားတဲ့ကတိကိုလည်း မမေ့ပဲနဲ့ တိတိကျကျလုပ်ပေးပါ။ ဌာနဆိုင်ရာတွေရဲ့ ယိုယွင်းတဲ့ယန္တရားတွေကို တည့်မတ်ပေးတဲ့ ကဏ္ဍာတွေမှာပဲ ပါဝင်ပေးစေချင်တယ်။

ချောင်းဆုံမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

မိဝိဇယ

(Jamoi)

အနိုင်ရသွားတဲ့ပါတီ၊ လွှတ်တော်အမတ်လောင်းတွေ ပြည်ထောင်စုလွှတ်တော်ထဲကို ရောက်သွားတဲ့အခါကျရင် အဓိကဘာလုပ်စေချင်လဲဆိုတော့ ငြိမ်စုစည်းဥပဒေနဲ့ ၆၆ (က) လူထုတွေရဲ့ လွတ်လပ်စွာပြောဆိုခွင့်ကို တားမြစ်ထားတဲ့ ဥပဒေ (၂) ခုကို ပယ်ဖျက်စေချင်တယ် (သို့မဟုတ်) ပြန်ပြီးတော့မှ ပြုပြင်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီ ဥပဒေ (၂) ခုကြောင့် ပြည်သူတွေရဲ့ လွတ်လပ်စွာပြောဆိုခွင့်ကို ဆုံးရှုံးသွားတယ်။ နောက်တက်လာမယ့်အစိုးရကို လူထုတွေက ဝေဖန်ရမယ် ထောက်ပြရမယ်။ ဝေဖန်ထောက်ပြပိုင်ခွင့်မရှိဘူးဆိုရင် ကျွန်မတို့နိုင်ငံက တိုးတက်မှာ မဟုတ်ဘူး၊ ကျွန်မတို့ လိုလားတဲ့ ဒီမိုကရေစီလဲရရှိလာမှာ မဟုတ်ဘူး။ နောက်တစ်ခုကတော့ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်စေချင်တယ်။ လွှတ်တော်ထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ပြင်ဆင်ခွင့်ရမယ်ဆိုရင် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်တဲ့ အခင်းအကျင်းမျိုးကို ဖြစ်စေချင်တယ်။ အကယ်၍သာ ပြင်ဆင်တဲ့ကော်မတီကို ဖွဲ့မယ်ဆိုရင် တိုင်းရင်းသားလူဦးရေ အညီအမျှ ပါဝင်စေချင်တယ်။ ပြုပြင်တဲ့ ကော်မတီတွေထဲမှာ အဖွဲ့စည်းတစ်ခုတည်း တစ်ဦးတစ်ယောက်ထဲ လွှမ်းမိုးနေရင်တော့ ဒီပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ပြည်နယ်လွှတ်တော်ထဲမှာဆိုရင်တော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ဥပဒေတွေ မူဝါဒတွေကို ပြန်လည်ပြုပြင်စေချင်တယ်။ နည်းလမ်းအသစ်တွေကို လုပ်စေချင်တယ်။ အာမခံပေးနိုင်တဲ့ ပညာရေးစနစ်ကို ချမှတ်နိုင်မှသာလျှင် လူငယ်တွေကျောင်းပြီးရင် အလုပ်ကိုင်အခွင့်အလမ်းတွေပေါ်လာမယ်။ ကျွန်မအနေနဲ့ မူးယစ်ဆေးဝါးပြဿနာတွေကို အရင်ဆုံးဖြေရှင်းပေးစေချင်တယ်။ ဒုတိယတစ်ခုအနေနဲ့ ပညာရေးကို အရင်ဆုံးလုပ်စေချင်တယ်။

မိတင်ငွေးမွန် (Engineer)

ဒီရွေးကောက်ပွဲမှာ ပါသွားမယ့်ကိုယ်စားလှယ်တွေအနေနဲ့ မူးယစ်ဆေးနဲ့ ပတ်သက်တာတွေ ကို ပိုင်ပိုင်နိုင်နိုင်နဲ့ ထိထိရောက်ရောက် ပညာ ပေးတာပဲဖြစ်ဖြစ် ၊ လုံးဝ ပပျောက်သွားအောင် ပဲဖြစ်ဖြစ် လုပ်စေချင်တယ်။ ပြည်ထောင်စုအဆင့်မှာရှိတဲ့ ကိုယ်စားလှယ်တွေက ကိုယ့်နယ်ကလူဖြစ်တယ်ဆို ရင် ကိုယ့်နယ်ရဲ့လိုအပ်ချက်ကို ပိုသိတဲ့အတွက်ကြောင့်မို့ ပိုပြီးတော့ ထိရောက်တယ်။ Development ပိုင်းကိုပဲ သွားတာထက်စာရင် Sustainable Development ဖြစ်ဖို့ အတွက်ကိုလည်း အဆိုပြုစေချင်တယ်။ ပါတီမူဝါဒနဲ့ သွေဖယ်နေပါစေ မကိုက်ညီပါစေ ပြည်သူလူထုရဲ့ ဆန္ဒကိုဦးစားပေးတဲ့ ကိုယ်စား လှယ်တစ်ယောက် ဖြစ်စေချင်တယ်

အောင်ဇော်မျိုး (Dentist)

ဘီလူးကျွန်းဒေသမှာဆိုရင် မွန်တိုင်းရင်းသားများတယ်။ ကရင်နဲ့ ဗမာတွေလည်းရှိတယ်။ တိုင်းရင်းသားရေးရာ ကိစ္စတွေကို ကျွမ်းကျွမ်းကျင်ကျင်နားလည်တဲ့ အမတ်တွေ၊ တိုင်းရင်းသား အသံ နားထောင်ပေးတဲ့ အမတ်တွေကို မြင်ချင်ပါတယ်။ ဖွံ့ဖြိုးရေးအပိုင်းမှာဆိုရင်လည်း တခြား မြို့နယ် တွေထက် နောက်ကျတယ်။ တံတားပေါ်လာမှ သွားလာရေးက ပိုပြီးအဆင်ပြေလာတယ်။ ပညာရေး ပိုင်းနဲ့ ကြည့် မယ်ဆိုရင်တော့ မော်လမြိုင်နဲ့ မုဒုံတို့ထက် နိမ့်သေးတယ်။ အခုဆိုရင် ဘွဲ့ရပြီးတော့ အလုပ်မရတဲ့လူငယ်တွေရှိတယ်။ ဘွဲ့ရပြီးတော့ နိုင်ငံခြားမှာအလုပ်သွားလုပ်ရတဲ့ ရွှေ့ပြောင်းလုပ် သားပြဿနာတွေ၊ မူးယစ်ဆေးဝါးပြဿနာတွေရှိတယ်။ လူငယ်တွေနဲ့ ပက်သတ်ပြီးတော့ မူးယစ် ဆေးဝါးပြဿနာကို ကိုင်တွယ်စေချင်တယ်။ အလုပ်အကိုင်နဲ့ ပတ်သက်ပြီးတော့ ကျောင်းပြီးဘွဲ့ရထိ မဟုတ်ပဲနဲ့ အသက်မွေးဝမ်းကြောင်းနဲ့ ဆိုင်တဲ့ Vocational Training တွေအများကြီး ဖွင့်ဖို့လိုတယ်။ အခုကိုဗစ်ဖြစ်တော့ ပိုပြီးတော့ အလုပ်လက်မဲ့ဖြစ်တယ်။ လူငယ်တွေအလုပ်လက်မဲ့ဖြစ်ရင် အိမ်တွင်း စီးပွားရေးကို ထိခိုက်တယ်။ ဒါကြောင့် တိုင်းပြည်စီးပွားရေးကိုလည်း ပိုပြီးတော့ထိခိုက်စေတယ်။ နွေရာသီမှာဆိုရင် ချောင်းဆုံနဲ့ ဘီလူးကျွန်းတစ်ကျွန်းလုံးနီးပါး နှစ်တိုင်းရေရှားတယ်။ အရင်တုန်းက ဘီလူးကျွန်းဆိုတာက One Village One Product လို့ပြောလို့ရတယ်။ မုဒ္ဒန်းရွာဆိုရင် ကျောက်သင ပုန်းထွက်တယ်၊ ရွာလွတ်ဆိုရင် ဆေးတံထွက်တယ်၊ တခြားဆိုရင်ခြေသုတ်ခုံတွေ တံမျက်စည်းတွေ ထွက်တယ်။ အခုဆိုရင် တန်ဖိုးနိမ့်ပစ္စည်းတွေအနေနဲ့ပဲရှိတော့တယ်။ အဲ့ဒါကို လူတွေစိတ်ဝင်စားလာ အောင် ဘယ်လို Marketing ပြန်လုပ်မလဲ။

မင်းပြည့်ဟန်ထွန်း (Mother Land)

ဘီလူးကျွန်းမှာဆိုရင် အခုမှတံတားစဖွင့်တာက (၂) နှစ် (၃) နှစ် ပဲရှိသေးတယ်။ တံတားဖွင့် လာတဲ့အခါမှာ ရန်ကုန်၊ မန္တလေးဘက်နဲ့ တခြားနယ်က ခရီးသွားတွေက ဒီဘက်ကို အရောက်အ ပေါက်များလာတယ်။ ဒါကြောင့်မို့ ဘီလူးကျွန်းမှာ ခရီးသွားလုပ်ငန်းနဲ့ ပက်သတ်တဲ့ အရာလေးတွေကို ထောက်ပံ့ပေးနိုင်မယ့် အခွင့်အလမ်းတွေပေးနိုင်မယ်ဆိုရင် ပိုကောင်းမယ်။ ရာဘာကိုတော့ အဓိကထားပြီး စိုက်ကြတယ်။ နောက်ပိုင်းရာဘာဈေးတွေကျတော့ တချို့ရာဘာခြံရှင်တွေဆိုရင် ခုတ်ပြီးတော့ တခြားအသေးစားလုပ်ငန်းတွေကို တစ်နိုင်တစ်ပိုင် ထောင်ကြတယ်။ တစ်ချို့ကလည်း ဆိုင်ဖွင့်တယ် အရင်းနှီးကမရှိဘူး အစိုးရကနေပြီးတော့ အသေးစားလုပ်ငန်းရှင်တွေကို အသေးစားချေးငွေ လေးတွေ ချပေးနိုင်ရင် ပိုကောင်းတယ်။ အဲ့တော့မှ လုပ်ငန်းလည်ပတ်မှုက ပိုမြန်မယ်။ နောက်ပိုင်း ပုဂ္ဂလိကချေးငွေ ကုမ္ပဏီတွေက လာကြတယ်။ အဲ့ဒါတွေက များများယူရင် အဆင်မပြေဘူး၊ အာမခံပစ္စည်းတွေပေးရတာနဲ့ နောက်ဆက်တွဲ ကိစ္စတွေလည်းရှိတော့ အဆင်မပြေဘူး။ ဒေသအတွင်းမှာ အလုပ်အကိုင် ရှားပါးတဲ့အတွက်ကြောင့်မို့ လူငယ်တော်တော်များများက ပြည်ပထွက် အလုပ်လုပ်ကိုင်ကြတာများတယ်။ တစ်ချို့ဆိုရင် ကြုံရာကျပန်းပဲ လိုက်လုပ်ကြတာများတယ်။ အခုနောက်ပိုင်း တံတားလည်းထိုးထားတော့ လမ်းပန်းဆက်သွယ်ရေး ကောင်းလာတဲ့အတွက်ကြောင့် စက်မှု၊ လက်မှုလုပ်ငန်းမျိုးတွေ တနိုင်တပိုင်လုပ်နိုင်တဲ့ သင်တန်းလေးတွေ လုပ်ပေးနိုင်မယ်ဆိုရင် ပိုကောင်းတယ်။ မွန်တိုင်းရင်းသား ဘာသာစကားနဲ့ ပက်သတ်ပြီး သင်ပေးနိုင်တဲ့ လမ်းစလေးတွေဖြစ်ရင် ပိုကောင်းမယ်။

မင်းအောင်မြင့်

(Rahmonnya Business Institute)

လက်ရှိမွန်ပြည်နယ်ရဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ အပိုင်းတွေကို ပိုပြီးတော့အာရုံစိုက်စေချင်တယ်။ ဒီစီးပွားရေး လုပ်ငန်းတွေကိုဖွံ့ဖြိုးတိုးတက်မှုရှိလာအောင်လုပ်ဆောင် ပေးစေ ချင်ပါတယ်။ အခုကိုဗစ်ကာလမှာဆို ရင် လည်း ဒီလုပ်ငန်းတွေက အများကြီး ထိခိုက်မှု ရှိခဲ့တယ်။ ဒါကလည်း ကိုဗစ်ကြောင့်ကြီးပဲမဟုတ်ဘူး အရင်တည်းကလည်း ဒီစီးပွားရေးလုပ်ငန်းတွေက အားနည်းချက်တွေရှိခဲ့တယ်။ လာမယ့် (၂၀၂၀)မှာ အနိုင်ရလာမယ့် ကိုယ်စားလှယ်လောင်းနဲ့ အစိုးကနေပြီး တော့မှ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို များများကူညီပေးဖို့ လိုအပ်တယ်။ အထူးသဖြင့် မွန်ပြည်နယ်ကကြည့်မယ်ဆိုရင်တော့ စိုက်ပျိုးရေးအပိုင်းပါတယ်။ တခြားသော မွေးမြူရေးနဲ့ ပတ်သက်တဲ့ အပိုင်းလည်းဖြစ်နိုင်တယ်။ အဲ့ဒီကဏ္ဍတွေကိုတော့ ကောင်းကောင်းလေး လုပ်စေချင်တယ်။ အဲ့ဒီကနေ ထွက်လာတဲ့ ကုန်ကြမ်းတွေကို ဈေးကွက်ထဲမှာ ဘယ်လိုမျိုးနေရာရအောင် လုပ်ဆောင်မလဲဆိုတာက အစိုးရအပိုင်းပါ ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်တွေက ကောင်းကောင်းတင်ပြအုံးမှ ကိုင်တွယ်နိုင်မှာ ဖြစ်ပါတယ်။ မွေးမြူရေးမှာဆိုရင်လည်း သား၊ ငါး ကအစပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာဆိုရင် အရင်းအမြစ်တွေ အများကြီးပါတယ်။ အဲ့ဒီအရင်းမြစ်တွေကိုကောင်းကောင်းအသုံးချနိုင်မယ် ဆိုရင်တော့ ကျွန်တော်တို့မှာရှိတဲ့အသေးစား၊ အလတ်စားစီးပွား ရေးလုပ်ငန်းတွေက ပြုပြင်မှုတွေ အများကြီး လုပ်လာနိုင်မှာဖြစ်ပြီး ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ လူငယ်တွေအတွက်လိုအပ်တဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တွေ၊ အလုပ်ကိုင်အခွင့်အလမ်းတွေ၊ လူငယ်တွေ လမ်းမှားမရောက်အောင်၊ လူငယ်တွေအတွက် ဘ၀အာမခံချက်ရှိအောင် အနိုင်ရလာမယ့် ကိုယ်စားလှယ်တွေနဲ့ အစိုးရကနေပြီးတော့မှ ဒါကိုသေသေချာချာလေး လုပ်ပေးစေချင်တယ်။ ဒီတော့မှလည်း ပြည်နယ် တိုးတက်မယ်၊ တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုအနေနဲ့ အရမ်းကိုအရေးကြီးလာပါပြီ ဒါကိုတော့ ကျွန်တော့်အနေနဲ့ ဦးစားပေးလုပ်စေချင်တဲ့ အပိုင်းဖြစ်ပါတယ်။ မွန်ပြည်နယ်က တိုင်းရင်းသားပေါင်းစုံ နေထိုင်တဲ့ အထဲမှာပါတယ်။ ကျွန်တော်တို့ ပြည်နယ်ရဲ့ ငြိမ်းချမ်းရေး အပိုင်းကလည်း ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရမ်းကို အရေးကြီးတဲ့အထဲမှာပါတယ်။တိုင်းရင်းသားအခွင့်အရေးနဲ့ ပတ်သက်တဲ့အပိုင်းကို အလေးအနက်ထား လုပ်စေချင်တယ်။ ကျွန်တော်တို့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို ကိုယ်စားလှယ်တွေ၊ အစိုးရအနေမှ လုပ်ဆောင်သင့်တယ်။ လူငယ်တွေရဲ့ ဘ၀ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ရေတို၊ ရေရှည်စီမံကိန်းတွေ လုပ်ဆောင်ဖို့ လိုအပ်တယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခြေခံအခွင့်အရေးတွေကို အပြည့်အ၀ပေးဖို့ လိုအပ်တယ်ဆိုတဲ့အပိုင်းကို နောက်တက်လာမယ့် ကိုယ်စားလှယ်တွေကို တိုက်တွန်းပြောကြားချင်ပါတယ်။

မွန်ပြည်နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

မဇင်ဝင်းမွန်

(Mon State Youth Affairs Committee)

အဓိကကတော့ အစိုးရတစ်ရပ်ဖြစ်လာပြီဆိုရင်တော့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက လုပ်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ပြည်နယ်မှာက လိုအပ်ချက်တွေ အများကြီးရှိတယ်။ ဒီအ ပေါ်မှာ (၅) နှစ် ကာလအတွင်း ဖြည့်ဆည်းပေးစေချင်တယ်။ ဒါ့အပြင်တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ တိုင်းရင်းသား တွေရဲ့ လိုအပ်ချက်တွေကို အကောင်ထည်ဖော်ပြီးတော့မှ လုပ်ဆောင်ပေးဖို့ လုပ်စေချင်တယ်။ အစိုးရဘက်က နေပြီးတော့ ပြည်သူတွေရဲ့ အသံကိုနား ထောင်စေချင်တယ်။ အဓိကက လိုအပ်ချက်တွေမတူကြဘူး။ မတူနဲ့အခါမှာ ကိုယ့်ရဲ့အတွေးနဲ့ လုပ်တာထက် ပြည်သူတွေဆီကနေမှ လာတဲ့အသံကို သေချာနားထောင်မယ်။ နားထောင်ပြီတော့မှ တကယ်လိုအပ်တဲ့ဟာတွေကို ဖြည့်ဆည်းပေးပြီးတော့ လုပ်ဆောင်ပေးမယ့် ဟာမျိုး ဖြစ်စေချင်တယ်။ ကျွန်မတို့ မွန်ပြည်နယ်မှာဆိုရင်လည်း ဗမာ၊ ကရင်၊ ပအိုဝ်း၊ အဓိကကတော့မွန်ရှိတယ်။ တိုင်းရင်းသားတွေက စာပေဘက်မလုပ်ပေးနိုင်ရင်တောင်မှ ယဉ်ကျေးမှုဆိုတဲ့ အပိုင်းကို ဦးစားပေးပြီး လုပ်စေချင်တယ်။ စာပေအပိုင်းမှာဆိုရင် အများကြီးရှိတယ်။ မွန်မှာဆိုရင်တော့ တစ်မျိုးပဲရှိတယ်ဆိုပေမယ့် တခြားသောတိုင်းရင်းသားတွေ မှာဆိုရင် အများကြီးရှိတယ်။ ဆိုတော့ ဒီစာပေတွေကိုလည်း တက်နိုင်သလောက် ပံ့ပိုးပေးတဲ့ဟာမျိုး လုပ်စေချင်တယ်။ အမျိုးသားကျောင်းတွေရှိတယ်။ နွေရာသီမှာ ဖွင့်တဲ့ကျောင်း တွေရှိတယ်။ ဒီလိုမျိုး ကျောင်းတွေမှာလည်း ပြည်နယ်အနေနဲ့ ဘက်ဂျက်တစ်ခုအနေနဲ့ လိုင်းတစ်လိုင်းအနေနဲ့ သွားပြီးတော့ တိုင်းရင်းသားတွေရဲ့ စာပေတွေကို မြှင့်တင်ပေးဖို့ လုပ်စေချင်တယ်။ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု ဆိုရင် နှစ်စဉ်ကျင်းပနေတဲ့ ယဉ်ကျေးမှုတွေရှိနေသလိုမျိုးပဲ ဝတ်စားဆင်ယဉ်မှုနဲ့ ပတ်သက်ပြီး ပံ့ပိုး ပေးတဲ့အပိုင်း၊ ဆို၊ က၊ ရေး၊ တီးလုပ်မယ်ဆိုရင်လည်း တိုင်းရင်းသားတွေရဲ့ တကယ့်ရိုးရာတွေကို ခေါ် ပြီးတော့မှ သရုပ်ပြမဟုတ်ပဲနဲ့ တစ်ခါတစ်လေကျရင် ကြုံဖူးတယ် ကိုယ်စားပြုမှုအနေနဲ့ ခေါ်သွားတယ်။ တကယ်မွန်တွေရာ ဟုတ်လား၊ ကရင်တွေရောဟုတ်လား ဆိုတာမသိနိုင်ဘူး။ တကယ်ကိုယ် စားပြုမှုနဲ့ ဆို၊ က၊ ရေး၊ တီးတွေကို ပြန်လုပ်ပေးရမယ်ဆိုနဲ့ဟာမျိုးတွေ၊ အသိမှတ်ပြုတဲ့ဟာမျိုးတွေ ပြန်လုပ်ပေးရမယ်။ သူတို့ရဲ့ ယဉ်ကျေးမှုနဲ့ပက်သတ်ပြီးတော့မှ စာပေယဉ်ကျေးမှုအသင်းတွေရှိတယ်။ အဲ့ဒီအသင်းတွေကို ပံ့ပိုးပေးတဲ့အရာ ငွေကြေးဖြစ်စေ၊ လုပ်ပိုင် ခွင့်အရသော် လည်းကောင်း လုပ်ပေးခြင်းအားဖြင့်လည်း တိုင်းရင်းသားတွေကို အသိမှတ် ပြုပေးခြင်းဖြင့် ပြည်နယ်အတွက် ယုံကြည်မှု ပိုပြီးတော့မှ ပြန်ရလာမယ်။ လုပ်ငန်းဆောင်တာတွေ ဖော်တဲ့အခါမှာ တိုင်းရင်းသားတွေရဲ့ ဒေသနဲ့ကိုက်ညီတဲ့အရာတွေရှိတယ်။ အဲ့ဒါတွေကိုလည်း

လုပ်ဆောင်ပေး စေချင်တယ်။ မွန်ပြည်နယ် မှာဆိုရင် တိုင်းရင်းသားအထိမ်းအမှတ်နဲ့ ပက်သက်တဲ့ အဆောင်အအုံတွေ အများကြီးရှိတယ်။ ပြီးတော့မှ ပျက်ဆီးသွားတဲ့ အရာတွေလည်း အများကြီး ရှိတယ်။ အဲ့ဒါတွေကိုလည်း ပြန်လည်ပြီးတော့မှ ထိန်းသိမ်းတဲ့အပိုင်းတွေကို လုပ်ပေးခြင်းအားဖြင့် တိုင်းရင်းသားတွေရဲ့ အပေါ်မှာလည်း ယုံကြည်မှု တည်ဆောက်ပြီးသားဖြစ်သလို နိုင်ငံနဲ့မကြည်ရင် တောင်မှ ပြည်နယ်တွင်းမှာရှိတဲ တိုင်းရင်းသားတွေရဲ့ အချင်းချင်း ကြားထဲမှာလည်း ပိုပြီးတော့မှ ခိုင်မာကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခုကို လုပ်နိုင်မယ် အဲ့ဒီအပိုင်းတွေလုပ်ပေးရင် အဆင်ပြေတယ်။

နိုင်ထွန်းမြင့်

(Mon Youth Association, Mudon)

ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံးလိုအပ်နေတဲ့ စားဝတ်နေရေး ပြေလည်ရေးကို လုပ် စေချင်တယ်။ အဲ့ဒါကိုသွားနိုင်ဖို့က ကျွန်တော်ယုံကြည်ထားတာက နိုင်ငံငြိမ်းချမ်းရေး အမြန်ရဖို့။ ငြိမ်းချမ်းရေး အမြန်ရဖို့ ဆိုတာက ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်မှ အဆင်ပြေမယ်ဆိုပြီး တော့ ယုံကြည်ချက်ရှိတယ်။ မုဒုံမြို့နယ်ထဲက ပြည်သူတွေပေါ့နော် စီးပွားရေး ဆိုင်ရာ အခက်ခဲတွေ နယ်မြေဒေသမှာ ရာဘာ အများဆုံးထွက်တယ် နောက်ပြီးတော့ ဆန်စပါးတွေက အဓိကကျတယ်။ ဒါတွေကို ထိန်းကျောင်း ပေးပြီးတော့ လမ်းကျောင်းပေးမယ့် Marketing လုပ်ပေးမယ့် အစိုးရတစ်ရပ် ရယ်၊ အဲ့ဒါကို အကောင်ထည်ဖော်ပေးမယ့် ဒေသဆိုင်ရာ အသင်းအဖွဲ့တွေ လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်ရှိဖို့။ ရာဘာထွက်ကုန်ပစ္စည်းတွေအတွက် ဈေးကွက်ရှိနိုင်ဖို့ တစ်နိုင်ငံတည်းကို ဦးစားမပေးပဲနဲ့ Resource တွေက ရှိနေတယ်။ဒီ Resourceကို ဘယ်လို အရည်သွေးမှီအောင်လုပ်မ လဲ။ စိုက်ပျိုးရေးဆိုင်ရာတွေကို ဘယ်လို Upgrade လုပ်နိုင်မလဲပေါ့။ ဒီကိစ္စကို အကြံပြုစေချင်တယ်။ မုဒုံမြို့နယ်မှာဆိုရင် မိုးတွင်းတိုင်း ရေကြီးတာမျိုးရှိတယ်။ ဒါကို နောက်တက်လာမယ့် အစိုးရက ပြန် ပြီးပြင်ဆင်တာမျိုးတွေ လုပ်စေချင်တယ်။ နောက်တက်လာမယ့် အစိုးရကို ဒီမိုကရေစီ နည်းကျကျ မဲပေးရမယ်ဆိုတော့ ပြည်သူပြည်သားတွေအနေနဲ့ ကိုယ်လိုချင်တဲ့ စနစ်မျိုးကို သွားနိုင်ဖို့ရာ မှန်ကန် စွာရွေးချယ်ဖို့လိုတယ်။

ဦးခင်စိုး (Business Man)

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ SME ဖွံ့ဖြိုးတိုးတက်မှုဖြစ်မယ်။ SMEတွေကို ချေးငွေချ ပေးတာတော့ရှိတယ် ကျွန်တော်တို့ဆီတော့ မရဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ နည်းပညာ ပိုင်းဆိုင်ရာကို ထောက်ပံ့ ပေးစေချင်တယ်။ SME လုပ်ငန်းတွေကောင်းရင် သူတို့ကိုမှီခိုနေ တဲ့ မိသားစု တိုင်းတစ်ပါးသွားပြီးတော့ အလုပ်လုပ်ရတဲ့ အခါမှာ လျော့နည်းလာမယ်။ ပြည်တွင်း အလုပ်အကိုင်ရှားပါးမှု လုပ်ခလစာ ကွာဟမှုတွေလည်း ရှိတယ်။

နိုင်မွန်စောနွယ်

(Development Association)

မွန်တိုင်းရင်းသားတွေ အများဆုံးနေထိုင်တဲ့ အနေထားမှာဆိုရင် ရွေးကောက်ပွဲ (၂) ခါ ပြီးသွား ပြီ။ ဘယ်ပါတီတွေက အာရုံစိုက်ပြီး လုပ်ပေးတာ သိပ်မရှိဘူး။ ကျွန်တော်တို့ မွန်လူမျိုးတွေ အနေနဲ့က ကိုယ့်ရဲ့ မိခင်ဘာသာစကားနဲ့ ကြိုးစားခွင့် ရှင်သန်ခွင့် အခွင့်အရေး ဆုံးရှုံးခဲ့တယ်။ ရှေ့လာမယ့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေကို ကိုယ်စားပြုမယ့် တိုင်းရင်းသားအကျိုးပြုမယ့် ကိုယ်စားလှယ်တွေကို ဖြစ်စေချင်တယ်။ အစိုးရအပိုင်းအနေနဲ့ကျတော့ ဌာနေတိုင်းရင်းသားတွေရဲ့ ပညာရေးကို ဦးစားပေး စေချင်တယ်။ ပညာမြင့်မှ လူမျိုးတင့်မည်ဆိုတော့ တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီးတော့ ပညာရေးစနစ်ကို တစ်ခုတည်းပဲချမှတ်ပြီးတော့ အကောင်အထည်ဖော်တာဆိုတော့ တိုင်းရင်းသားတွေအတွက် နစ်နာတယ်။ ဘယ်လိုနစ်နာလဲဆိုတော့ မိခင်ဘာသာစကားနဲ့ သင်ကြားခြင်းမခံခဲ့ရဘူးဆိုတော့ အခြေခံပညာ အထက်တန်း အဆင့်ထိ ဘာမှနားလည်နိုင်တဲ့ အနေထားမရှိဘူး။ မွန်ပြည်နယ် အောင် ချက်ကောင်းတယ်ဆိုတာက အလွတ်ကျက်လာတာများတယ်။ အဲ့ဒီကလေးတွေကသာ မိခင်ဘာသာစကားနဲ့ သင်ကြားခွင့်သင်ယူခွင့်ရမယ် ဆိုရင်တော့ အလိုလို ထက်မြတ်နိုင်တဲ့

အနေထားရှိတယ်။ အခုကျတော့ ကျောင်းပြင်ပရောက်သွားတဲ့ ကလေးတွေက အလေလွင့်ပြီး လမ်းဆိုးဘက် ရောက်သွားနိုင်တဲ့ အနေထားရှိတယ်။ ပညာရေးကောင်းနေရင် မိခင်ဘာသာကို အခြေပြုပြီး သင်ကြားရင် နားလည်လွယ်တဲ့အတွက် ကျောင်းကိုလွယ်လွယ်နဲ့ ထွက်တော့မှာ မဟုတ်ဘူး။ ဌာနေတိုင်း ရင်းသားတွေအတွက် ပညာရေးလမ်းကြောင်းပွင့်လန်းလာအောင် အခွင့်လမ်းရလာအောင် ကြိုးစား စေချင်တယ်။ ဌာနေတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်း ဥပဒေကို ဖော်ထုတ်စေချင်တယ်။ ပြည်သူတွေ အသုံးပြုနေတဲ့ မြေယာဓလေ့ ထုံးတမ်းဥပဒေကိုလည်း ပွင့်ပွင့်လင်းလင်း ရှင်းရှင်းလင်းလင်းနဲ့ ပြည်သူတွေရပ်တည်နိုင်အောင် ပိုင်ဆိုင်နိုင်အောင် ဥပဒေပြုစေချင်တယ်။ ဥပဒေပြုတိုင်း ပြုတိုင်းမှာ ဌာနေတိုင်းရင်းသားတွေအတွက် အထူးပြုပြီးတော့ ဥပဒေပြုသင့်တယ်။ ဥပဒေထဲမှာတော့ ရှိပေမယ့် လက်တွေ့ကျကျ အကောင်ထည်ဖော်နိုင်ခြင်း မရှိသေးဘူး။ ပြီးခဲ့တုန်းကဆိုရင် တံတားတစ်ခုရဲ့ နာမည်ကိုတောင်မှ လွှတ်တော်ရဲ့ အနိုင်ယူဆုံးဖြတ်ခွင့်ကို ခံခဲ့ရတယ်။ နောက်လာမဲ့ လွှတ်တော်နဲ့ အစိုးရကို ဌာနေတိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်ကို သီးခြားဆွေးနွေးသင့်တယ်လို့မြင်တယ်။ ခုပြဿနာအား လုံးမှာကျတော့ ငြိမ်းချမ်းရေး ရှည်ကြာနေတဲ့ကာလက ဌာနေတိုင်းရင်းသားတွေရဲ့ အခွင့်ရေးကို ထည့်သွင်းစဉ်းစားခြင်း မရှိသေးဘူးလို့ မြင်တယ်။

မော်လမြိုင်မြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

ဦးကြည်ဇော်လွင်

(Mon State Youth Affairs Committee)

လွှတ်တော်ကိုယ်စားလှယ်တွေက ထိန်းကျောင်းတဲ့အခါကြရင်တော့ သေချာတာ ကိုယ့်ရဲ့ တာဝန်ကို ပီပီပြင်ပြင် ဖြည့်ရတဲ့အတွက်ကြောင့်မို့ ပါတီတစ်ခုတည်းကပဲနိုင်သည်ဖြစ်စေ ပါတီတစ်ခု ချင်းဆီကပဲ နိုင်သည်ဖြစ်စေ အစိုးရကိုတော့ ထိန်းကိုထိန်းကျောင်းရမယ်။ အစိုးရထိန်းကျောင်းတာ ဘာလဲလို့ပြောရင်တော့ ဒီမိုကရေစီ ယဉ်ကျေးမှုအရ ထိန်းကျောင်းတာလဲဖြစ်သလိုပဲ ပြည်သူ့တာဝန်ခံမှုကို ဖော်ဆောင်တဲ့

အတွက်ကြောင့် ထိန်းကျောင်းတာလဲဖြစ်တယ်။ ဒီထိန်းကျောင်းတဲ့အလုပ်ကိုတော့ ပြည်သူ့မျက်နှာကို ကြည့်ပြီးလုပ်ဖို့တော့လိုတယ်။ တစ်ခါတစ်လေကျရင် အစိုးရသက်တမ်း နှစ်ဆက်အတွေ့ကြုံ အရတော့ ပုံမှန်အားဖြင့် ပြည်သူတွေက ပါတီကိုကြည့်ပြီးမဲပေးကြတဲ့အတွက်ကြောင့် ကိုယ်စားလှယ်တွေက ပါတီကို သစ္စာခံလေ့ရှိတယ်၊ ပြည်သူကိုသစ္စာခံမှု အားနည်းတယ်ဆို တော့ ကျွန်တော်တို့ အနာဂတ်ကာလကိုတော့ ပြည်သူကိုလည်း သစ္စာခံဖို့လိုတယ်ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ထိန်းကျောင်းမှုကို လုပ်မယ်ဆိုရင် အဲ့ဒီအချက်ကိုစဉ်းစားဖို့လိုတယ်။ တစ်ခါတစ်လေကျ တော့ ပါတီကိုသစ္စာခံရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အစိုးရကိုထိန်းကျောင်းမယ်ဆိုရင် အနည်းငယ် အဟန့်အတားဖြစ်နေတာကို အစိုးရသက်တမ်းနှစ်ဆက်လုံးမှာ တွေ့ခဲ့ရတဲ့အတွက်ကြောင့် အနာဂတ် ကာလမှာကျရင်တော့ ဒီအချက်ကို လွှတ်တော်ကိုယ်စားလှယ် ဖြစ်သွားတဲ့သူတွေက သေချာလေး ထည့်သွင်းစဉ်းစားပြီး ချိန်ထိုးထားနိုင်ဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အဖြစ် ရပ်တည်ရုံတင်မကဘူး ရေးရာကော်မတီတွေ လုပ်ငန်းကော်မတီတွေမှာ ပါဝင်ရတဲ့အခန်း ကဏ္ဍာတွေက ပိုပြီးတော့ ကိုယ့်ရဲ့သမရိုးကျ အလုပ်ထက်စာရင် ပိုကျယ်ပြန့်တဲ့ အပိုင်းတွေ ရှိလာတယ်။ ရှိလာတဲ့အခါကျတော့ ဒီအလုပ်တွေကို ကိုယ်က Extra Job အနေနဲ့လုပ်ရတာဖြစ်တဲ့ အတွက်ကြောင့် ကိုယ့်ရဲ့ နားလည်မှု၊ တတ်ကျွမ်းမှု ဥပဒေကျောင်းအရ ကိုယ့်ရဲ့ဆင်ခြင်တုံတရားတွေရဲ့ အခန်းကဏ္ဍာလည်း အရေးတကြီးလိုလာတယ်။ ဒီအခြေနေတွေကို ကျွန်တော်တို့က ဘယ်လောက်ထိ နားလည်မလဲပေါ့ ကိုယ်တွေချည်းပဲ မဟုတ်ပဲနဲ့ တတ်ကျွမ်းနားလည်တဲ့ သူတွေနဲ့ ဘယ်လောက် ပေါင်းစပ်ညှိနှိုင်းပြီး လုပ်မလဲ။ နောက်ပြည်သူ့အသံကို ဘယ်လောက်နားထောင်မလဲ။ ဒါကလွှတ်တော်ကိုယ်စားလှယ် အဖြစ်အနိုင်ရရင် လုပ်ကိုလုပ်ရမယ့် အခြေနေရှိတယ်။ လွှတ်တော်အစိုးရသက်တမ်းနှစ်ဆက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့တွေ ပြည်နယ်အစိုးရအဖွဲ့ဝင်တွေ လွှတ်တော်နဲ့ ပတ်သက်လာတဲ့အခါ ကျရင် အမြဲတမ်းရှောင်လွဲတဲ့အချက်ကို တွေ့ရတယ်။ ဘာလဲလို့မေးရင် အစိုးရအဖွဲ့က သူတို့ ကောင်းတာပဲလုပ်တယ် လွှတ်တော်ကဘာလို့ ထိန်းကျောင်းနေတာလဲဆိုတဲ့မေးခွန်း အမြဲတမ်း ရှိနေ တယ်။ လွှတ်တော်ရဲ့ထိန်းကျောင်းမှုကို မခံတာတွေ လွှတ်တော်ကမေးတဲ့မေးခွန်းတွေကို မနှစ်မြို့တာ တွေ တွေ့ရတယ်။ စိတ်ထဲကနေရှိရင်တောင် စွန့်လွှတ်ရမယ်။ ကျွန်တော်တို့ ဒီမိုကရေစီရဲ့ Principle အရ လွှတ်တော်ရဲ့ ထိန်းကျောင်းခြင်း လွှတ်တော်ရဲ့ အတိုက်အခံပြုခြင်း၊ အတိုက်ခံပါတီရဲ့ အတိုက်အခံပြုခြင်း ကိုတောင်မှ မဖြစ်မနေဖြတ်သန်းရမှာ ဖြစ်သလို ကျင့်သုံးရမှာလည်း ဖြစ်တဲ့အတွက် ဒီဟာကိုတော့ စိတ်ထဲမှာ မနှစ်မြို့ရင်တောင်မှ ဖယ်ထုတ်ထားဖို့ တိုက်တွန်းချင်ပါတယ်။

မိငွေလေး

(Mon Women Network - MWN)

ကျွန်မတို့မွန်ပြည်နယ်အနေနဲ့ ကြည့်လိုက်လို့ရှိရင်တော့ အခုရာဘာဈေးဆိုရင် အရမ်းပဲကျနေတဲ့ အနေထား အဲ့ဒါတစ်ခုတောင်မှ ကျွန်မတို့ မွန်ပြည်နယ်အစိုးရအနေနဲ့ လုပ်ပေးနိုင်မယ်ဆိုရင် တောင်မှ ပြည်သူလူထုတစ်ရပ်ရဲ့ ယုံကြည်မှုက တော်တော်တက်လာမယ်လို့ မြင်တယ်။ ဒါကဥပမာ တစ်ခုအနေနဲ့ပေါ့နော်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲလည်း ကိုယ်စားလှယ်တွေက ကတိကဝတ်တွေ အများ ကြီးပေးခဲ့တာတော့ရှိတယ်။ ဒါပေမယ့်ပြန်ကြည့်လိုက်တဲ့အခါမှာ ပေးထားတဲ့ ကတိကဝတ်အတိုင်း တကယ်မလုပ်ဆောင်နိုင် တဲ့အခါကျတော့ ပြည်သူတွေရဲ့ ယုံကြည်မှုတအားကျစေတယ်။ ကိုယ်ပေး ထားတဲ့ ကတိကဝတ်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျကျ လုပ်စေချင်တယ်။ နောက်တစ်ခု ကျတော့ ကျွန်မတို့အခြေခံလူတန်းစားအနေနဲ့ တကယ့်အခြေခံ စားဝတ်နေရေးပြေလည်ဖို့ရယ်၊ ကိုယ့်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို များများလုပ်စေချင်တယ်။ (၂၀၀၈) ဖွဲ့စည်းပုံမှာကျတော့ လုပ်ပိုင်ခွင့် ဇယားတွေ ကိုချထားတဲ့ အနေအထားမှာရှိတယ်။ (၂၀၀၈)မှာ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံကကျတော့ (၂၀၁၀၊ ၂၀၁၅) လွှတ်တော်ထဲမှာကျတော့ ကျွန်မတို့ပြန်ကြည့်လိုက်ရင် အများကြီး ပြောင်းလဲထားတာ မရှိသလောက်ပဲလို့ ပြောလို့ရတယ်။ ပြည်နယ်နဲ့ ပြည်ထောင်စုကို ခွဲခြားထားတဲ့ ဇယားကွက် (၂ နဲ့ ၅) မှာဆိုရင် ပြန်ကြည့်လိုက်တဲ့အခါမှာ တစ်ချို့သောအရာတွေက လုပ်ပိုင်ခွင့် ရှိရက်သားနဲ့ မလုပ်နိုင်တဲ့အရာတွေ ပြည်နယ်ဘက်မှာ အများကြီးရှိတယ်။ တိုင်းရင်းသားအရေး အနေနဲ့ ပြန်စဉ်းစားလိုက်မယ်ဆိုရင် စာပေယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ကိစ္စကို တကယ် လွတ်လွတ်လပ်လပ်လေးနဲ့ ပြောရေးဆိုခွင့် ပြောပိုင်ခွင့်ကို တကယ်ပဲ လွှတ်တော်ထဲမှာ သေသေချာချာ ဆွေးနွေးတိုင်ပင်ပြီးတော့ လုပ်ပိုင်ခွင့်တွေ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်တွေ ကောင်ကောင်းလေး အဆိုတင်သွင်းထားတာမျိုး လုပ်စေချင်တယ်။

ဦးမိုးကျော်

Ngwe Moe (Hotel, Construction, Bank)

အလုပ်အကိုင်အခွင့်လမ်းတွေကို ပေါ်အောင်လုပ်စေချင်တယ်။ အခုတွေ့ရတာက လူတွေက အားနေတယ်။ မအားအောင်ကျတော့လည်း အလုပ်အကိုင်တွေရဖို့ လိုအပ်တယ်။ ကြံ့ခိုင်ရေး (၅)နှစ်ကိုကြည့်လိုက်တယ် Pro-One ပေါ်လာတယ်။ Ocean Market တွေပေါ်လာတယ်၊ ဘီးလပ်မြေစက်ရုံတွေ ပေါ်လာတယ်။ ဘာပဲပြောပြော အလုပ်ကိုင်တွေအများကြီးရတယ်။ ဒီဘက် (၅)နှစ်ကိုကြည့်လိုက်တာ မတွေ့ဘူး အခုဆိုရင် SCG စက်ရုံတောင် ပြန်ပိတ်ရတဲ့ အနေအထားဖြစ်လာပြီ။ လူက (၁၀၀၀) လောက်အလုပ်လက်မဲ့ဖြစ်ပြီ အဲ့ဒီ (၁၀၀၀) တင်မကဘူး အဲ့ဒီကနေ သဲသွင်းတဲ့သူ ကျောက်သွင်းတဲ့သူ မော်တော်ကားတွေ လှေတွေပါဆိုတော့ အများကြီးပဲ ရိုက်ခတ်သွားတယ်။ ဒီကနေ ဘိလပ်မြေသယ်တဲ့ ကားတွေ ပစ္စည်းပို့တဲ့ကားတွေ အလုပ်လက်မဲ့တွေဖြစ်တယ်။ အဲ့ဒီကားတစ်စီးမှာဆိုရင် အလုပ်သမားတွေ အများကြီးရှိတယ် သူတို့ရဲ့အနောက်မှာ မိသားစုတွေလည်း အများကြီးရှိတယ်။ ဦးတို့ပြောချင်တာကတော့ အလုပ်အကိုင်အခွင့်အလမ်းရအောင် လုပ်ပေးစေချင်တယ်။ ကျွန်တော်တို့ အမြင်အရ လုပ်ငန်းတွေ အောင်မြင်ဖို့ဆိုရင် မိသားစုတစ်စုပဲဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခုပဲဖြစ်ဖြစ်၊ အဖွဲ့စည်းတစ်ခုပဲဖြစ်ဖြစ် အောင်မြင်ဖို့ရာ လုပ်တဲ့သူတွေ စည်းစည်းရုံးရုံးရှိဖို့ပဲလိုတယ်။ ပြောချင်တာက လွှတ်တော်ဆိုရင်လည်း သူ့တာဝန်နဲ့သူ သူ့လုပ်ပိုင်ခွင့်ထဲမှာ သူ့ဘောင်ထဲမှာ တစ်ယောက်နဲ့ တစ်ယောက်မာနတွေ အာဃာတတွေမထားပဲနဲ့ ရှင်းရှင်းပြောရင် တိုင်းပြည်မျက်နှာတစ်ခုတည်း ကြည့်ပြီးတော့ အားလုံးပူးပေါင်းပြီး လုပ်မှပေါ့။ ရွေးကောက်ပွဲမှာတော့ ပြိုင်ကြတာပဲပေါ့ ကျွန်တော်တို့အနေနဲ့ အခုကွန်ကရစ်စက်ရုံတည်ထားတယ်။ တည်ထားတော့ လုပ်ငန်းတစ်ခုဆိုရင် တင်ဒါခေါ်တယ်။ တင်ဒါကလုပ်ငန်း အားလုံးကို မခေါ်ဘူး။ ဥပမာ လုပ်ငန်း (၂၀) ရှိတယ်ဆိုရင် (၁၀) ခုကို ဌာနကလုပ်တယ်၊ ကျန်တဲ့ (၁၀)ခုကို တင်ဒါခေါ်တယ်။ တင်ဒါပေးတဲ့အချိန်မှာ အမျိုးမျိုးရှိတယ်။ တကယ်အလုပ်လုပ်နိုင်တဲ့ သူကိုပေးတာရှိသလို အလုပ်မလုပ်နိုင်ပဲ ပေးရမယ့် သူကိုပေးတာလဲရှိတယ်။ အဲ့ဒီအခု (၂၀) မှာ ကျွန်တော်တို့အနေနဲ တစ်ခုပဲရရင်ရမယ်။ အဲ့ဒီတစ်ခုပဲရလို့ ကျွန်တော်တို့က တခြားသူတွေကို မကောင်းထိုင်ပြောနေမယ် မကျေမနပ်တွေဖြစ်နေမယ် ဆိုရင် ကျွန်တော်တို့ မတိုးတက်ဘူး။ အဲ့ဒီတော့ ပြောချင်တာက ရွေးကောက်ပွဲမှာ နိုင်တာလဲရှိမယ် ရှုံးတာလည်းရှိမယ် အမျိုးမျိုးရှိမယ် ရန်သူဖြစ်လို့မရဘူး မိတ်ဖက်ဖြစ်ရမယ်။ မိတ်ဖက်ဖြစ်ပြီးတော့ ကျွန်တော်တို့ ပြန်ပြီးပေါင်းစပ်တက်ရမယ်။ ပြိုင်တာကတစ်ခြမ်း အားလုံးကမိတ်ဖက် အားလုံးက နိုင်ငံကောင်းဖို့၊ ပြည်နယ်ကောင်းဖို့ ဆိုတဲ့စိတ်နဲ့ လုပ်စေချင်တယ် လုပ်ရင်တော့လည်း ပိုပြီးတော့ အောင်မြင်ကြမှာပါ။

ဦးစိုးမိုးအောင်

(ဂျပန် လက်နှိပ်အကြောပြင်)

မသန်စွမ်းကိစ္စနဲ့ပက်သတ်ရင်တောင်မှ မသန်စွမ်းပိုင်း မှာ ဆိုရင် အမျိုးကြီးရှိတယ်။ အမြင်အာရုံ အားနည်းသူရှိတယ်၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူရှိတယ်၊ အကြားအာရုံ အားနည်းတဲ့သူတွေရှိတယ်၊ဉာဏ်ရည် မမီတဲ့ အပိုင်းတွေလည်းရှိတယ်။ မသန်စွမ်း ကိစ္စနဲ့ပက်သတ်တဲ့ ကိစ္စရပ်တွေနဲ့ အဓိက လူမှုဝန် ထမ်းဌာနဆိုင်ရာတွေမှာက အခုအစိုးရအဖွဲ့(၂)ဆက်မှာဆိုရင် ကျွန်တော်တို့အကြီးကြီးမျှော်လင့်ခဲ့တာ Disable Law ကို အခိုင်မာဖြစ်ဖို့။အခုလည်း လုပ်တော့လုပ်နေပါတယ် ရေးဆွဲတယ် ဒါပေမယ့် နည်းဥပဒေ အတိ အကျ ကို အခုချိန်ထိဖော်ဆောင် နိုင်ခြင်းမရှိသေးဘူး။ Special Education လို့ခေါ်တဲ့အပိုင်းတွေရှိတယ် အဲ့ဒီအပိုင်းတွေမှာလည်း ပီပီပြင်ပြင် ဖော်ဆောင်နိုင်ခြင်း မရှိသေးပါဘူး။ ယခင်ကသွားတဲ့ Inclusive ဆိုတာရောယှက်ပညာရေးပေါ့နော် အဲ့ဒီပညာရေးစနစ်ကလည်း ယခင် (၂၀၁၀) မတိုင်ခင်တုန်း ကတောင်မှ စူးစိုက်မှုရှိသေးတဲ့အတွက် နည်းနည်းပီပြင်သေးတယ် ပြောရအုံးမယ်။ ဒါပေမယ့်လည်း (၂၀၁၀) နောက်ပိုင်းကနေစပြီးတော့ အခု (၂၀၂၀)ထိကို သိပ်ပြီးပီပီပြင်ပြင် မရှိတော့တဲ့အပိုင်းမှာ ရှိတယ်။ ဘယ်အစိုးရပဲဖြစ်ဖြစ် ဘယ်ပါတီပဲဖြစ်ဖြစ် နိုင်လို့တက်လာခဲ့ရင် ကျွန်တော်တို့ရဲ့ မသန်စွမ်းနဲ့ ပတ်သက်တဲ့နည်းပညာထောက်ပံ့ရေး အဓိကပြောချင်တာက ငွေထောက်ပံ့ရေးမဟုတ်ဘူး နည်းပညာ ထောက်ပံ့ရေး၊ နည်းပညာဆိုတာ ကျွန်တော်တို့ လုပ်ကိုင်ရတဲ့ Technic အပိုင်းတွေနဲ့ပက်သတ်ပြီး မသန်စွမ်းအချင်းချင်းထောက်ပံ့နိုင်တဲ့ Center လိုအပ်တဲ့အပိုင်းပေါ့။ Education နဲ့ပတ်သက် တဲ့ အပိုင်းတွေမှာဆိုရင် သက်ဆိုင်ရာမျက်မမြင်ကျောင်းတွေမှာ (၄)တန်းထိကျောင်းသွားတက် ပြီး သွားပြီဆိုရင် (၅)တန်းဆို မျက်မမြင်ကျောင်းကနေ အပြင်ကျောင်းမှာ အမြင် သန်စွမ်းတဲ့သူတွေနဲ့ ရောတက်ရတာရှိတယ်။ လက်ရှိမျက်မမြင်ကျောင်းမှာ (၄)တန်း ထိတက်ခဲ့တယ်။ (၅)တန်းကို အခုမွန်ပြည်နယ်မှာ လာတက်မယ်ဆိုရင် မရဘူး။ အခု ထက်ထိလည်းမရဘူး။ အမှန်ကရသင့်တယ်ဆိုတာကို ကျွန်တော်တို့အော်နေတာလည်းကြာပြီ (၂၀၁၀) ကတည်း ကအော်နေတာပေါ့။ သူတို့ကလည်း လုပ်ပေးပါမယ်ပေါ့ ကိုယ့်အိမ်ကနေ ကိုယ်လုပ်လို့ရတဲ့ အနေထားဖြစ်လောက်တဲ့အထိ လုပ်ပေးပါမယ်လို့ ပြောထားတာပဲ။ အခုချိန်ထိတော့ မရသေးဘူး။ ဒီအပိုင်းကိုလည်း ကျွန်တော်က နောက်ပိုင်းအစိုးရ တက်လာခဲ့ရင်လည်း Awareness ဖြစ်စေချင်တယ်။ Awareness ဆိုတာက ကျယ်ကျယ်ပြန့်ပြန့်လည်း ပြည်နယ်ပညာရေးဌာနတွေမှာ မသန်စွမ်းသူတွေကလည်း ပညာရေးအပိုင်းမှာ သင်ပေးလို့ရတယ်ဆိုတဲ့ အပိုင်းကို ကျွန်တော်တို့က ဖြစ်စေချင်တယ်ပေါ့။ အဲ့လိုမျိုးဟာကို သိလည်းသိစေ ချင်တယ်။ အများစုက ပြည်နယ်ပညာရေးဌာနတွေမှာ ကျွန်တော်တို့ကို ကောင်းကောင်းကြီး မသိတာတော့များတယ်။

ရေးမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

မင်းစိုးသိန်း (ဒေသခံ)



ပြည်နယ်အဆင့်မှာဆိုလို့ရှိရင် ပထမဦးဆုံးကိုယ့်ရဲ့ မြို့နယ်တိုးတတ်အောင်လုပ်ပေးရမယ်။ ဒုတိယအနေနဲ့ ပြောမယ်ဆိုရင် ကိုယ့်ရဲ့ပြည်နယ်ပေါ့၊ ကိုယ့်ရဲ့ပြည်နယ်မှာ ဆိုရင် ဖက်ဒရယ်အရေးကို ဦးဆောင်နိုင်မယ့်သူ၊ ကိုယ့်ရဲ့ပြည်နယ်အရေးကိုလုပ်ဆောင်နိုင်မယ့်သူ အဓိက ဦးစားပေးပေါ့။ ရွေးချယ်တဲ့ အခါကျရင်လည်း အရည်အချင်းရှိတဲ့လွှတ်တော်ကိုယ်စားလှယ်ကိုပဲ ရွေးချယ်ချင်တာပေါ့။ ဒုတိယအနေနဲ့ ပြောမယ်ဆိုရင် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကျတော့ သူက ပြည်ထောင်စုအဆင့်မှာ ဆွေးနွေးရမယ်ဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိုးဖောက်နိုင်စွမ်းရှိနိုင်တဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်သွားမယ်လို့ စိတ်ကူးထားပါတယ်။ ပြောရမယ်ဆိုရင်ပြီးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်သက်တမ်း နှစ်ခုလုံးက လုံးဝကိုအားမရဘူးပေါ့နော်။ အားမရဘူးဆိုတဲ့ အစိတ်အပိုင်းမှာဆိုရင် ပထမလွှတ်တော်သက်တမ်းက လွှတ်တော်ကိုယ်စားလှယ်ဆိုရင် လွှတ်တော်အတွေ့အကြုံဝါနုတဲ့ အစိတ်အပိုင်းတွေလည်း ပါတယ်။ ဒုတိယလွှတ်တော်သက်တမ်း မှာဆိုရင်လည်း အပြောင်းအလဲကိုလိုချင်ဇောနဲ့ ဆိုတဲ့ခါကျတော့ အင်အားကြီးပါတီတစ်ခုက အနိုင်ရသွားတာပေါ့။ ဒီလာမယ့်သက်တမ်းမှာဆိုရင် ပါတီတစ်ခုထဲအနိုင်ရတွေကို မမျှော်လင့်တော့ဘူး။ ကိုယ့်ရဲ့ပြည်နယ်ရဲ့အကျိုး၊ ပြည်နယ်ရဲ့ ဖွဲ့စည်းပုံကို ဘယ်လောက်ထိပြင်ဆင် ရေးဆွဲနိုင်မလဲ။ အဲ့လိုအရည်အချင်းရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို အဓိကထား ရွေးချယ်ချင်တယ်။ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာတော့ ကွင်းထဲဝင်ကန်လို့ရတဲ့ လွှတ်တော်တွေ သိပ်မရှိနေဘူး။ ဘောလုံးသမား အနေအထားလောက်ပဲ ရှိတယ်။ တကယ့်ဂိုးရှူနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ သိပ်မရှိနေဘူးလို့မြင်တယ်။ ကိုယ့်ရဲ့ရေးမြို့နယ်အတွက် ဒီထက်ကောင်းမွန် အောင် ဖြစ်စေချင်တာပေါ့။ အဓိကပြောရမယ်ဆိုရင် ဒီရေးမြို့နယ်ရဲ့ အခက်အခဲက ဒီမြန်မာတစ်ပြည်လုံးမှာ နှိုင်းလို့မမှီတဲ့ လျှပ်စစ်မီးပေါ့၊ လျှပ်စစ်မီးဟာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စံနှုန်းညီဈေးနှုန်းညီ ရစေချင်တာပေါ့။ လမ်းပန်း ဆက်သွယ်ရေးအနေနဲ့ပြောမယ်ဆိုရင် တကယ့်လက်လှမ်းမမှီတဲ့ ကျေးရွာတွေ လမ်းတွေမကောင်းနေတာ အများကြီးရှိတယ်။ ပြီးခဲ့တဲ့ အစိုးရသက်တမ်းမှာ အစိုးရဖွဲ့နိုင်တဲ့ ဝန်ကြီးတွေရှိတဲ့ မြို့တွေပဲ ဖွံ့ဖြိုးသွားတယ်။ ကျွန်တော်အနေနဲ့ပြောရမယ်ဆိုရင် Equality နဲ့ Equity ဖြစ်စေချင်တယ်။ ဥပမာဆိုရင် Equality ဆိုတာက တန်းတူညီမျှတာကို နားလည်တယ်၊ ဒါပေမယ့် မဖွံ့ဖြိုးသေးတဲ့မြို့ကို ဖွံ့ဖြိုးအောင် ဘယ်လိုတန်းညှိနိုင်မလဲ

Equityကိုတော့ သူတို့အဲ့တာကို မဆွဲဆောင်နိုင်ဘူး၊ အဲ့အခါကျတော့ သူတို့ရဲ့မြို့နယ်တွေမှာပဲ သူတို့ကောင်းအောင်တော့ လုပ်သွားကြတယ်။ တကယ့်နိမ့်ကျနေတဲ့မြို့ကို လက်လှမ်းမှီနိုင်အောင် ပြန်ဆွဲတင်တဲ့ အနေအထားရှိမနေဘူးပေါ့။ လမ်းပန်းဆက်သွယ်ရေးကြီးပဲမဟုတ်ဘူး၊ ဆက်သွယ်ရေး ဆိုရင်လည်း ဒီတိုင်းပဲ၊ နေရာအနှံမှာ ဖွံ့ဖွံ့ဖြိုးဖြိုးမလုပ်နိုင်ဘူး။ သယံဇာတအနေနဲ့ ပြောမယ်ဆိုရင် ရေးမြို့နယ်မှာ အခြေခံကောင်းတွေ အများကြီးရှိတယ်။ ပင်လယ်သယံဇာတ၊ ကုန်းသယံဇာတ၊ သစ်တောနဲ့ခြံထွက်ပစ္စည်းတွေ အရမ်းများတယ်။ ကျွန်တော်တို့မြို့နယ်ဆိုရင် တကယ့်လက်နက်ကိုင် ဧရိယာတွေ လွှမ်းမိုးခဲ့တဲ့နေရာတွေ NCA ထိုးပြီးတဲ့နောက်ပိုင်းမှာ အစိုးရအနေနဲ့ ဖြည့်စွက်ပေးမယ့် ဂတိတွေပျက်ခဲ့တာတွေ အများကြီးရှိတယ်။ အစိုးရအနေနဲ့ NCAနဲ့ အညီပြန်ပြီး ဖြည့်ဖြည့်ဆည်းဆည်းလေး လုပ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မွန်တစ်မျိုးသားလုံးပြုလုပ်ခဲ့တဲ့ (၂၀၁၈) NCA လက်မှတ်ထိုးပြီးတဲ့နောက်ပိုင်း အမျိုးသားအဆင့် ဆွေးနွေးပွဲတွေမှာ လုပ်ခဲ့တာ အဲ့တာတွေရှိတယ်။ တကယ့်ဖွံ့ဖြိုးရေးလုပ်ပေးမယ့်နေရာတွေကျတော့ မလုပ်ပေးနိုင်ဘူး။ အဓိကတော့ Conflict တွေက အများကြီးဖန်တီးသွားတယ်။ ပြောရမယ်ဆိုရင် သယံဇာတတွေ ထုတ်ယူတဲ့အပိုင်းမှာဆိုရင် ခွင့်ပြုချက်တွေ သူနဲ့နီးစပ်တဲ့သူတွေပဲ ယူသွားကြတယ်။ ပြီးတော့ ရေးတောင်ပိုင်းမှာရှိတဲ့ မြေယာနဲ့ပတ်သက်တဲ့ခွင့်ပြုချက် အခုထက်ထိလုံးဝ မရသေးတာတွေ အများကြီးရှိတယ်။ အဲ့တာတွေကို ကောင်းကောင်းလေးပြန်ပြီးတော့ ဖြစ်စေချင်တယ်ပေါ့။

ဦးအောင်သန်းလွင်

(မွန်စီးပွားရေးလုပ်ငန်းရှင်များအသင်း)

ဒီ(၂၀၂၀) အလွန်မှာ တတ်လာတဲ့ အစိုးရအဖွဲ့ကို အရောင်အသွေးစုံလင်တဲ့ အစိုးရ အဖွဲ့ ကိုဖြစ်စေချင်ပါတယ်။ တွေ့ကြုံခဲ့ရတာ အစိုးရနှစ်ဆက်မှာ အရောင်အသွေးတစ်မျိုးထဲ ဖြစ်နေတဲ့အနေအထား ဖြစ်တော့ တိုင်းရင်းသား အခွင့်အရေး၊ အခြားပါတီငယ်တွေရဲ့ အသံတွေက ပါမလာဘူး။ နောက်တစ်ခုက ဒီလက်ရှိ (၂၁)ရာစု ပင်လုံမှာဆိုရင် အနိုင်ရတဲ့ပါတီ အဖွဲ့အစည်းက သာလျှင် ကိုယ်စားလှယ်ပေးခွင့်ရှိတယ်။ ဒါကြောင့် ပါတီငယ်တွေကအစ တိုင်းရင်းသားပါတီအားလုံး အနိုင်ရဖို့ လိုတယ်။ အဲ့တော့မှပဲ ငြိမ်းချမ်းရေး အတွက် ဆွေးနွေးနိုင်တယ်။ လက်ရှိနေထားမှာဆိုရင် တိုင်းပြည်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အများကြီးရှိတယ်။ ဒီတိုင်းရင်းသား

လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း အခြေအနေ တစ်ရပ်ကြောင့် ကိုင်ရတာ။ အခုဒီလွှတ်တော် အခင်းအကျင်းထဲ သူတို့ပါဝင်လာအောင် နည်းပေါင်းစုံနဲ့ ဖျောင်းဖျခြင်းပေါင်းစုံ၊ ချဉ်းကပ် နည်းပေါင်းစုံနဲ့ ကျွန်တော်အများကြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကာလမှာ အဲ့ဒီထဲမှာပါတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထဲက ပုဂ္ဂိုလ်တော်တော်များများဟာ ပထမ ကျည်ဆံအစား မဲပြားကို အသုံးပြုလာကြတာကို ဝမ်းမြောက်ဖွယ်တွေ့ရတယ်။ အဲ့ဒီအသုံးပြုတဲ့နေရာမှာ နားလည်မှုလွဲမှားတဲ့ တစ်ချို့ တစ်ချို့သော လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေက ဒီအဖွဲ့အစည်းတွေကို အရောင်ပြန်ဆိုးနေကြတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲခြင်းဝါဒကို သိပ်အလိုမရှိသလို တွေ့နေရတာက စိတ်မကောင်းစရာပါ။ အဲ့လိုအရောင်အသွေး စုံလင်မှသာလျှင် လွှတ်တော်ထဲမှာ အနေအထားတစ်ခုကို ကျွန်တော်တို့လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ (၂၁)ရာစုပင်လုံကတော အရေးကြီးဆုံး ပါပဲခင်ဗျ။ ရေးဒေသကတော့ မွန်ပြည်နယ်ရဲ့ အသဲနှလုံးဖြစ်သလို မြန်မာနိုင်ငံကြီးတိုးတက်ဖို့အတွက် ရေးဒေသဟာ ပထဝီနိုင်ငံရေးအရ အရေးကြီးဆုံး အခြေအနေမှာရှိတယ်။ ရေးမှာဆို ရေနက်ဆိပ်ကမ်းအနေအထားရှိတယ်။ တန်သုံးသိန်းကျော် ကုန်တင်သင်္ဘောတွေ ဆိုက်ရောက် နိုင်တဲ့ ရေဆူးတွေကို ပိုင်ဆိုင်ထားတဲ့ရေးမြို့နယ်မှာဆိုရင် ကာလတစ်ခုဟာ ထိုင်းကိုဖြတ်၊ ဗီယက်နမ်ကနေတစ်ဆင့် မလက္ကားရေ လက်ကြားကို ဖြတ်စရာမလိုပဲနဲ့ ဒီလမ်းကြောင်းကြီးတစ်ခုကို ပိုင်ဆိုင်ထားတဲ့ အနေ အထားရှိတယ်။ ဒီအနေအထား ရှိနေတဲ့ကိစ္စမှာဆိုရင် ဘာလာလာကန့်ကွက်မယ်ဆိုတဲ့ မူဝါဒကိုကိုင်စွဲထားတဲ့ လူပုဂ္ဂိုလ်တွေ အဖွဲ့အစည်းကိုတော့ ဒီကာလမှာ ချင့်ချင့်ချိန်ချိန်လေး ကန့်ကွက်ဖို့ မှန်ကန်တဲ့နေရာမှာ၊ အတိုက် အခံနဲ့ ကန့်ကွက်တာက မတူပါဘူး။ အတိုက်အခံလုပ်တယ်ဆိုတာ မှားယွင်းတဲ့ကိစ္စကို လွှတ်တော်ထဲမှာ အတိုက်အခံလုပ်တာပါ။ လက်ရှိစီးပွားရေးအခြေအနေ ဒီရေးဒေသမှာဆိုရင် Covidကာလကိုတော့ မဆိုလိုပါ ဘူး။ ကျန်တဲ့ကာလမှာဆိုရင် ပတ်လည်ပိတ်ဆို့ထားတဲ့ အနေအထားဖြစ်နေတယ်။ လက်ရှိအရင်းအမြစ်က ရာဘာ၊ ရေလုပ်ငန်း၊ ကွမ်းသီး အဲ့ဒီအနေအထားမှာဆိုရင် နိုင်ငံတကာနဲ့ဆက်သွယ်နေရတဲ့ အနေအထားဖြစ်နေ တယ်။ နိုင်ငံတကာနဲ့ဆက်သွယ်တဲ့နေရာမှာဆိုရင် ကုန်ကြမ်းပို့မယ့်အစား ကုန်ချောတွေ ထုတ်လုပ်နိုင်အောင် ကြိုးစားသင့်တယ်။ အဲဒီအနေအထားကို လက်ရှိကာလမှာဆိုရင် အစိုးရနှစ်ဆက်ဆိုရင် အနီးဆုံးဥပမာပေးရင် ရာဘာပေါ့။ ဒီရာဘာကို ကုန်ချောအဖြစ်ဆောင်ရွက်နိုင်အောင် အားပေးတဲ့အနေအထား ဆောင်ရွက်နိုင်တဲ့ အနေအထား မတွေ့ပါဘူး။ ကုန်ချောပို့မှသာလျှင် ကိုယ့်ဒေသထွက်ကုန်အရင်းအမြစ်၊ လူသားအရင်းအမြစ်၊ အလုပ်သမားတွေ အလုပ်အကိုင်အခွင့်အလမ်း ဒါတွေဖန်တီးနိုင်မှာပါ။ လက်ရှိအနေအထားအထိက မဖန်တီး နိုင်ဘူး။ ပထမအစိုးလက်ထက်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် အများကြီးဆောင်ရွက်ခဲ့သော်ငြားလည်း လက်ရှိ အစိုးရလက်ထက်မှာ ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားဟန်မတွေ့ဘူး။ ခရီးသွားလုပ်ငန်းကတော့ မီးခိုးမထွက်တဲ့ စက်ရုံတစ်ခုကို သတိထားမိဟန် မတူဘူးပေါ့။ လက်ရှိမှာကာလမှာတော့ ရွှေ့ပြောင်းအလုပ်သမားနဲ့ပတ်သက်ပြီးတော့ တရားဝင်ဖို့အတွက်ကို ဆောင်ရွက်သင့်တယ်လို့ ကျွန်တော် ထင်တယ်။ နည်းပေါင်းစုံနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ

ယနေ့အထိဟာ ညွှဲစာရင်းကအစ ရက်(၉၀) မဲပေးပိုင်ခွင့်တောင် မဟုတ်ဘူး အနီးဆုံးရှိနေတဲ့လူတွေ Covid ကာလကြောင့် ရောက်နေတဲ့နေရာမှာ မဲပေးခွင့် ပြုလိုက်တဲ့ကိစ္စ ကိုင်တွယ်မှုကလည်း မဲရရှိရေးတစ်ခုကိုသာ ရှေးရှုတဲ့အတွက် ဒေသခံဆန္ဒမပါဘဲ ကိုယ်စားလှယ်ဖြစ်အောင် တွန်းအားပို့နေတယ်လို့ ယူဆမိပါတယ်။ နောက်တက်လာတဲ့ အစိုးရမှာဆိုရင် ရွှေ့ပြောင်းအလုပ်သမားနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာမှာ ကျွန်တော်တို့ကြည့်စရာတွေ အများကြီးရှိတယ်။ ရွှေ့ပြောင်းအလုပ်သမားကိုင်တွယ်တယ်ဆိုတာ ကိုယ်သက်သက် ကိုယ်ပိုင် ထုတ်ရတဲ့ ဉာဏ်တော်မဟုတ်ပါဘူး။ နိုင်ငံတကာမှာ ကိုင်တွယ်နေတဲ့ကိစ္စနဲ့ ဒီပေါ်မှာ ညှိနှိုင်းပြီးတော့ နိုင်ငံတကာပညာရှင်တွေ၊ ပြည်တွင်း ပညာရှင်တွေ၊ ဒေသခံတွေရဲ့ စိတ်နေသဘောထားတွေ အားလုံးကိုစုပေါင်းပြီး သုတေသနလုပ်ပြီးမှသာလျှင် ရွှေ့ပြောင်း အလုပ်သမားတွေအတွက်ကို ဆောင်ရွက်ပေးသင့်တယ်။ ရွှေ့ပြောင်းအလုပ်သမားဆိုတာကလည်း သူ့ပြည်တွင်းပဲ သူတို့ကြိုက်သလို သွားလာခွင့်ရှိတာကို နားလည်ပါတယ်။ ဒါပေမယ့် ဒီအပေါ်မှာ သူတို့ရဲ့ လုံခြုံမှု၊ ဒေသခံလုံခြုံမှု၊ အခုဆိုရင် ဒေသခံတွေကို ခြိမ်းခြောက်နေတဲ့ အနေအထားဖြစ်နေတာကို အဲဒီကိစ္စတွေ မပေါ်အောင် စောစောကလိုပဲ သုတေသနတွေလုပ်ပြီး ဘယ်လိုကိုင်တွယ်သင့်လဲဆိုတာ ဝိုင်းဝန်းဆုံးဖြတ် ကြရမှာပါ။

မိရတ်ချမ်း (ဒေသခံ)

(၂၀၂၀)အလွန်မှာ တက်လာမယ့် မွန်ပြည်နယ်အစိုးရအပေါ်မှာကျတော့ ကျွန်မက အဓိကအရမ်း အရေးကြီးတယ်လို့ ခံယူထားတဲ့အချက်က ပြည်နယ် ဖွံ့ဖြိုး တိုးတက်မှု လုပ်တဲ့နေရာမှာ မွန်ပြည်နယ်မှာ နေထိုင် တဲ့ ပြည်သူပြည်သားတွေကို အစိုးရရဲ့ ဝန်ဆောင်မှု ပေးတဲ့ဆီမှာ တန်းတူညီမျှမှုနဲ့ သာတူညီမျှမှုဆိုတဲ့ အခြေခံ စံနှုန်းတွေပေါ်မှာ အခြေခံစေချင်တယ်။ အဓိကဘာလဲဆိုတော့ ကျွန်မတို့ပြည်နယ် ဖြစ်နေတာက ဖွံ့ဖြိုးတိုး တက်မှုက မညီမျှနေဘူး။ တစ်ချို့မြို့နယ်တွေက ဖွံ့ဖြိုးတိုးတတ်တယ်။ တစ်ချို့မြို့နယ်တွေက အနောက်ကို အရမ်းကျကျန်ခဲ့တယ်။ ဥပမာ - ရေးမြို့နယ်ပဲ ထားလိုက်ပေါ့။ ရေးမြို့နယ်သည် တစ်ခြား မြို့နယ်နဲ့စာရင် ဖွံ့ဖြိုး တိုးတက်မှုက အရမ်းအနောက်မှာ ကျန်ခဲ့တယ်။ ဥပမာ - တစ်ခုပဲပေးရမယ်ဆိုရင် လျှပ်စစ်မီးပေါ့။ တစ်ခြား မြို့နယ်တွေမှာကြတော့ အစိုးရက ချမှတ်ထားတဲ့နှုန်းခကို ပေးပြီးတော့မှ ၂၄နာရီ အစိုးရရဲ့ဝန်ဆောင်မှုနဲ့ လျှပ်စစ်မီးကို ခံစားခွင့်ရတယ်။ ကျွန်မတို့ရေးဘက်မှာကြတော့ ကိုယ်ထူကိုယ်ထ ပုဂ္ဂလိက ကုမ္ပဏီတွေရဲ့ လျှပ်စစ်မီးကို

အသုံးပြုတယ်။ မတန်မဆစျေးနှုန်းတွေ ပေးရတယ်။ ပြီးတော့ ၂၄နာရီမရဘူး။ ဒီဟာက ပြဿနာတစ်ခုပဲ၊ လျှပ်စစ်မီးပဲ။ သို့ပေမယ့် ဒီလျှပ်စစ်မီးမရမှုကြောင့် ထိခိုက်သွားတဲ့ အသေးစား၊ အလတ်စား စီးပွားရေးတွေ အများကြီးရှိတယ်။ ကိုယ်ထူကိုယ်ထစီးပွားရေး အများကြီးရှိတယ်။ လျှပ်စစ်မီးကြောင့် မြို့နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုက အနှောက်အယှက်အဟန့်အတား အရမ်းဖြစ်စေတယ်။ ရေးမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းသည် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းနဲ့ ထပ်တူကြတယ်လို့ ကျွန်မက ခံယူတယ်။ အဓိက နောက်တက်လာမယ့် အစိုးရကို အကြံပေးချင်တယ်၊ မျှော်လင့်ချင်တာကဘာလဲဆိုတော့ ဝန်ဆောင်မှု တွေကို ပေးတဲ့အခါမှာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေ လုပ်တဲ့အခါမှာ မြို့နယ်တိုင်းကို တန်းတူညီမျှမှုဆိုတဲ့ အခြေခံမှုအပေါ် အခြေခံချင်တယ်။ ပိုလိုအပ်တဲ့နေရာကို ပိုပေးတဲ့ သာတူညီမျှမှုဆိုတဲ့ အခြေခံမှုကိုလည်း ကိုင်စွဲစေချင်တယ်။ နောက်ဆုံးအချက်ဆိုရင် မွန်ပြည်နယ်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေကို ဒီထက်မက ဖန်တီးပေးလို့ရနိုင်မယ့် အသေးစား၊ အလတ်စား စီးပွားရေးတွေ ပိုမိုအားကောင်းလာစေချင်တယ်။ ပြီးတော့ ပြည်နယ်ထွက်ကုန်တွေဖြစ်တဲ့ အသီးအနှံတွေ ရာဘာတွေရှိတယ်ဆိုတော့ ပြည်နယ်ထွက်ကုန်တွေကို အခြေခံတဲ့စီးပွားရေးတွေ ဒီထက်ပိုအားကောင်းလာဖို့ လိုအပ်တဲ့ ပံ့ပိုးမှုတွေအစိုးရကနေမှ တစ်ဆင့်ပေးဖို့ လိုအပ်တယ်။ ဥပမာအနေနဲ့ဆိုရင် ရာဘာဈေးတွေ သတ်မှတ်ပေးတာ၊ ပြီးတော့ရာဘာတွေကို အသုံး ပြုပြီးတော့ ပြန်လှန်ထုတ်လုပ်တဲ့ ကုန်ချောပေါ့နော် ၊ ဘယ်လိုထုတ်ကုန်မျိုးတွေ လုပ်လို့ရလဲဆိုတာ ဒီနေရာပြည်သူလူထုတွေ ပူးပေါင်းပါဝင်နိုင်တဲ့ ပြုပြင်ပြောင်းလဲမှုတစ်ခုဖြစ်ဖို့အတွက်လည်း လိုအပ်တယ်။ အဓိကကတော့ ပြည်နယ်ရဲ့ သဘာဝသယံဇာတ ပေါ်အခြေခံတယ်၊ ပြည်နယ်ရဲ့ ထွက်ကုန်ပေါ် အခြေခံပြီးတော့မှ ဒီထက်ပိုမိုအားကောင်းတဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို လုပ်စေချင်တယ်။

မိန္ဒန်ထော (Derah Learning Center)

ကျွန်မတို့ရေးမြို့နယ်တောင်ပိုင်းက တစ်ခြား မြို့နယ်နဲ့စာရင် အဖက်ဖက်ကဖွံ့ဖြိုးတိုးတက်မှု နှောက်နှေးတယ် လို့မြင်တယ်။ ကျွန်မ ပထမဦးဆုံး အနေနဲ့ပညာရေး အပိုင်းကို နည်းနည်း ပြောချင်တယ်။ပညာရေးမှာလည်းကျွန်မတို့ ခေါ ဇာ မြို့ မှာ အစိုးရ အထက်တန်းကျောင်း ထိက ရှိတယ်။ဒါပေမယ့် ကျွန်မတို့မြို့နယ်မှာ ဟံဂံ ကနေ မန်ကျည်းထိက ကလေးတွေ တော်တော် များများကမြို့ပေါ်မှာကျောင်းသွား တက်နေ ကြတယ်။ ဥပမာ မုဒုံတို့ မော်လမြိုင်တို့မှာ ဘော်ဒါဆောင် သွားဝင်နေရတယ်။ ဘော်ဒါဆောင်ဝင်တယ် ဆိုတည်းက ကုန်ကျစရိတ်က တစ်နှစ်တစ်နှစ်ကို သိန်း(၃၀၊ ၄၀) ကတော့ကုန်မှာပဲ။ ကိုယ့်ရဲ့ရပ်ရွာမှာ ရှိတဲ့ကျောင်းကို ထားချင်ပေမဲ့လဲ

စနစ်အရမြို့ပေါ်နဲ့စာရင် ကွာဟမှုတွေရှိတဲ့တွက် တချို့သူတွေကတော့ ကိုယ့်ကလေးကို ကောင်းစေချင်တဲ့အတွက် ရင်းကြတယ်၊ မြို့ပေါ်မှာ ကျောင်းထားကြတဲ့ အတွက် ကုန်ကျစရိတ်များတယ်လို ဆိုလိုချင်တယ်။ ဒီအစား ကိုယ်ရဲ့ရပ်ရွာမှာပဲ အထက်တန်းကျောင်းကို ဆရာ၊ ဆရာမကောင်းကောင်းရှိမယ် ပညာရေးဝန်ထမ်း ကောင်းကောင်း ရှိမယ်ဆို သူတို့ အများကြီး သက်သာမယ်လို့ထင်တယ်။ မြို့ပေါ်မှာ ပညာရေးဝန်ထမ်းကောင်းကောင်း ချပေးသလို ကျွန်မတို့ရေးမြို့နယ် တောင်ပိုင်းမှာ ရှိတဲ့ အထက်တန်းကျောင်းမှာလဲ ချပေးရင်တော့ ပိုကောင်းတာပေါ့။ နောက်တစ်ခုက ဖွံ့ဖြိုးရေး အပိုင်းမှာဆိုရင် လျှပ်စစ်မီးမရှိဘူး။ အစိုးရရဲ့လျှ ပ်စစ်မီးမရှိတော့ ပုဂ္ဂလိကရဲ့ လျှပ်စစ်မီးကို သုံးစွဲနေရတယ်။ သူတို့ကလဲ တစ်ယူနစ်ကို ဒေါ်လာဈေးအတက်အကျနဲ့ တစ်ခါတစ်လေ ခေတ်ဆီဈေးတတ်ရင်တော့ ဈေးတက်တယ်ပေါ့ အဲ့ခါကျရင် တစ်ယူနစ်ကို လေးငါးခြောက်ရာ ပေးရတယ် ဈေးများတယ်။ ဒါကြောင့် အစိုးရရဲ့ လျှပ်စစ်မီး ရရင်တော့ကောင်းတာပေါ့။လျှပ်စစ်မီးရရင် အဖက်ဖက်ကဘာလုပ်လုပ် အဆင်ပြေမယ် အဲ့ အတွက် လျှပ်စစ်မီးတော့ ရစေချင်တယ်။ကျွန်မတို့ရေးမြို့ လမိုင်းမှာဆို တရား ဥပဒေ စိုးမိုးရေး တော်တော်ကို လျော့နည်းနေတယ်။ လူငယ်တွေအတွက်အကြီးမား ဆုံးပြဿနာ တစ်ခု လို့ဆိုရတဲ့မူးယစ်ဆေး ဝါးသုံးစွဲခြင်းကလဲ တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာတယ်။ နောက်တစ်ခုက ဘိန်စာရွက်ပေါ့ဒါကပိုပြီး လူငယ် တွေရော လူလတ်ပိုင်းတွေရော ပိုပြီးတော့ သုံးစွဲလာကြတယ်။ သတင်းထဲမှာလဲ တွေ့တွေ့နေတယ် ဖမ်းတော့ဖမ်းတာပဲ ဒါပေမဲ့ ရောင်းတဲ့ သူရောသုံးတဲ့သူရော တစ်နှစ် ထက်တစ်နှစ် ပိုပိုများလာတယ်။ အဲ့လိုတွေဖြစ်တာက ဘာကြောင့်လဲလို့ မေးချင်တယ်။ ခုလိုမေးတဲ့အပေါ်မှာလဲ လွှတ်တော်ထဲမှာလဲ ဆွေးနွေးစေချင်တယ်။ ဒါကြောင့်လဲ တရားဥပဒေကို ပိုအားကောင်းစေချင်တယ် တစ်ဆက်တည်းမှာပဲ ဒီလိုမူးယစ်ဆေးဝါးသုံးစွဲမှုကနေ သူခိုးတွေ၊ အလေလွင့်တွေလဲပေါ်များလာမယ်။ အခုဆို ရေးမြို့နယ်လမိုင်းဘက်မှာဆိုခြံတွေကို ဒီတိုင်းလွှတ်လို့ မရဘူး။ ခိုးတာတွေများလာ တယ်။ ဒါကြောင့်လဲ ကျွန်မခုနကတောင်းဆိုခဲ့သလိုပဲ တရားဥပဒေပိုမိုအားကောင်းစေချင်တယ်။

သံဖြူဇရပ်မြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

ဦးတင်မျိုးအောင်

(Construction)

အဓိကလာမဲ့(၂၀၂၀)အစိုးရသစ်မှာ ကျွန်တော်တို့ ဖြစ်ချင်တာကတော့ တိုင်းရင်းသား ကိုယ်စားလှယ်လောင်းတွေ အများကြီး ပါဝင်လာဖို့ အရေးကြီးတယ်။ ဘာကြောင့်ဆိုတော့ တိုင်းရင်းသားတွေရဲ့အဓိကခံစားချက် လိုအပ်ချက်တွေကို ဓလေ့ထုံးစံတွေကို နားလည်တဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တွေ အနိုင်ရရှိပြီးတော့ လွှတ်တော်ထဲ ရောက်ရှိသွားမယ်ဆိုရင် တိုင်းရင်းသားမှမဟုတ်ဘူး ဒေသခံပြည်သူတွေ တခြားတိုင်းရင်းသားမဟုတ်သော ပြည်သူတွေအတွက်လည်း အများကြီး အကျိုးရှိမယ်။ အဲ့ဒါကလည်း တကယ်ဖြစ်မဲ့ အခြေနေတစ်ရပ်လို့ မျှော်မှန်းထားပါတယ်။ ပထမတစ်သုတ်ပြောင်းသွားတဲ့ အချိန်မှာ လက်ရှိအစိုးရမှာ မူဝါဒပိုင်း ဖော်ဆောင်မှု အားနည်းတယ်လို့ တွေ့ရတယ်။ အနီးကပ်ဆုံးပြောရရင် သဘာဝဘေးအန္တရာယ်ပေါ့။ အဲ့ဒီမှာကြိုတင်ပြင်ဆင်မှု အားနည်းတာကို တွေ့ရတယ်။ လိုအပ်ချက်နဲ့ပြောမယ်ဆိုရင် ခုလူမှုအသိုင်းဝိုင်းတစ်ခုလုံး ပြိုကျနေတဲ့အချိန်မှာ လိုအပ်ချက်ကတော့ အများကြီးရှိတာပေါ့။ အစိုးရသစ်နဲ့တူတူ ပူးပေါင်းဆောင်ရွက်တဲ့အခါကျရင် အများကြီးဟန်ချက်ညီဖို့ လိုတယ်။ အစိုးရကချမှတ်တဲ့ မူဝါဒတွေကို ကိုယ်စားလှယ်ကလည်း ပြည်သူတွေကို ထိထိမိမိလုပ်ပေးနိုင်မဲ့ ချိတ်ဆက်မှုမျိုး လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့အတွက်လည်း အားရှိတာပေါ့ ကိုယ်စားလှယ် တွေကလည်း ဒီလိုဖြစ်လာအောင် ကြိုတင်ပြင်ဆင် သင့်တယ်။ ပြည်သူနဲ့အစိုးရကြားမှာ ကိုယ်စားလှယ်က အကောင်းဆုံးသွားနိုင်ပြီးတော့ သူတို့လိုအပ်တာက စနစ်မကျဘူး အဆင်မပြေဘူး ဥပမာ - ပညာရေး စီးပွားရေးတွေမှာ မူဝါဒကိုပြင်မယ်ဆိုရင် သူတို့လုပ်ပေးနိုင်မယ်လို့ ကျွန်တော်တို့ထင်တယ်။ အစိုးရနဲ့ ကိုယ်စားလှယ်ကြားမှာ နားလည်သွားမယ်ဆိုရင် သူတို့ရဲ့လုပ်ရည်ကိုင်ရည်တွေ တိုးတက်လာမယ်ဆိုရင် ပြည်သူတွေရဲ့ခံစားချက်တွေလည်း မြင့်တက်လာမယ် ဆိုရင် အဲ့ဒါမှလည်းစနစ်တစ်ခုကို ပြောင်းလဲလာနိုင် မယ်လို့ယူဆတယ်။ ကျွန်တော်တို့လိုချင်တာက ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဒါပေမဲ့ကျွန်တော်တို့ရရှိတာက ဒီနေ့ထိဘာတစ်ခုမှ မျှော်မှန်းချက်ထဲမှာ ပါမလာဘူး။ ဒီဘက် (၂၀၂၀)ကို ကူးလာတဲ့အခါမှာ တိုင်းရင်းသားပြည်သူတွေရဲ့ တန်းတူရရှိရေး၊ တိုင်းရင်းသားလူနည်းစုအခွင့်ရေး အားလုံးပါဝင်တဲ့ အခင်းအကျင်းပေါ့ အဲ့လိုသွားမယ်ဆိုရင် အင်အားကြီးသူတွေကလည်း အင်အားနည်းတဲ့သူတွေကို ထိန်းချုပ်လို့မရဘူး။ အားလုံးမျှမျှတတ Check and Balance လုပ်သွားမယ်ဆိုရင် ပိုပြီးတော့ကောင်းတာပေါ့။ အားလုံးစုပေါင်းဖြေရှင်းကြမဲ့ အခင်းအကျင်းတစ်ခု ရလာမယ်ဆိုရင် ဒီ(၂၀၂၀) အခင်းအကျင်းက ပြီးခဲ့တဲ့ အစိုးရသက်တမ်းနှစ်ခုထက်ကို ပိုကောင်းလာလိမ့်မယ်။ အဲ့ဒါကလည်း ကျွန်တော်တို့သွားမဲ့ ဖက်ဒရယ်ဒီမိုကရေစီရဲ့ အနှစ်သာရကိုပိုပြီး ပြည့်စုံစေလိမ့်မယ်။

ဦးမြတ်မင်း (ဆားလုပ်ငန်း)

သံဖြူဇရပ်မြို့နယ်အနေနဲ့ဆိုရင်တော့ အားလုံးသိထားသလိုပဲ ကျွန်တော်တို့မြို့နယ်ရဲ့အဓိက လုပ်ငန်းက ရာဘာဖြစ်တယ်။ ရာဘာဈေးကမကောင်းတော့ အဆင်မပြေကြဘူး။ တစ်ချို့က အပင်ခုတ်ရောင်းတဲ့ ခြံရှင်တွေတောင်ရှိတယ်။ အဲ့ဒါအပြင်ကို လုပ်သားအခက်အခဲတွေက ရှိသေးတယ်။ ကျွန်တော်တို့ နယ်မှာဆိုရင် ရွှေ့ပြောင်းလုပ်သားတွေ ကများတယ်။ နယ်ခံတွေက ရာဘာတွေစိုက်ထားပေမဲ့ ဈေးမကောင်းတော့ မလုပ်ကြဘူး။ နိုင်ငံခြားပဲသွားပြီး အလုပ်သွားလုပ်ကြတယ်။ မွန်ပြည်နယ်ပြင်ပက လူတွေကိုပဲ ခေါ်ပြီးလုပ်ကြရတော့ ခြံရှင်တွေက နစ်ခါနာတယ်။ အဲ့ဒါကို ဘယ်လိုလုပ်ပေးနိုင်မလဲပေါ့။ နောက်တစ်ခုက သံဖြူဇရပ်မြို့က ပင်လယ်နဲ့ဆက်နေတော့ ရေလုပ်ငန်းကိုလည်း အကောင်ထည်ဖော်ပေးနိုင်ဖို့ လိုတယ်။ ဒီမှာ ကမ္ဘာကျော်စစ်သင်္ချိုင်းတို့ သေမင်းတမန်ရထားလမ်းတို့ရှိတယ်။ အဲ့ဒါတွေကို အမှီပြုပြီးတော့ ဘယ်လိုအကောင်ထည်ဖော်ပေးနိုင်မလဲပေါ့၊ လွှတ်တော်ထဲရောက်သွားတဲ့လူတွေက ဘယ်လောက် လုပ်ပေးနိုင်မလဲပေါ့၊ ဖြစ်နိုင်မယ်ဆိုရင် လုပ်ပေးစေချင်တယ်။ ဆားလုပ်ငန်းမှာဆိုရင်လည်း မွန်ပြည်နယ်က ရေဝတီတိုင်းပြီးရင် ဒုတိယအများဆုံးပဲ။ နောက်တစ်ခုက အရည်အသွေးပိုင်း မှာဆိုရင်လည်း တစ်ခြားတိုင်းနဲ့ပြည်နယ်တွေထက်ကို မနိမ့်နေဘူး။ ထွက်လာတဲ့ဆားကြမ်းကို ဈေးကွက်ဖော်ဆောင်ရာမှာ အရမ်းအားနည်းတယ်။ အားနည်းရတဲ့အကြောင်းရင်းကလည်း ဆားကြမ်းတွေကို စက်မှုကုန်ကြမ်းတွေအဖြစ် ပြန်သုံးနိုင်တဲ့ စက်ရုံတွေ မရှိဘူး။ ကျွန်တော်တို့ ဆားကြမ်းက ပြည်တွင်းသုံးဖို့ကိုပဲ အဓိက ရည်ရွယ်သလို ဖြစ်သွားတယ်။ ပြည်တွင်းက စားသုံးမှုနည်းရင် ဈေးမရှိတော့ဘူး။ ထွက်လာတဲ့ဆားကြမ်းကို ပြန်သုံးပေးနိုင်တဲ့ စက်ရုံတွေရှိလာမယ်ဆိုရင် အဆင်ပြေနိုင်မယ်။ ကျွန်တော်တို့ဆားကြမ်းက ပြည်တွင်းစားသုံးမှုနဲ့ ရေလုပ်ငန်း ကိုပဲ မှီခိုနေရတာ။ ကိုဗစ်ကာလမှာ ရေလုပ်ငန်းက အဆင်မပြေတော့ ဆားလုပ်ငန်းကလည်း အဆင်မပြေဘူး။ ဆားလုပ်ငန်းကို ဖော်ဆောင်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ အသက်ရှူချောင်မယ်လို့ ထင်တာပေါ့။

ဦးအောင်ရွှေ (ရာဘာလုပ်ငန်း)

စီးပွားရေးအဆင်ပြေရင်တော့ အားလုံးကောင်းတာပေါ့။ အခုဓိကရာဘာပေါ့၊ကျွန်တော်တို့ သံဖြူဇရပ်မြို့နယ်မှာဆိုရင် လူဦးရေတစ်ဝက်လောက်က ရာဘာလုပ်ငန်းကို လုပ်ကြတယ်။ ရာဘာဈေးမကောင်းရင် စီးပွားရေးကျတယ်။ ရာဘာဈေးကျတာနဲ့ သံဖြူဇရပ်မြို့က စီးပွားရေး ကျသွားတယ်။တစ်ဦးတစ်ယောက်ကနေ စပြီး အစုအဖွဲ့ အတွေအားလုံးရဲ့စီးပွားရေး ထောင်တက် နိုင်အောင် အစိုးရအနေနဲ့ ကြိုးစားပေးမယ် ဆိုရင်တော့ အသင့် တော် ဆုံးပေါ့။ အလားတူ ဒီအပြင်အပိုင်းကလည်း ကျန်းမာရေး၊ ငြိမ်းချမ်းရေး ဒါတွေကလည်း စီးပွားရေးနဲ့ ဆက်စပ်နေတယ်။ စီးပွားရေးလုပ်တဲ့နေရာမှာတော့ ဈေးကွက်ပေါ့။ ဈေးကွက်မရှိပဲနဲ့တော့ ကျွန်တော်တို့ စီးပွားရေးက အစိုးရလည်း ရုန်းကန်လို့မရဘူး။ အဓိက သံဖြူဇရပ်မှာဆိုရင် ရာဘာ၊ ဆား၊ ငါးပိ ၊ ငါးခြောက်ပေါ့။ ခုဆိုရင်ရေလုပ်ငန်းကလည်း COVID နဲ့ အကျပ်တည်းဖြစ်နေတယ်။ ပြီးခဲ့တဲ့အစိုးရနှစ်ဆက်မှာပေါ့ ပထမအစိုးရကလည်း စီးပွားရေးက အထိုက်အလျောက်တော့ရခဲ့တယ်၊ ဆုံးခန်းတိုင်တော့ မရောက်ခဲ့ဘူး။ ဒုတိယအစိုးရမှာကျတော့ တိုးတက်မှုက နည်းလာတယ်။ အစိုးရကလည်း အတွေ့အကြုံက အသစ်ရှာရတဲ့အတွက်ကြောင့် အပြစ်မဆိုပါဘူး။ သို့သော် လာမဲ့အစိုးရကျရင်တော့ အစိုးရ၂ဆက်ကို နမူနာယူပြီးတော့ အကောင်းဆုံးကို ဖော်ဆောင်ပေးသင့်တယ်။ အဓိကကတော့ ရာဘာလုပ်ငန်းဆိုရင် နလန်မထူနိုင်သေးဘူး။ ပြီးခဲ့တဲ့ အစိုးရရဲ့လမ်းညွှန်မှုနဲ့ ကျွန်တော်တို့ အများပိုင်ရော်ဘာစက်ရုံတစ်ခုကို တည်ထောင်ခဲ့တယ်။ သို့ပေမဲ့ ဈေးကွက်အနေအထားအရ အကျိုးအမြတ်မရှိဘူး။ အရှုံးတော့မရှိပေမဲ့ မမြတ်ဘူး။ အဲ့ဒါကြောင့်စီးပွားရေးမှာကျတော့ ဈေးကွက်မရှိလို့ ပြီးခဲ့တဲ့နှစ်မှာဆိုရင် တရုတ်ကလည်းပိတ်၊ တစ်ခြားကလည်း မဝင်နိုင်တဲ့အခါကျတော့ ဒီရာဘာဈေးကွက်က ပျောက်သွားတယ်။ ဆားလည်း ထို့နည်းငင်းပဲ တော်တော်လေးကို ဂယက် ရိုက် သွားတယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေကောလူငယ်အားလုံး ပူးပေါင်းပြီးတော့ ကိုယ့်နိုင်ငံရဲ့ စီးပွားရေး တိုးတက်ရာ၊တိုးတက်ကြောင်းကို တစ်ကိုယ်ကောင်းမဆန်ပဲနဲ့ ပူပေါင်းပြီးတော့ အစိုးရကော၊ ပြည်သူကော ပေါင်းစည်းပြီးလုပ်မယ်ဆိုရင် စီးပွားရေးက အကျိုးမြတ်မများသည့်တိုင် ဒီနှစ်လို မရှုံးဘူးလို့ မြင်တယ်။

မိယဉ်စနိုင်းမွန် (မွန်လူငယ်)

ခုလက်ရှိ (၂၀၂၀) ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မဲ့ ကိုယ်စားလှယ်လောင်းတွေအနေနဲ့ အနိုင်ရသွားမယ်ဆိုရင် ကျွန်တော်တို့လူငယ်တွေအတွက် နေရာလေးတစ်ခု ဖန်တီးပေးစေချင်တယ်။ ခုဆိုအရမ်းကို လမ်းပျောက်နေတဲ့ လူငယ်တွေများတယ်။ ယောကျ်ားလေးဆိုရင် မူးရစ်တောတိုးမယ်။ မိန်းကလေးဆိုရင် စက်ချုပ်မယ်၊ အစေးလိုးမယ် ပြီးရင်အိမ်ထောင်ကျမယ်။ သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိမဲ့ နေရာလေးတစ်ခုပေါ့ ဥပမာ - ဒေသထွက်ကုန်အနေနဲ့ ဘာတွေလုပ်ပေးနိုင်မလဲ၊ ဘယ်လိုနည်းပညာတွေနဲ့ ဒီဒေသထွက်ကုန်တွေနဲ့ လူငယ်တွေ အလုပ်အကိုင်ရအောင် ဘယ်လိုလုပ်ပေးနိုင်မလဲ ပေါ့။ နောက်တစ်ခုကကျတော့ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သတ်တဲ့ မူဝါဒတွေ ရှိစေချင်တယ်။ အခုဒီဒေသမှာက ရာဘာစိုက်တဲ့သူအရမ်းများတယ်။ ရာဘာအစား အခြားဈေးကွက်ရမဲ့ အစားထိုးသီးနှံတွေကို ဖြစ်စေချင်တယ်။ နည်းပညာအားနည်းချက်ကတော့ ပြောစရာကိုမလိုလောက်အောင်ပဲ အားနည်းတယ်။ ဥပမာ နည်းပညာတက္ကသိုလ်တက်တဲ့လူငယ်တွေဆိုရင် စာတွေ့ပဲသင်ပေးတယ် မလုပ်တတ်မကိုင်တတ်နဲ့ အစိုးရပေးတဲ့ လစာကလည်း မလောက်တော့ အလုပ်မဝင်တဲ့လူငယ်တွေကများတယ်။ နည်းပညာဆိုတာက ရာဘာနဲ့ ပတ်သက်ပြီးတော့ တာယာစက်ရုံလိုမျိုး ကိုယ့်နိုင်ငံက မလုပ်နိုင်ဘူးဆိုရင် နိုင်ငံခြားက ခေါ်ပေးပြီးတော့ လူငယ်တွေကို အလုပ်အကိုင်လည်းရအောင်ပေါ့ အဲ့ဒါကို စမ်းလုပ်ကြည့်စေချင်တယ်။

မကေသီချမ်း

(Mon Youth Progressive Organization)

မျှော်လင့်တာက လူငယ်တွေအတွက်ပေါ့။ ပထမဦးဆုံး ဒီလူငယ်တွေက ခုလောလောဆယ် ဖြစ်ပျက်နေတာ သူတို့တွေက ဘွဲ့ရတယ် ပြီးတော့အလုပ်အကိုင်မရှိဘူး။ နောက်ပြီးတော့ ဘွဲ့မရတဲ့သူတွေ ကျောင်းထွက်သွားတဲ့သူတွေက မူးရစ်ဆေးစွဲနေကြတာရှိတယ်။ ဆေးစွဲနေတဲ့သူတွေအတွက်လည်း လွှတ်တော်မှာတင်ပြပြီး Rehabilitation Center တွေ တည်ထောင်ပေးသင့်တယ်။ အခုဆိုရင်ဆေးသုံးတဲ့သူတွေကို မဖမ်းဘူး၊ ရောင်းတဲ့သူတွေကိုပဲဖမ်းတယ်။ ပြီးတော့ ဆေးစွဲသမားတွေအတွက် ဆေးဖြတ်ပေးတဲ့နေရာတွေကလည်း ထိထိရောက်ရောက်မရှိဘူး။ ဥပဒေတော့ရှိတယ်။ လာမဲ့အစိုးရကို ပြန်လည်ကုစားရေးစင်တာတွေနဲ့ ပတ်သက်ပြီးတော့ ပိုပြီးအာရုံထားစေချင်တယ်။ ပြီးတော့ကြပ်မတ်ပေး စေချင်တယ်။ ဘွဲ့ရသွားတဲ့သူတွေအတွက်လည်း Company တွေနဲ့ချိန်ဆက်ပြီးတော့ အလုပ်အကိုင် ဖန်တီးပေး စေချင် တယ်။ လူငယ်တွေက မြန်မာနိုင်ငံရဲ့ အနာဂတ် ခေါင်းဆောင်တွေ လည်း ဖြစ်တယ်။ လူ့အရင်းမြစ်ရဲ့ အင်အားတွေလည်း ဖြစ်တယ်။ နိုင်ငံခြားမှာ အလုပ်သွားလုပ်ကြတဲ့အခါမှာ ကိုယ်နိုင်ငံရဲ့ လူ့အရင်းမြစ် တွေက သူများနိုင်ငံရဲ့လူ့အရင်းအမြစ် ဖြစ်သွားတယ်။ အဲ့ဒါတွေ မဆုံးရှုံးစေဖို့ အလုပ်အကိုင်တွေ ဖန်တီး ပေးဖို့လိုတယ်။ လူငယ်တွေထဲမှာမှ မိန်းကလေးတွေလည်း ရှိသေးတယ်။ မွန်ပြည်နယ်မှာဆိုရင် သက်ငယ်မုဒိန်းတွေ ဖြစ်နေတယ်။ အဲ့ဒီမိန်းကလေးတွေရဲ့ လုံခြုံရေးအပိုင်းကို မြှင့်တင်ပေးနိုင်မှ ဒီမိန်းကလေးတွေက ခေါင်းဆောင်မှုလုပ်ငန်းတွေမှာ ပါဝင်လာနိုင်မယ်။ အဲ့ဒါကြောင့် မိန်းကလေးတွေရဲ့ လုံခြုံရေးအတွက် ဥပဒေတွေ ချမှတ်ပြီး သေချာကြပ်မတ်စေချင်တယ်။

ကျိုက်ထိုမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

စောအောင်သိန်းတင်

(မွန်ပြည်နယ်မသန်စွမ်းသူများ အသင်း)

မြန်မာနိုင်ငံမှာ မသန်စွမ်းကို (၅)မျိုး ခွဲခြားထားတယ်။ ကိုယ်အင်္ဂါမသန်စွမ်း၊ အမြင်မသန်စွမ်း၊ အမြင်အာရုံမသန်စွမ်း၊ အကြားအာရုံမသန်စွမ်း၊ ဉာဏ်ရည်မသန်စွမ်းနဲ့ ခြားနားမသန်စွမ်းဆိုပြီးရှိတယ်။ ကုလသမဂ္ဂက ချမှတ်ထားတဲ့ မသန်စွမ်းဆိုင်ရာ အခွင့်အရေး သဘောတူစာချုပ်ရှိတယ်။ အဲ့တိုင်းကို တခြား သန်စွမ်းသူ လွှတ်တော် ကိုယ်စားလှယ်တွေပဲ ဖြစ်ဖြစ် ပိုင်ပိုင်နိုင်နိုင်လေး လေ့လာမှတ်သားထားဖို့ လိုအပ်တယ်။ အဲ့ဒါမှ ကျွန်တော်တို့ မသန်စွမ်းတွေကို ပညာရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေးနယ်ပယ်ထဲမှာ ပါဝင်ခွင့်ပေးဖို့ လိုအပ်တယ်။ လက်ရှိအနေအထားအရလဲပဲ ဌာနဆိုင်ရာတွေက မသန်စွမ်းအခွင့်အရေး ဥပဒေလဲမပြုဘူး။ (၂၀၁၇)နည်းဥပဒေလဲမသိတဲ့အတွက် ကျွန်တော်တို့ မသန်စွမ်းအခွင့်အရေး ဆုံးရှုံးရတယ်။ ဒါကြောင့်မို့ လာမယ့်အစိုးရသည် ကျွန်တော်တို့ မသန်စွမ်းတွေကို ဟန့်တားတာမျိုးတွေမဖြစ်ဖို့ မေတ္တာရပ်ခံချင်တယ်၊ ဒီအပေါ်မှာလဲ ကျွန်တော်အထူး တောင်းဆိုချင်တယ်။ နိုင်ငံတကာနဲ့အညီ မသန်စွမ်းတွေအတွက် အထူး Carrier ပေါ့ သူတို့က အဟန့်အတားတွေများလို့ မပေါ်လွင်တာ၊ နောက်လူတွေကလဲ ဘေးဖယ်ချင်ကြလို့ မသန်စွမ်းလို့ပေါ်လွင်သွားတာ။ သူတို့သွားမယ်လာမယ်လမ်းတွေ အဆင်ပြေလွယ်ကူအောင် လုပ်ပေးမယ့် ပလပ်ဖောင်းတွေ၊ လျှောက်လမ်းတွေ ဒါတွေလုပ်ပေးမယ်ဆိုရင် မသန်စွမ်းဆိုတာ မဖြစ်တော့ဘူး။ သန်စွမ်းမှာပဲ။ ထို့အတူ အမြင်အာရုံမသန်စွမ်းသူတွေအတွက် အသံပေးစနစ်တွေနဲ့ လမ်းဖြတ်ကူးတာတို့ နီစိမ်းဝါကို အသံပေးစနစ်နဲ့ သွားမယ်ဆိုသွားလာရဲမှာပဲ။ အကြားအာရုံမသန်စွမ်း အတွက်ဆို သူတို့အတွက် မြင်နိုင်တဲ့သင်္ကေတလေးတွေနဲ့ ဆိုင်ပုဒ်တွေရုပ်မြင်သံကြားနဲ့ အမြဲထုတ်လွှင့်ပေးမယ်ဆို သူတို့က မသန်စွမ်းတာမဟုတ်တော့ဘူး သန်စွမ်းမှာပဲ။ ဒါ့ပြင်ဉာဏ်ရည်မသန်စွမ်း ကလေးတွေရှိတယ်၊ ဒီကလေးတွေကျတော့ တစ်သက်လုံး စောင့်ရှောက်ရမယ်။ သို့သော် သူတို့ကိုစနစ်တကျ ပြုစုပေးရင် တန်ဖိုးရှိတဲ့လူသားတွေဖြစ်မှာ။ ဒါကြောင့်မို့ သူတို့တွေအတွက်လဲ လေ့ကျင့်ရေးကျောင်းတွေ လိုအပ်တယ်။ မြို့နယ်တိုင်း

မြို့နယ်တိုင်းမှာ ဉာဏ်ရည်မသန်စွမ်း ထို့အတူ ခုနကမသန်စွမ်းတွေ လေ့ကျင့်ပေးတဲ့ သင်တန်းကျောင်းတွေ လိုအပ်တယ်။ ဒါမှသာလျှင် ကျွန်တော်တို့နိုင်ငံက မကျန်ခဲ့တော့ဘူး။ မသန်စွမ်းဥပဒေဖြစ်လာတော့မှ မသန်စွမ်းတွေအတွက် ထောက်ပံ့ဝင်ငွေပေးတာ။ (၂၀၁၅)ခုနှစ်၊ ဇွန်လ၊ (၅)ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေပြဋ္ဌာန်းပြီးသား။ အခန်း(၁) အပိုဒ် (က)မှာ မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်အင်္ဂါ၊ အမြင်၊ အကြား၊ အပြော၊ ဉာဏ်ရည်၊ ဉာဏ်သွေးပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ရေရှည်ခံစားနေရသူ တစ်ခုမဟုတ်တစ်ခုထက်ပို၍ ချို့ယွင်းချက်ရှိသူများကို မသန်စွမ်းသူဟု ခေါ်ဆိုပါသည်လို့ပါပြီးသား။ ဒါပေမဲ့ သူတို့ကစိတ်မဝင်စားကြတော့ အခွင့်အရေး ဆုံးရှုံးသွားကြတယ်။ ဒါကြောင့် နောက်လာမယ့်အစိုးရက မသန်စွမ်းနဲ့ပတ်သက်တာတွေကိုဖတ်ပါ လေ့လာပါ ရေးခဲ့တဲ့ ဥပဒေအကုန်လုံးပေါ့။ တာဝန်ရှိပုဂ္ဂိုလ်တွေအားလုံးဖတ်ပါလို့ ပြောကြားလိုပါတယ်။ ကလေးတွေ ခွဲခြားဆက်ဆံတာတွေမဖြစ်အောင် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ နိုင်ငံရေးနယ်ပယ်တွေထဲမှာ ပါဝင်ခွင့် မူဝါဒတွေပေးဖို့လိုအပ်တယ်။ နောက်မသန်စွမ်းမဖြစ်စေနိုင်မယ့် အထောက်အကူပြု ပစ္စည်းတွေကို တခြားနိုင်ငံနဲ့နည်းတူ ကျွန်တော်တို့ကို ထောက်ပံ့ပေးဖို့ လိုအပ်တယ်။နောက်ဆုံးအချက်က ဆင်းရဲလို့ မသန်စွမ်းဖြစ်တယ် မသန်စွမ်းရင်းမှထပ်ဆင်းရဲတယ် အဲ့လိုလူတွေကို လက်တွဲခေါ်ပေးဖို့ ပြောချင်ပါတယ်။

ဦးအောင်ဇေလတ် (MCH)

လွှတ်တော်နဲ့ အစိုးရဆိုပြီး နှစ်ပိုင်းဖြစ်နေတယ်။ လွှတ်တော်ကတော့ ဥပဒေပြုရေး၊ ဥပဒေပြင်ဆင်ရေးနဲ့ ပြည်သူ့အသံနားထောင်ရေး လုပ်ငန်းတွေ လုပ်တယ်။ အဓိက ပြည်သူလူထုတွေလို နေတဲ့ ဘယ်လိုဥပဒေမျိုးတွေ ပြည်သူတွေ အတွက်အရေးပါမလဲ၊ လူထုရဲ့အသံက ဘာတွေရှိမလဲဆိုတဲ့ဟာကို လွှတ်တော်ထဲ ရောက်ဖို့ဆို လွှတ်တော်က လုပ်ရမှာပေါ့။ လက်ရှိတတ်လာတဲ့ လွှတ်တော်ကိုယ်စားလှယ် တွေမှာလဲ တကယ်အရည်ချင်းရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ ပြည်သူကိုမျက်နှာမူတဲ့ ကိုယ်စားလှယ်မျိုးတွေ ကျွန်တော်တို့ လိုချင်ပါတယ်။ ပြည်သူတွေအတွက် ဘယ်လိုဥပဒေတွေလုပ်ပေးရမလဲ ဘယ်ဟာက ပြည်သူတွေတွက် အရေးပါလဲဆိုတာသိနေတဲ့ ကိုယ်စားလှယ်မျိုးကို လိုချင်ပါတယ်။ တစ်ဖက်မှာကလဲ

တိုင်းရင်းသားကိုယ်စားလှယ်တွေက ဝင်အရွေးခံထားတာရှိတယ်ဆိုတော့ တိုင်းရင်းသားတွေ အတွက်လဲ အရေးကြီးတယ်။ ကျွန်တော်တို့ လက်ရှိနိုင်ငံရေးအခြေအနေက တိုင်းရင်းသားတွေကို တစ်ဆင့်နိမ့်သလို သူတို့အနေနဲ့ခံစားနေရတယ်။ ကျွန်တော်တို့အနေနဲ့လဲ မြင်တွေ့နေရတယ်။ အဲ့အတွက်ကို တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ပါလာစေချင်သလို လိုက်လျောညီထွေတဲ့ ပူပေါင်းဆောင်ရွက်နိုင်တဲ့ လွှတ်တော်တစ်ခုကို မြင်ချင်ပါတယ်။ သထုံမှာတော့တိုင်းရင်းသားနည်းတယ်။ ကရင်ဆိုလဲရာကျော်၊ ပအိုဝ်းဆိုလဲ ရာကျော်လေးတွေပဲ ရှိကြတယ်။ တိုင်းရင်းသားအခွင့်အရေးအတွက် တိုင်းရင်းသားဝန်ကြီးတွေလဲ လိုပါတယ်။ နောက်တစ်ခုက ဒါမှလဲကျွန်တော်တို့သွားနေတဲ့ ငြိမ်းချမ်းရေး လမ်းစဉ်တွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်။ ကျိုက်ထိုအနေနဲ့က ပြည်သူတွေမှာလဲ လိုအပ်ချက် တွေ အများကြီးရှိတယ်။ အရင်အစိုးရလက်ထက်ကလဲ အကုန်မလုပ်သွားနိုင်တာရှိတယ်။ နောက်လာမယ့် အစိုးရ လက်ထက်မှာလဲ အောက်ခြေကို သေချာဆင်းကြည့်စေချင်တယ်။ လွှတ်တော်နဲ့ အစိုးရချိတ်ဆက်ပြီး လုပ်စေချင်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ လွှတ်တော်နဲ့ အစိုးရချိတ်ဆက်ပြီးလုပ်တာတွေက နည်းနေသေးတယ်လို့ မြင်တယ်။ ဒီဒေသက ကျိုက်ထီးရိုးနဲ့ ပတ်သက်ဆက်နွယ်ပြီး လုပ်စားနေကြတယ်။ ဒီကျိုက်ထီးရိုးတစ်ခုတည်းနဲ့လဲ မပြီးသွားဘူး ကျန်တဲ့ရွာတွေရှိတယ်။ ဒါကို ဥပမာ - စက်ရုံတို့ စက်မှုဇုန်လို နေရာမျိုးတွေ လုပ်စေချင်တယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက်က မြေကေ(၉၀၀၀)ကျော် ပြန်ရထားတယ် လို့သိရတယ်။ အဲ့တော့ ဒီပေါ်မှာ စက်ရုံတွေတည်ဆောက် မယ်ဆို အလုပ်အကိုင်အခွင့်အလမ်းလဲ ရလာမယ်။ တကယ်စက်မှုဇုန်လိုမျိုး တည်ဆောက်နိုင်မယ် ဆိုရင်တော့ လူ(၂၀၀၀၀)ကျော်လောက် အလုပ်အကိုင် အခွင့်အလမ်း ရလာနိုင်တယ်။ နိုင်ငံတစ်နိုင်ငံမှာ CSOဆိုတာ အစိုးရနဲ့ ပြည်သူကြားမှာပေါင်းကူးတံတားလိုပါပဲ ချိတ်ဆက်ပေးနေတဲ့ အဖွဲ့အစည်းပါ။ ကျွန်တော်တို့က အာဏာတစ်ရပ်ကို လိုချင်နေတဲ့ လူတွေမဟုတ်ပါဘူး။ ပြည်သူတွေကို ဦးဆောင်လုပ်ပေးနေတဲ့ တကယ့်အဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့တွေ ဒါတွေပေါင်းစည်းပြီး CSOsဆိုတာဖြစ်လာတာ။ CSOsက ဘာတွေလုပ်နေလဲဆိုတော့ ပြည်သူလူထုကို အသိပညာပေးတာတွေ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေ အစိုးရက အကုန်မလုပ်ပေးလာနိုင်တဲ့ အရာတွေကိုဝင်ပြီးတော့ ချိတ်ဆက်လုပ်ဆောင်ပေးတယ်။ CSOs တွေကို အစိုးရအနေနဲ့ နားလည်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့က အာဏာနိုင်ငံရေးလုပ်နေတာ မဟုတ်ပါဘူး။

ဦးစိုးသီဟ (လူမှုကူညီရေးအသင်း)

အနိုင်ရမယ့်လွှတ်တော်ကိုယ်စားလှယ်တွေကို မိမိရဲ့မဲဆန္ဒနယ်မြေက ပြည်သူတွေနဲ့ မကင်းကွာနေပဲ အမြဲတမ်းလက်ပွန်းတတီးရှိတာ မြင်ချင်တယ်။ အခုကက အစိုးရဆိုတာကတော့ မိဘလိုပါပဲ ခုပြည်သူတွေ ဘက်က လိုအပ်နေတာတွေကို သူတို့လဲအမြင်တွေရှိပါတယ် အမြင်တွေ နဲ့ ဖြည့်ဆည်းပေးရင်တော့ အဆင်ပြေ မှာပါ။ ကျန်တဲ့ တောင်းဆိုတဲ့ဟာက မတောင်းဆိုချင်ပါဘူး။ သူတို့လဲမြင်နေတာပဲ အမြင်နဲ့လုပ်ပေး စေချင်ပါ တယ်။ ပြည်သူတောင်းဆိုမှ လုပ်တာမျိုးတော့လဲ မဖြစ်စေချင်ဘူး။ တစ်ချို့ကျတော့လဲ အစိုးရ မလုပ်ပေး နိုင်မှန်သိသိနဲ့ အတင်းတောင်းနေကြတဲ့ သူတွေလဲရှိတယ်။ အဲ့လိုကျတော့လဲ အစိုးရဝန်ပိမှာပေါ့။ အစိုးရကလဲ ကြည့်မယ် ပြည်သူကလဲ အလိုက်ထိုက်လေး ညှိလိုက်ရင် အဆင်ပြေသွားမှာပါ။ ကျွန်တော်တို့မြို့မှာတော့ မြို့သူမြို့သားတွေရဲ့ လှူဒါန်းမှုနဲ့ အတတ်နိုင်ဆုံးကတော့ တော်တော် အဆင်ပြေပါတယ်။ လိုအပ်ချက်တွေက တော့ အများကြီးရှိတယ်။ အခက်အခဲကတော့ ရေက နွေရာသီမှာ အခက်အခဲရှိတယ်။ အဲ့တော့ ရေလုံလုံလောက် လောက်လေးရစေချင်တယ်။ ဖြစ်သင့်ဖြစ်ထိုက်တာတွေလဲ အဆက်ဆက်တွေနဲ့ ကျွန်တော့်အနေနဲ့ တင်ပြခဲ့ဖူး ပါတယ် ဒါပေမဲ့ လိုအပ်တဲ့ အတိုင်းအတာတစ်ခုထိပေါ့ မရောက်သေးတဲ့ အခြေအနေလေးတွေရှိတယ်။ ဒါပေမဲ့ ခုအစိုးရတော့ တော်တော်တော့ လုပ်ထားပေးပါတယ် အလုံးစုံပြီးပြည့်စုံမှုတော့ မရှိသေးဘူး။ သူတို့နိုင်တဲ့ ဘက်ကနေ လုပ်ပေးတယ်ပေါ့ ဒါပေမဲ့ ဒီဘက်အစိုးရရောက်ရင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်စေချင်တယ်။ လိုအပ်ချက်တွေ ပြောမယ်ဆို အများကြီးပေါ့ နွေရာသီဆို လက်ရှိရေပေးဝေရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြို့ပေါ်မှာရှိတဲ့သူတွေရော ပရဟိတအသင်းတွေရော တူတူလှူပ်ရှားပြီးတော့ လှူဒါန်းပေးတယ်။ ရေကိစ္စပဲ ကျွန်တော် ပြောချင်ပါတယ်။ ကျန်တဲ့ကိစ္စတွေက အစိုးရတွေရော အာဏာပိုင် အဖွဲ့အစည်းတွေရော သူတို့ဘာသာ သူတို့လုပ်နေကြတာတွေတော့ ရှိတယ်။ စီးပွားရေးကဏ္ဍကတော့ ကျွန်တော်တို့ ကျိုက်ထိုမြို့က ကျိုက်ထီးရိုးဘုရား ကတော့အဓိပါပဲ ဘုရားဖူးရှိရင်တော့ အဆင်ပြေကြတာပေါ့ ဘုရားဖူးမရှိရင်တော့ အဆင်မပြေကြဘူး။ ခုကိုဗစ်ကာလဆို ဘုရားဖူးမရှိတော့ ဘာစီးပွားရေးမှ မရှိဘူးပေါ့။ ရာဘာကလဲ အရင်ကဖြစ်ပေမဲ့ ခုဈေးမကောင်းတော့ ဘာမှလုပ်မရတော့ဘူး။ အလုပ်အကိုင် အခွင့်အလမ်း ကတော့ ဒီမြို့ကလူတွေ တော်တော်များများက ထိုင်းနိုင်ငံမှာ သွားလုပ်ကြတယ်။ အလုပ်အကိုင်အခွင့်အလမ်း က ခုဆိုကြီးကြီးမားမားလုပ်ဖို့က အထပ်သားစက်ရုံပဲ ရှိတယ်။ အထည်ချုပ်စက်ရုံမျိုးတွေနဲ့ တခြားသောစက်ရုံ တွေ ဒီမြေရှိတဲ့နေရာမှာ စက်မှုဇုန်လိုမျိုး အကောင်အထည်ဖော်ပေးနိုင်မယ်ဆိုရင်တော့ ပညာတတ်လူငယ်တွေ အတွက် အများကြီးအလုပ်အကိုင်အခွင့်အလမ်းတွေရမယ်လို့ ထင်ပါတယ်။

ကိုမင်းသံဇင်ဦး (ကျောင်းသားသမဂ္ဂ)

ကျွန်တော်တို့က ကျောင်းသားလူငယ်ပိုင်းဖြစ်တဲ့အတွက် အဓိကတော့ နှစ်ချက်ပဲရှိတယ်။ ပထမတစ်ချက်ကတော့ ပညာရေးနဲ့ပတ်သက်တဲ့ဟာရယ် နောက်တစ်ချက်ကတော့ လူငယ်ပိုင်းတဲ့ ပတ်သက်တဲ့ဟာပေါ့ အဲ့ဒါကိုတော့ အများကြီးတွေ့ချင်တယ်။ ပညာရေးပိုင်းမှာဆို မြန်မာပြည်မှာ လိုအပ်တဲ့ ပညာရေးလွတ်လပ်ခွင့်ပေါ့ လက်ရှိ ကျွန်တော် သမဂ္ဂအနေနဲ့ပြောရမယ်ဆို တက္ကသိုလ် တိုင်းရဲ့ သမဂ္ဂတိုင်းလိုလိုမှာ ဒီမူဝါဒကပါတယ်။ နောက်တစ်ခုက မြန်မာပြည်မှာ လက်တလောအနေနဲ့မရှိတာဆိုရင် ပညာရေးဆိုင်ရာမူဝါဒ ကောင်းကောင်းမရှိဘူး။ နောက်တစ်ခုက Student law တို့ Student Rightတို့ ဒါတွေက လုံးဝမရှိနေဘူး။ မြန်မာပြည်မှာဆို သားသုံးသားခေါ်တာရှိတယ် ဘုရားသား၊ ကျောင်းသား၊ စစ်သားရယ်။ ဘုရားသားဆိုလဲ သူရဲ့ဝိနည်းဥပဒေအရ သူရှိပြီးသား စစ်သားဆိုလဲ သူ့ရဲ့စစ် Institution အရ ရှိပြီးသား ဒါပေမဲ့ကျောင်းသားမှာ မရှိနေဘူး။ ကျောင်းသားဆိုတာ ဘယ်လိုလုပ်လိုက်ရင် ဘယ်လိုဖြစ်မယ်ဆိုတဲ့ အနေအထား ကျောင်းသားမှာ မရှိနေဘူး။ နောက်တစ်ခုဆိုးတာက ဒီကျောင်းသားကာလပြီးရင် သူ့ကို ဘဝအာမခံချက်ပေးနိုင်တဲ့ ပညာရေးလွတ်လပ်ခွင့်ပေါ့ ဘဝအတွက် လွတ်လပ်စွာ ရွေးချယ်ပိုင်းခွင့်ရှိတဲ့ ပညာရေးက လက်ရှိမရှိသေးဘူး။ ဥပမာ - ဘွဲ့ရသည်ဖြစ်ဖြစ် ဝင်ခွင့်ကို အမှတ်နဲ့ဖြည့်ရသည်ဆိုသော်ငြားလည်း မိဘရဲ့ဖိအားတွေရှိတယ်။ တစ်ချို့ကျဆရာသမားတွေ တချို့ရွာ တွေမှာကျ ရွာဦးကျောင်းရဲ့ ဘုန်းကြီးဆီက ဖိအားတောင်ရှိတယ်။ ဒါကသူ့မှာ လွတ်လပ်ပိုင်းခွင့် မရှိနေဘူး။ နောက်တစ်ခုက မြန်မာပြည်ရဲ့ ပညာရေးအရ စီးပွားရေးအရပဲဖြစ်ဖြစ် အလုပ်အကိုင်အခွင့်အရေးပေးတာပဲဖြစ်ဖြစ် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် လိုမျိုးက အလုပ်အကိုင်ကောင်းကောင်း ရနိုင်သေးတယ်။ ကျွန်တော်တို့ ဝိဇ္ဇာ၊ သိပ္ပံတွေက အလုပ်ရဖို့ခက်ခဲတယ်။ ဒါကမြန်မာပြည်မှာရှိတဲ့ ပညာရေးလွတ်လပ်ခွင့်အရပေါ့။ ကျွန်တော်ထင်တယ် ဒါကလဲ ပညာရေးဆိုင်ရာ မူဝါဒကောင်းကောင်း မရှိလို့ထင်တယ်။ ယေဘုယျအားဖြင့်ဆိုရင် အပေါ်ကနေစဉ်းစားမယ် ဆိုရင် ပညာရေးကဏ္ဍက အဲ့လောက်ခက်ခဲတဲ့ အပိုင်းမဟုတ်ဘူး။ အခုတတ်သွားတဲ့အစိုးရပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်ပဲဖြစ်ဖြစ် ပညာရေးမူဝါဒတွေ Student Right/ Lawတွေ၊ ပညာရေးမူဝါဒပဲ ကောင်းကောင်းဖြစ်စေချင်တယ်။ မြန်မာပြည်မှာက ပညာရေးနဲ့ ပတ်သက်ရင် Mother Law လို့ခေါ်တဲ့ အမျိုးသားပညာရေးဥပဒေ တစ်မျိုးတည်းပဲရှိသေးတာ။ အခြေခံပညာရေးဆိုတာကလဲ ကျွန်တော်တို့နဲ့ အလှမ်းဝေးတယ်။ သူငယ်တန်းကနေ ၁၀တန်းထိကိုပေးရတဲ့ အခြေခံပညာရေး ဥပဒေပိုင်းကတပိုင်းပေါ့။ ဒါပေမဲ့ တက္ကသိုလ်မှာတော့ အဆင့်မြင့်ပညာရေးစနစ် မရှိသေးဘူး။ တက္ကသိုလ်ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဆိုတာလဲမရှိဘူး။ မွန်ပြည်နယ်နဲ့ဆိုင်တဲ့ တက္ကသိုလ်တွေမှာ Researchတို့ Thsisတို့လုပ်မယ်ဆို သူတို့နဲ့ သက်ဆိုင်တဲ့ ပညာရှင်တွေ ဥပမာ - နိုင်ငံတော်ကတရားဝင်ပြန်တမ်းဝင်အရာရှိတွေမဟုတ်ပဲ ကျွမ်းကျင်

ပညာရှင်တွေ ခေါ်သုံးလို့ရတယ်၊ ငွေသုံးလို့ရတယ်ဆိုတဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာ ဒီတက္ကသိုလ်မှာ မရှိသေးဘူး။ ခုထိပညာရေးဝန်ကြီး အဆင့်မြင့်ပညာရေးဦးစီးဌာနရဲ့ လက်အောက်မှာပဲ ရှိသေးတယ်။ နောက်တစ်ခုက ဒါနဲ့စပ်လျဉ်းပြီး လူငယ်ပိုင်းမှာလဲ လူငယ့်ရေးရာကော်မတီတွေရှိတယ် မူဝါဒတွေရှိတယ်။ ဒါပေမယ့်အစိုးရက အကောင်အထည် မဖော်ပေးနိုင်တာတွေ အများကြီးရှိတယ်။ ခုမွန်မှာဆို မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာဆို လူငယ်တွေမှာ ထိခိုက်မှုတွေရှိနေတယ်။ အမှန်တိုင်းပြောရင်တော့ ပြည်သူရွေးကောက်အနေနဲ့ တတ်သွားတဲ့ ကိုယ်စားလှယ်တွေက ဒါတွေလုပ်ပေးဖို့ အခွင့်ရေးအကောင်းဆုံးပဲ။ NGO, CBO, CSOတို့ထက်ဆိုင်ရင် ဆိုလိုချင်တာ ဒီလိုအဖွဲ့စည်းတွေက အသိပညာပေးပြီး Develop လုပ်ပေးနိုင်ရုံလောက်ပဲ ပံ့ပိုးပေးနိုင်တယ်။ ၂၀၂၀ရွေးကောက်ပွဲမှာ အနိုင်ရကိုယ်စားလှယ်တွေကသာ ပိုပြီးထိထိရောက်ရောက် လုပ်နိုင်မယ်လို့ ကျွန်တော်မြင်တယ်။

ပေါင်မြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

ဒေါ်ရတနာစိုး

(Youth Conversation Club)

ကျွန်မတို့က အနိုင်ရခဲ့တဲ့ လွှတ်တော် ကိုယ်စားလှယ်သော်လည်းကောင်း၊ အစိုးရအဖွဲ့ ကိုသော်လည်းကောင်း ဒေသနဲ့ဆိုင်တဲ့ တန်းတူညီမျှ ရှိတဲ့ ဒေသန္တရဥပဒေတွေကို အဓိက လုပ်စေချင်တယ်။ အလုပ်အကိုင်အခွင့်အလမ်း၊ ဖွံ့ဖြိုးတဲ့နေရာတွေဆိုရင် ဥပမာ - ပေါင်မှာဆိုရင် Tourism နေရာတွေ လုပ်ပေးဖို့တောင်းဆိုချင်တယ်။ နွားလပို့တောင်ဆိုရင်ဘုရားတစ်ခုပဲရှိတာ၊ အဲ့နေရာတစ်ဝိုက်ကို သဘာဝသစ်တောပုံစံမျိုး၊ ဘေးမဲ့သစ်တောပုံစံမျိုး ဖော်ဆောင်ပေးစေချင်တယ်။ ပြည်သူတွေကို ပွင့်လင်း မြင်သာမှုရှိအောင် လုပ်စေချင်တယ်။ Budget တောင်းတဲ့ကိစ္စမျိုးဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကပဲ လုပ်တာမျိုးမဟုတ်ပဲ နည်းစနစ်တကျနဲ့ လုပ်စေချင်တယ်၊ နောက်တစ်ခုအနေနဲ့ လွှတ်တော် ကိုယ်စားလှယ် တွေကို ပွဲတွေမှာပဲတွေ့တာများတယ်။ အဲလိုမဟုတ်ပဲ ပြည်သူတွေနဲ့ထိတွေ့မှု ရှိစေချင်တယ်။ အစိုးရရဲ့လုပ်ငန်းတာဝန်နဲ့ လွှတ်တော်ကဏ္ဍကို ကွဲပြားစေချင်တယ်။ ပြည်သူလူထုကို ပွင့်ပွင့်လင်းလင်း ချပြဖို့လိုတယ်။

ဦးဘုန်းမြင့် (ရာဘာလုပ်ငန်းရှင်)

နိုင်လာတဲ့ကိုယ်စားလှယ်တွေအနေနဲ့ မြန်မာတစ်နိုင်ငံလုံးရဲ့ အကျိုးစီးပွားကိုဆောင်ရွက်နိုင်ရင်တော့ ပိုကောင်းတာပေါ့။ မြန်မာနိုင်ငံက စိုက်ပျိုးရေးကို အဓိကထားတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးကို ပြောင်းလဲလာအောင်ဘယ်လိုလုပ်မလဲ။ နည်းပညာ အသိပညာရှင်တွေနဲ့ ပေါင်းပြီးတော့ ပြောင်းလဲတတ်ဖို့ တော့လိုတယ်။ ဒီကနေ့စိုက်ပျိုးရေးလည်းလုပ်နေတယ် ဖွံ့ဖြိုးမှုလည်း နှေးကွေးနေတယ်ဆိုတာက နည်းပညာရယ်၊ ဈေးကွက်ရယ်၊ တောင်သူတွေရဲ့စွမ်းအား၊ အစိုးရရဲ့ပံ့ပိုးမှု၊ ဒါတွေလိုအပ်နေတာဖြစ်တဲ့အတွက် ထင်သလောက် ဈေးမရဘူး။ ဒါကြောင့် တောင်သူတွေမှာ ဝင်ငွေနည်းတယ်။ အစိုးရကလည်း နားလည်ပေးဖို့ လိုတာပေါ့။ အောက်ခြေထိ ဆင်းဖို့လိုတယ်။ မွန်ပြည်နယ်ရဲ့စီးပွားရေးဆိုရင် လယ်ယာစိုက်ပျိုးရေးရှိတယ်၊ ဥယျာဉ်ခြံစိုက်ပျိုးရေး၊ ကမ်းဝေး၊ ကမ်းနီးငါးဖမ်းလုပ်ငန်းတွေရှိတယ်။ နောက်နှစ်ရှည်ရာဘာပင် စိုက်ပျိုးတာရှိတယ်။ နောက်တစ်ခုက ဟိုတယ်နှင့်ခရီးလုပ်ငန်းတွေရှိတယ်။ စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ စိုက်ပျိုးရေးစနစ်ကို တောင်သူရောအစိုးရရော ပေါင်းပြီးသွားမယ်ဆိုရင်တော့ အဆင်ပြေမယ်လို့ ထင်တယ်။ စနစ်တွေပြောင်းလဲဖို့တော့ လိုတာပေါ့။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ဘယ်လိုပြောင်းမလဲ စက်မှုလယ်ယာကို ပြောင်းမယ်ဆိုရင်လည်း လက်ရှိဖြစ်နေတဲ့ လယ်ကွက်ရဲ့ပုံစံလေးတွေ၊ စိုက်ပျိုးရေးစနစ် ပြောင်းလဲလာအောင်လည်း လွှတ်တော်ကိုယ်စားလှယ်နဲ့ တောင်သူတွေနဲ့ပညာရှင်နဲ့ ဆွေးနွေးရမယ်။ နှစ်အလိုက်ကုန်ကျစရိတ်၊ ရေရှည်သွားရမယ့် လမ်းကြောင်းတွေကို စာရွက်ပေါ်မှာတွက်ပြနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ဌာနဆိုင်ရာတွေ ဖြစ်ဖို့လိုတယ်။ ပြည်သူတွေအသိဉာဏ်မြင့်မြင့်တွေးခေါ်ရင် မြင့်တဲ့အစိုးရကိုရမယ်။ ပြည်သူရဲ့အသိဉာဏ် နိမ့်နေရင် နိမ့်တဲ့အစိုးရကိုပဲရမယ်။ ဒါကြောင့်ပြည်သူတွေ ဗဟုသုတရှိဖို့ဆိုတာရယ်၊ ပါတီစွဲမစွဲဖို့ဆိုတာရယ်၊ ကိုယ့်ကိုဘယ်သူကကောင်းအောင် လုပ်ပေးနိုင်သလဲဆိုတဲ့ အသိဉာဏ်ပြည်သူမှာ မရှိဘူးဆိုရင်တော့ မရှိတဲ့ညီမျှတဲ့ အစိုးရပဲရမယ်။ ပြည်သူက အသိဉာဏ်မြင့်နေရင် မြင့်တဲ့အစိုးရကိုရမယ်။ မည်သူ့ကိုမှမထိခိုက်စေပဲ ပြည်သူ့အကျိုးပြုလုပ်ငန်း မိမိဘယ်လောက်လုပ်နိုင်တယ် ဆိုတာကိုပဲပြောပြီး စည်းရုံးစေချင်တယ်။ ဒါကြောင့် မည်သူ့အစိုးရပဲ တက်လာတက်လာ ပြည်သူကို ပါအောင် ဆွဲခေါ်နိုင်ရင်တော့ အဲဒီအစိုးရက အစိုးရကောင်း ဖြစ်ပါလိမ့်မယ်။ ပြည်သူကိုပါအောင်မဆွဲခေါ်နိုင်ရင်တော့ အဲဒီအစိုးရက ထင်သလောက် မပေါက်ဘူး။

ဦးအောင်လွင် (Oak Tatar Social Welfare Association)

ပေါင်မြို့နယ်ဟာ အရမ်းကိုကျေးလက်ဆန်တဲ့ တောတောင်တွေနဲ့ လယ်ယာ ချောင်းမြောင်း တွေအများကြီး ပိုင်ဆိုင်တဲ့ နေရာဒေသတစ်ခု ဖြစ်တယ်။ တောတောင်တွေနဲ့လယ်ယာ ချောင်းမြောင်းတွေက ကျွန်တော်တို့အတွက်စားစရာတွ၊ ရေတွေ ရခဲ့တယ်။ ပေါင်မြို့ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ ပြည်နယ်လွှတ်တော်နေရာမှာ အစိုးရဌာနဝန်ကြီး၊ ဝန်ကြီးချုပ်တွေ ဖြစ်သွားခဲ့ရင်လည်း ပေါင်မြို့နယ်မှာဖြစ်နေတဲ့ သဘာဝဘေးအန္တရာယ် ပြဿနာတွေကို ကောင်းမွန်နိုင်ဖို့ စီမံကိန်းတွေ မူဝါဒတွေရေးဆွဲပြီး လုပ်ဆောင်သင့်တယ်လို့ မြင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အားလုံးက ဖက်ဒရယ်ပြည်ထောင်စုကို သွားနေတာဖြစ်တဲ့အတွက် ကိုယ့်ပြည်နယ်ရဲ့ဥပဒေကို ကိုယ်တိုင်ရေးဆွဲနိုင်မယ့် စွမ်းရည်ရှိတဲ့ အမတ်မျိုးတွေလည်း လိုချင်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ အဓိက သစ်သီးသစ်နှံတွေထွက်တယ်။ ဆန်စပါးတွေထွက်တယ်။ အဲ့လိုအဓိကထွက်ကုန်တွေကို စျေးကွက်တစ်ခုလောက် တည်ဆောက်ပေးစေချင်တယ်။ အနည်းဆုံးတော့ ဒီကတောင်သူလယ်သမားတွေ ဥယာဉ်ခြံပိုင်ရှင်တွေဟာ သူတို့ရဲ့ထုတ်ကုန်ပေါ်မှာ ရှိသင့်တဲ့အမြတ်၊ ရှိသင့်တဲ့စျေးနှုန်းတွေကို ဒီမှာပဲဖော်ဆောင်နိုင်ရင်တော့ အကျိုးအမြတ် ပိုရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။

ဦးအောင်မျိုးခိုင် (Social Welfare Association)

အနိုင်ရတဲ့ကိုယ်စားလှယ်တွေက ကိုယ့် မြို့နယ် ရဲ့ အကျိုးကိုလုပ်ဆောင်ပေးစေချင်တယ်။ခုလက်ရှိ ကိုယ်စားလှယ်တွေက မြို့နယ်အကျိုးထက်စာရင် သူတို့ရဲ့ ပါတီမူဝါဒတွေကို လုပ်ဆောင်နေတာက ပိုပြီး များနေတယ်။ ဥပမာ -ကျွန်တော်တို့မြို့နယ်မှာ အလုပ် တို့ လိုကွင်း ရွာလေးတွေ နွေဆိုရေရှားတယ်၊ မိုးဆိုတာတမံပြိုတယ်။ သဘာဝဘေးအန္တရာယ်ကနေ ဒုတိယသမ္မတ ကိုယ်တိုင် လာပြီး တမံတွေလာဆောက် သွားတယ်။ ဒီနှစ်လည်းထပ်ပြိုတယ်။ အဲ့မှာကိုက လိုအပ်ချက်တွေရှိနေပြီ။ ကိုယ့်မြို့နယ်ရဲ့ ကိုယ်စားလှယ်တွေက သေချာဘတ်ဂျက်ချပြီးလုပ်တာက ပိုကောင်းတာပေါ့။ ကိုယ်စားလှယ်တွေက ဥပဒေနဲ့မညီပဲ ဝင်လုပ်တဲ့အချက်တွေလည်းရှိတယ်။ တချို့နေရာတွေမှာ အုပ်ချုပ်ရေးမှူးကိုယ်တိုင်လုပ်ရမယ့် အလုပ်တွေရှိတယ်။ ကိုယ့်ဒေသအကျိုးက နံပါတ်(၁)၊ ပါတီရဲ့မူဝါဒက နံပါတ်(၂)၊ ဖြစ်စေမှရပါမယ်။

ဘီးလင်းမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

ဦးခွန်သိန်းမြင့် (ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့)

တိုင်းရင်းသားအရေးနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားအနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရစေချင်တယ်။ အခွင့်အရေးဆိုတဲ့နေရာမှာလဲ အခြားတိုင်းရင်းသားတွေနဲ့တန်းတူ အခွင့်ရေးမျိုး ရစေချင်တယ်။ အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေသည် အလုပ်အကိုင် အခွင့်လမ်းနဲ့ ပတ်သက်လို့ ထိုက်သင့်တဲ့ ပညာတတ်လေးတွေ လဲရှိတယ်။ ဘွဲ့ရလေးတွေလဲရှိတယ်၊ အဲ့ဒီကလေးတွေက တစ်ဖက်နိုင်ငံမှာ အလုပ်သွားမလုပ်ရပဲနဲ့ ကိုယ့်နိုင်ငံမှာပဲ အလုပ်လုပ်လို့ရမယ့် အခွင့်အလမ်းမျိုးတွေလည်း အစိုးရကို ဖန်တီးပေးစေချင်တယ်။ နောက်တစ်ခုက အခုဆိုစာသင်ကျောင်းတွေမှာ ပအိုဝ်းစာပေကို သင်ကြား ခွင့်တော့ပေးထားပြီး အခြားတိုင်းရင်းသား တွေကိုလည်း ပေးထားတာတော့ရှိတယ်။ ဒါပေမယ့် သင်ကြားခွင့် ပေးထားတာမှန်ပေမယ့် ဆရာ/ ဆရာမလေးတွေ ထောက်ပံ့မှုအားကတော့ နည်းနေတယ်။ တစ်လမှာ (၃၀၀၀၀)လောက်ဆိုတော့ ဘာမှအဆင်မပြေလောက်ဘူးလေ။ ကုန်ဈေးနှုန်းအခြေအနေ သူတို့ရဲ့သွားရတဲ့ အခြေအနေနဲ့ ဘယ်လိုမှ အဆင်မပြေနေဘူး။ သူတို့ရဲ့လစာကိုလည်း လက်ရှိတရားဝင် ဝန်ထမ်းလစာလေး တော့ရစေချင်တယ်။ လက်ရှိအစိုးရသက်တမ်းနှစ်ဆက်ပေါ့ ကျွန်တော်တို့က အရပ်သားအစိုးရဖြစ်သွားတော့ အရပ်သား အစိုးရလက်ထက်မှာ ပအိုဝ့်အမျိုးသားနေ့ ကျင်းပတာရှိတယ်။ တစ်ချို့တွေကျတော့လဲ တခြား အာဇာနည်နေ့ လုပ်တာတွေရှိတယ်။ အာဇာနည်နေ့တော့ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်တော့ မရသေးဘူး။ အမျိုးသားနေ့ လုပ်ပိုင်ခွင့်တွေကျတော့လဲ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်တွေ ပေးထားတယ်။ ပြည်နယ်မှာ တော့လက်ရှိ တိုင်းရင်းသားရေးရာဝန်ကြီးဌာနက သုံးရမယ့်အချိုးကထဲကနေပြီး ပအိုဝ့်အမျိုးသားနေ့ကျင်းပ မယ်ဆိုပြည်နယ်အဆင့်ပေါ့ အဲ့ခါမှာ သိန်း(၃၀၀၊ ၄၀၀)လောက်ထိတော့ ပေးသုံးတာတွေ့ရတယ်။ အရင်တုန်းက အစိုးရလက်ထက်ကဆို အခမ်းအနားတစ်ခု လုပ်တော့မယ်ဆို စာတမ်းတွေကအစ သက်ဆိုင်ရာ ဌာနဆိုင်ရာ တွေကို တင်ပြရတာရှိပေမဲ့ အခုနောက်ပိုင်းမှာ အဲ့လိုတွေတင်ပြရတာ မရှိတော့ဘူး။ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်တော့ ရှိလာတယ်။ နောင်တတ်လာ မယ့် အစိုးရကို တိုင်းရင်းသားစာပေကို ဒီထက်မက အချိန်တွေပိုပေးပြီး သင်ကြားနိုင်မယ့် အခြေနေမျိုး အချိန်ဇယားမျိုး ပိုပြီးတော့ဆွဲပေးမို့နဲ့ သင်ကြားတဲ့ဆရာ/ ဆရာမတွေအတွက်လဲ ထောက်ပံ့ကြေးကို အစိုးရဝန်ထမ်း များ နည်းတူ လစာတူထောက်ပံ့ပေးနိုင်မယ်ဆို ပိုပြီးတော့ ကောင်းတယ်လို့ပဲ ကျွန်တော်တို့က မြင်ပါတယ်။

ဦးဇင်ငြိမ်းထွန်း (လူငယ်ရေးရာကော်မတီ)

လုပ်ပေးစေချင်တာကတော့ အများကြီးဗျ။ အစိုးရနှစ်ဆက်လုံးကို ရွေးကောက်ပွဲ မတိုင်ခင်ကတည်းက မျှော်လင့်ထားတယ်။ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာဘူး ဖြစ်နေတယ်။ လူငယ့်ရေးရာမူဝါဒနဲ့ ပတ်သက်ပြီး အခုချိန်ထိ မဟာဗျူဟာ ထွက်လာပြီးချိန်ထိ အကောင်အထည်ဖော်မှုပိုင်းမှာ အစိုးရဘက်က အတော်လေး အားနည်းနေတာကို တွေ့ရတယ်။ လူငယ်မူဝါဒရေးရာမှာ အစိုးရဆိုတာက (၄၀)% ပါဝင်တာလေ ကော်မတီ ထဲမှာ လူငယ်က (၆၀)% ပါဝင်ပေမယ့် အစိုးရဘက်က မျှော်လင့်ထားသလောက် လိုက်မလုပ်တာ တွေ့ရတယ်။ တက်လာမယ့်အစိုးရကိုတော့ လူငယ်ပိုင်းကို အများကြီး လုပ်စေချင်တယ်။ ဒီဟာတွေကိုလည်း အကောင် အထည်ဖော်စေချင်တယ်။ နောက်ပြီးကျွန်တော်တို့မှာ အလုပ်လက်မဲ့ လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးစေချင်တယ်။ ။အရွယ်ရောက်ပြီးတာနဲ့ တစ်ချို့ကလည်း ဘွဲ့ရပြီး အလုပ်မရတာတွေလည်း ရှိတယ်။ တစ်ချို့က ဘွဲ့ရပြီးတဲ့ အဆင့်ရှိတာတောင် နိုင်ငံခြားရောက်တာတွေရှိတယ်။ အလုပ်အကိုင်မှာပဲဖြစ်ဖြစ် နိုင်ငံရေးမှာပဲဖြစ်ဖြစ် လူငယ်တွေကိုလည်း ပါဝင်စေချင်တယ်။ နိုင်ငံရေးကိုလည်း စိတ်ဝင်စားစေချင်တယ်။ ဒေသန္တရဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး ဘီးလင်းအတွက်ဆိုရင် အဓိကပြဿနာက ဘီးလင်းမြစ်ရေပြဿနာ၊ ဘီးလင်းမြစ်က တော်တော်လေး အခြေ အနေဆိုးနေတယ်။ မနှစ်ကဆို လယ်မြေတွေ ရေမရတဲ့ အခြေအနေဖြစ်သွားတယ်။ အစိုးရနဲ့ လူမှုအဖွဲ့ အစည်းတွေပေါင်းပြီး ပြန်လုပ်လိုက်ရတဲ့ အခြေအနေ ဖြစ်သွားတယ်။ ဘီးလင်းမြစ်ရေပြဿနာက ဒီအစိုးရ သက်တမ်းမှာလည်း လုပ်တော့ လုပ်နေတယ်။ လုပ်ပေမယ့်လဲ ထိထိရောက်ရောက် ပြီးမလာဘူးဖြစ်နေတယ်၊ ဘီးလင်းမြစ်က လက်ရှိရွှေတွင်းပြဿနာလည်း ရှိနေတော့လေ။ ဒီဟာတွေက ပြည်ထောင်စုအဆင့်နဲ့ အကောင် အထည်ဖော်ရမယ့် အရာတွေရှိတယ်။ အဲ့ဒီဟာတွေ ထိရောက်မှု မရှိသေးဘူး။ ဘီးလင်းမြစ်ရေ ပြန်လည် ကောင်းမွန် ဖို့အတွက် ပီပီပြင်ပြင်လုပ်စေချင်တယ်။ ကိုယ်စားလှယ်တွေကလည်း ကိုယ်စားလှယ်တာဝန်ကို ကျေပွန်စေချင်တယ်။ အစိုးရဖြစ်သွားရင်လည်း အစိုးရတာဝန်ကို ကျေပွန်စေချင်တယ်။ လွှတ်တော် (၂)ရပ်လုံးမှာ ကျွန်တော် တို့တွေ့ရတာက အစိုးရနဲ့ လွှတ်တော်ကြားမှာ ပွတ်တိုက်မှုလေးတွေ တွေ့ရတယ်။ အစိုးရကလည်း လွှတ်တော်ရဲ့အထိန်းအကျောင်းကို မခံကြဘူး။ လွှတ်တော်ကလည်း အစိုးရကို ထိန်းကျောင်း တာတစ်ချို့က ပါတီမျက်နှာကို ကြည့်ကြတယ်။ ပါတီကို အခြေခံပြီးတက်လာတာတော့ ပါတီမျက်နှာ ကိုကြည့် ထိန်းကျောင်းမှုမခံကြဘူး။ တစ်ချို့ကလည်း ပါတီမျက်နှာကြောင့် အားနာပြီး မထိန်းကျောင်းကြတာတွေ လည်းရှိတယ်။ အဲ့တာတွေကိုတော့ ပွင့်ပွင့်လင်းလင်း ဖြစ်စေချင်သေးတယ်။

ဦးထွန်းလွင် (ပိုင်သောက်ရေသန့်)

ပထမဆုံး ခုတက်လာမယ့်အစိုးရကို ပြည်သူ့ အစိုးရဆိုတဲ့ အတိုင်း ပြည်သူ့ အသံကို နားထောင်စေချင်တယ်။ လွှတ်တော် ကိုယ်စားလှယ်တွေကလဲ ထဲထဲဝင်ဝင် ပြည်သူ့ ဘဝကို လေ့လာပါ။ ကျွန်တော်တို့မှာ မြန်မာ စကားပုံ လည်းရှိတယ် 'အူမတောင့်မှ သီလစောင့်နိုင်တယ်' အူမတောင့်နိုင်ဖို့ဆိုတာ သူ့ရဲ့စီးပွားရေး၊ မိသားစုရဲ့စီးပွားရေး၊ မြို့ရဲ့စီးပွားရေး အကုန်လုံး တိုးတတ်တောင့်တင်းမှသာလျှင် ကျန်တဲ့ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းတွေ ဖွံ့ဖြိုးအောင်လုပ်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့က စီးပွားရေးသမားပီပီ စီးပွားရေးကို စောင်းပေးပြီး ပြောချင်တယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များကလဲ မိမိဒေသမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး လုပ်စေချင်တယ်။ ဒါမှလည်းကျွန်တော်တို့က သူတို့နဲ့ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသမှာ စီးပွားရေးတိုးတတ်မှသာလျှင် နိုင်ငံမှာသူများနဲ့ ရင်ပေါင်းတန်းနိုင်မှာပေါ့။ ကျွန်တော်တို့ စီးပွားရေးစီးပွားရေးပြောနေရတာလဲ စီးပွားရေးတောင့်တင်း ခိုင်မာလာမှသာလျှင် ကျွန်တော်တို့ရဲ့ တိုင်းပြည်၊ မြို့ရွာက အဆင်ပြေလာ ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်ကိုယ်စားလှယ်တွေကို ပြောချင်တာက စီးပွားရေးနဲ့ပတ်သက်လာရင် ပြီးခဲ့တဲ့အပိုင်းတွေကတော့ ပြောရင်းတော့လဲ သူတို့မှာကအချိန်မရတာ ရှိမှာပေါ့။ စီးပွားရေးလုပ်ငန်းရှင်နဲ့ တွေ့တယ်ဆိုတာ ကိုယ်စားလှယ်တွေမှာမရှိခဲ့ပါဘူး။ ဦးသိန်းစိန် လက်ထက်ကဆို ပိုဆိုးတယ်။ ပြီးခဲ့အစိုးရလက်ထက်မှာလဲ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ကိုယ်စားလှယ်တွေနဲ့တွေ့ပြီး စီးပွားရေးအကြောင်း ဘယ်လိုလုပ်ကြမလဲဆိုပြီး ညှိနှိုင်းဆွေးနွေးတာ တစ်ခါမှ မရှိခဲ့ဘူး။ ကျွန်တော်တို့သာလျှင် နားဆွံ့ပြီး ဟိုမှာနားထောင် ဒီမှာနားထောင်နဲ့ NEIကလုပ်တဲ့ပွဲတွေ ပြည်နယ်မှာလုပ်တဲ့ လုပ်ငန်းပွဲတွေမှာတတ်တယ်၊ နားထောင်တယ်၊ အဲ့သလိုဖြစ်သလို ကျွန်တော်တို့က ဖြစ်စေချင်တာကို ကျွန်တော်တို့ပြည်နယ်အစိုးရကို တိုက်တွန်းပြီးတော့ ကျွန်တော်တို့လိုချင်တာကို တင်ပြလာရတယ် ကူညီပေးလာတယ်။ ကျွန်တော့်လိုမျိုး ကျွန်တော်တို့မြို့မှာရှိတဲ့ လုပ်ငန်းရှင်တွေကို ကျွန်တော်တို့ကိုယ်စားလှယ်တွေနဲ့ စွမ်းဆောင်ပေးနိုင်တဲ့ NGOအဖွဲ့တွေနဲ့ ပူးပေါင်းပြီး လုပ်ပေးမယ်ဆိုရင် ဒီလိုအဖွဲ့တွေကလဲ မြို့နယ်အလိုက်ကို ဆင်းပေးမယ်ဆိုရင် ပိုပြီးတော့ အကျိုးဖြစ်ထွန်းလာမယ်။ ဒါကြောင့် ဒီနေရာမှာ လွှတ်တော်နဲ့ NGOs နဲ့ ကျွန်တော်တို့ဒေသခံတွေနဲ့ ပူပေါင်းမယ်ဆို မအောင်မြင်စရာကိုမရှိပါဘူး

အောင်မြင်တယ်။ ဒါကြောင့်နောင်တတ်လာမယ့် ကိုယ်စားလှယ်တွေကိုလဲ အဲ့လိုပူးပေါင်းပြီး လုပ်ရင်အောင်မြင်တယ် လုပ်စေချင်တယ်။ ဒါကြောင့် ပြည်သူ့ကြားကိုဝင်ပါ ပြည်သူအသံကို နားထောင်စေချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို အဓိက တွန်းတွန်းတိုက်တိုက်ကတော့ အတိတ်ဟောင်းအမဲကြီးက ကျွန်တော်တို့မြို့နယ်တွေမှာခံခဲ့ရတာ စစ်အရိပ်ဆိုးကြီးက လွှမ်းမိုးခံခဲ့ရတဲ့အတွက် ဒီသေနတ်သံတွေ ငြိမ်းချမ်းသွားပြီးတဲ့အချိန် လုပ်လို့ ရလာတဲ့အချိန် ဖြစ်လာတဲ့အတွက် ကျွန်တော်တို့က စီးပွားရေးကိုဦးတိုက် တွန်းတွန်းတိုက်တိုက်လုပ်ဖို့ ကျွန်တော်တို့မှာ စီးပွားရေးလုပ်ဖို့လဲ ရေကန်၊ မြေကန်အကုန်လုံးရှိတယ် ကောင်းပါတယ်။ ဒါကို အခွင့်ရေးပေးဖို့ပဲလိုပါတယ်။ ကျွန်တော်တို့မှာ စီးပွားရေးလုပ်ဖို့လဲ နေရာရှိနေပြီး လူအင်အားလဲရှိနေပြီး အခွင့်ရေးပေးဖို့က NGOအဖွဲ့တွေနဲ့ အစိုးရ၊ လွှတ်တော်တို့ပူးပေါင်းပြီး အခွင့်ရေးပေးမယ်ဆို အများကြီးကျွန်တော်တို့မြို့နယ်က တိုးတတ်စရာရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့မြို့နယ်အနေနဲ့ တာဝန်ခံပြီးလုပ်ပေးမယ့် ကိုယ်စားလှယ်အနေနဲ့ကလည်းပဲ ကိုယ့်မြို့နယ်ရဲ့လိုအပ်ချက်က ဘာဆိုတာကို တိတိကျကျနားလည်ဖို့ လိုပါတယ်။ ဒါကအဓိက ပြောချင်တာပါ။ စီးပွားရေးလုပ်မယ်ဆို စက်ရုံ၊ အလုပ်ရုံဆောက်မှ စီးပွားရေးလုပ်တာ မဟုတ်ပါဘူး။ အဓိကကျွန်တော်တို့ဒေသက စိုက်ပျိုးရေးလုပ်တာ ဆိုတော့ စိုက်ပျိုးရေးလုပ်ငန်းမှာ ရင်နာစရာဖြစ်ခဲ့ရတာက ခုသကြားစက်ရုံကြီးတွေရှိပြီး ငုတ်တုတ်နေ နေရတယ် မြေယာကို သိမ်းနဲ့ချီပြီးကျွန်တော်တို့မှာ ပက်လက်ကြီးတွေဖြစ်နေတာ ဒါတွေကိုရင်ကွဲမနာ ကျွန်တော်တို့က ခံစားနေတာ။ ဒီခံစားချက်တွေကို လွှတ်တော်ကိုယ်စားလှယ်တွေကို ပြောပြ၊ ဆိုပြစေ ချင်တယ်။ လက်ရှိ(၁၀၀)မှာ(၈၀)က တောင်သူလယ်သမားတွေပါ။ ဒီလူတွေကို အခြေခံကိုမြှင့်ပေးမယ်ဆိုရင် ကျွန်တော်တို့မြို့နယ်က နောက်မှာကျန်ခဲ့စရာအကြောင်း မရှိပါဘူး။

ဦးသိန်းရွှေ

(Cocacola Lehti Satisfied Trainer)

အိမ်တစ်အိမ်ပဲဖြစ်ဖြစ် မြို့တစ်မြို့၊ ရွာတစ်ရွာပဲဖြစ်ဖြစ် တိုင်းပြည်တစ်ပြည်ပဲဖြစ်ဖြစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက တော်တော်လေး အရေးကြီးတယ်။ စီးပွားရေးမှာ သူ့အတွက် နိမ့်ကျနေမယ်။ အခက်အခဲဖြစ်နေမယ်၊ ဒုက္ခရောက်နေမယ်ဆိုရင် သူ့ရဲ့မူလစိတ်အခြေအနေက ပြောင်းလဲ သွား နိုင်တယ်။ အဲ့တော့သူက ဘယ်ထိရောက်လာနိုင်လဲဆိုရင် တစ်ဖက်စွန်းရောက်တဲ့အထိ ဖြစ်သွား

နိုင်တယ်။ ငွေရဖို့အတွက် နည်းမျိုးစုံနဲ့ လုပ်နိုင်တယ်။ အဲ့ဒါတွေကြောင့် တရား ဥပဒေ စိုးမိုးရေးတို့ဆိုတာတွေ၊ အကြမ်းဖက်တယ်ဆိုတာ တွေ တစ်ဖက်စွန်းရောက်တာတွေ ဒါတွေ အားလုံးက စီးပွားရေးနဲ့ သက်ဆိုင်တယ်လို့ သင်ခန်းစာတွေက ညွှန်ပြတယ်။ ဒီဘဝ အခြေအနေလေးတွေကို အမြင့်ကြီးမဖြစ်သွားရင်တောင် ပုံမှန်ရပ်တည်နိုင်သွားဖို့အတွက် အခြေအနေကောင်း တွေကို အစိုးရဆိုတဲ့ ပုဂ္ဂိုလ်တွေက ဖန်တီးပေးဖို့လိုတယ်။ နောက်တစ်ခုက သူတို့ဖန်တီးပေးတာမဟုတ်ပဲနဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းက လုပ်ကိုင်ဆောင်ရွက်တာတွေလည်း ဥပဒေဘောင်ထဲက ဖြစ်မယ်ဆိုရင် တိတိကျကျ အကာအကွယ်ပေးဖို့လိုတယ်။ ဦးသိန်းစိန်လက်ထက် လို့ပဲပြောပြော ပထမအကြိမ်ဖြစ်လာတဲ့ ရွေးကောက်ပွဲကနေတက်လာတဲ့ အစိုးရလို့ပဲဆိုဆို အဲ့ဒီမှာတော့ စီးပွားရေးလွတ်လပ်ခွင့်ဆိုတာက ပုဂ္ဂိုလ်ရေးနဲ့ဆိုင်တယ်။ ပုဂ္ဂိုလ်ရေးရင်းနှီးမှု ရှိရင်ရှိသလို၊ ပုဂ္ဂိုလ်ရေးရင်းနှီးမှု မရှိလျှင်မရှိသလို အားလုံးလုပ်လို့ရတယ်။ ပုဂ္ဂိုလ်ရေးရင်းနှီးမှုမှရှိရင် မှန်တာလုပ်ရင်လဲ ကျီးလန့်စာစားဖြစ်နေရတယ်။ ပြီးခဲ့တဲ့ NLD အစိုးရလက်ထပ်မှာတော့ ကိုယ့်ရဲ့စီးပွားရေးကို မျက်လုံးဒေါက်ထောက်ကြည့်နေတဲ့ ပုဂ္ဂိုလ်တွေမရှိတော့ပဲ အေးချမ်းသာစွာ ဥပဒေဘောင်ထဲကပဲ ဖြစ်မယ်ဆိုရင် အေးအေးချမ်းချမ်းနဲ့ လုပ်နိုင်တဲ့အခြေနေကို ရောက်နေတယ်လို့ သုံးသပ်ရမှာပေါ့။ သို့သော်လည်း ဒီနေရာမှာ (၂၀၀၈)ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကြီးက ရှိနေတယ်။ အဲ့ဒါက သူကဘာကို မီးမောင်းထိုးပြနေလဲဆိုတော့ ဘာတွေသူတို့ကူညီရမလဲ သူတို့တာဝန်ကဘာလဲ ဒါတွေကို သူတို့သေသေချာချာသိမယ်ဆိုလို့ရှိရင် သေချာတယ် ခုလာမယ့်အစိုးရက နောင်ကိုမဲဆွယ်စရာမလိုတဲ့ အစိုးရဖြစ်လာနိုင်တယ်လို့ ကျွန်တော် ယုံကြည်တယ်။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်ဆိုပြီး ကျွန်တော်တို့ ရွေးချယ်လိုက်တာတွေ ရှိပါတယ်။ အဲ့ဒီကိုယ်စားလှယ်တွေ ကနေပြီးတော့ (၅)နှစ်သက်တမ်းလေးမှာ ကျွန်တော်တို့ကိုပေးနိုင်တဲ့ အရိပ်က အနံမတန်မှ သေးပါတယ်။ ဒီအရိပ်သေးသေးလေးနဲ့ သူတို့ရဲ့အသိနည်းတဲ့အောက်မှာ ကျွန်တော်တို့က အေးမြတဲ့အရိပ်ကို မရသေးပါဘူး။ သူတို့ကိုယ်တိုင်က သင်ယူလေ့ကျင့်နေတုန်းပဲ ဖြစ်တယ်။ လေ့ကျင့်တာနဲ့ပဲ (၅)နှစ်ကတော့ ကုန်သွားပြီးပေါ့။ ခုလာမယ့်(၅)ထနှစ်မှာလဲ ရွေးချယ်တင်မြှောက်တာကို ကြည့်လိုက်တဲ့အခါမှာ ရာထားတဲ့ပုဂ္ဂိုလ်တွေက ဒီလူကနေဒီလူပဲပေါ့ ဒါကြောင့် အတွေ့ကြုံလေးတွေရင့်လာမလား လုပ်သက်အရ သူတို့လုပ်ရမယ့်တာဝန်လေး တွေကို ပိုပြီးကျွမ်းကျင်လာမလား၊ အသက်ရွယ်လေး ရလာတာနဲ့အမျှ အသိတရားတွေရှိလာမလား ဒီလိုတော့ကျွန်တော်တို့ မျှော်လင့်ကြတာပေါ့။ အဓိကက သူတို့ပေါ်မှာ မူတည်ပါတယ်။

သထုံမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

စောကျော်မိုး (Second Cafe Garden)

(၂၀၁၅) မှာတုန်းကလဲ မဲရှုံသွားပြီးမဲပေးခဲ့တယ် အဲ့တုန်းကလဲ ကျွန်တော်တို့ကိုယ်စားပြုမယ့် သူတွေအပေါ်မှာလဲမျှော်လင့်ချက်ထားခဲ့တယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဘာစနစ်သွားလဲပေါ့ ဒီ(၃)ခုလုံးကိုစုံ အောင် အရင်ရှင်းဖို့လိုမယ်လို့ထင်တယ်။ ခုကျွန်တော်တို့ သွားနေတဲ့စနစ်က ဒီမိုကရေစီဖြစ်တယ်။ ဒီမိုကရေစီ တောင်မှ ကျွန်တော်တို့က တိုက်ရိုက်ဒီမိုကရေစီ သုံးလို့မရတဲ့ အတွက် ကိုယ်စားပြုဒီမိုကရေစီသုံးတယ်။ ကိုယ်စားပြု ဒီမိုကရေစီသုံးတဲ့အတွက် ကိုယ်စားလှယ်ဆိုတာ ပေါ်လာတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မှာ အုပ်ချုပ်ရေးအပိုင်းကိုကြည့်မယ်ဆိုရင် အုပ်ချုပ်ရေးကို Parliamentary စနစ်နဲ့သွားတယ်။ ဒါက Presidential မဟုတ်ဘူး။ သမ္မတကိုလူထုက တိုက်ရိုက် ရွေးကောက် တင်မြှောက်တဲ့စနစ် မဟုတ်ဘူး။ ဒါကြောင့်ကျွန်တော်က Parliamentary လို့ပြောချင်တယ်။ နောက်ပြည်သူတွေ ရွေးကောက်တင်မြှောက်မှုကြောင့် ဥပဒေပြု လွှတ်တော်ထဲကို ရောက်သွားကြတဲ့ ကိုယ်စားလှယ်တွေ သိရမယ့်အချက်က သူတို့က လူထုအသံကို မျက်ခြေ မပျက်တမ်း သိရှိပြီးတော့ အကောင်အထည်ဖော်ဆောင် ရွက်ပေးရမယ်ဆိုတာပေါ့။ ဒီမိုကရေစီစနစ်ဆိုတာ ကိုယ်စားပြု ဒီမိုကရေစီကပေးထားတဲ့ မူလတာဝန်ရှိတယ်။ ကိုယ်စားလှယ်တစ်ယောက်ကို ရွေးချယ်လိုက်ပြီး ဆိုရင် မျှော်လင့်ချက်နံပါတ် (၁)က ကျွန်တော်တို့အသံကို နားထောင်ပြီးတော့ နံပါတ်(၂)က အကောင်အထည် ဖော်ဆောင်ရွက်မယ်ပေါ့။ နံပါတ်(၃)ကတော့ သူဆောင် ရွက်ထားသမျှကို ကျွန်တော်တို့က မှန်မှန်ကန်ကန် ချပြမယ်။ ဒီလိုမှန်မှန်ကန်ကန် ချပြထားတာကိုလည်း ကျွန်တော်တို့ကိုယ်စားပြုတဲ့သူက ပွင့်လင့်မြင်သာစွာ မှန်မှန်ကန်ကန် ဆောင်ရွက်ရမယ်။ ဒါကကျွန်တော်တို့ ဘုံကိုယ်စားလှယ်တစ်ယောက်ပေါ်မှာထားတာ ဘယ်သူ ဘယ်ဝါရယ်တော့ မဟုတ်ဘူး။ အစိုးရပိုင်းပေါ် ဘယ်လို မျှော်လင့်သလဲဆိုတာက အစိုးရဆိုတဲ့အပိုင်းမှာ အစိုးရဆိုတာဘာလဲလို့ သိဖို့တော့လိုတယ်။ အစိုးရပုဂ္ဂိုလ်များ ကိုယ်တိုင်ကလဲ သိဖို့လိုတယ်။ Parliamentary စနစ်အရဆို အစိုးရကိုနိုင်ငံရေးသိပ္ပံအရ ဘယ်လိုပြောလဲ ဆိုတော့ တိုင်းပြည်ရဲ့ မည်သည့်နယ်မြေ ဒေသတွင်မဆို အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ပြီး ထိုအုပ်ချုပ် ရေးအာဏာများ သက်ဝင်အားကောင်းလာဖို့ အတွက် ဥပဒေပြုနိုင်တဲ့ အဖွဲ့စည်း (သို့မဟုတ်) လူပုဂ္ဂိုလ်ကို ဆိုလိုတယ်။ ကျွန်တော်တို့အစိုးရက မွန်ပြည်နယ်ဆိုရင် အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေး နှစ်ခုပေါင်းရင် အစိုးရဖြစ်တယ်။ ကျွန်တော်တို့ လိုချင်တာက ပြည်သူလူထုရဲ့အခန်းကဏ္ဍက ဒီနေရာမှာ ထင်ပေါ်ဖို့လိုတယ်။ ပြည်သူရဲ့ဆန္ဒကိုပဲ အကောင်အထည်ဖော် ဆောင်ရွက်ဖို့လိုတယ်။ အဲ့လိုကိုယ်စားလှယ်မျိုး အဲ့လိုအစိုးရမျိုးကို ကျွန်တော်တို့လိုချင်တယ်။

ဦးမင်းဟန်ထွန်း (မွေးမြူရေးလုပ်ငန်း)

ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေး ဝန်ကြီး လက်အောက်မှာ မွေးမြူရေး အဖွဲ့ချုပ် ဆိုတာလဲ ရှိတယ်။ ဖွံ့ဖြိုးတိုးတတ်မှုအနေနဲ့ကတော့ အရှိန်ဟုန်ပြင်းပြင်းနဲ့ ဖွံ့ဖြိုးလာတာတော့ ခုချိန်ထိ မမြင်ရသေးပါဘူး။ ဒါပေမဲ့ ပုဂ္ဂလိကလုပ်ငန်းတွေ ရှင်သန်နေတာတော့ တွေ့ရတယ်။ နည်းပညာ ပံ့ပိုးကူညီမှု တွေ အားနည်းနေသေးတာလဲ တွေ့ရတယ်။ စိုက်ပျိုးရေးလုပ်ငန်းပဲဖြစ်ဖြစ် မွေးမြူရေးလုပ်ငန်းစုပဲဖြစ်ဖြစ် ဖြည်းဖြည်းချင်း အကောင်ထည်ဖော်နေတဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို အားပေးဖို့တော့လိုလာတယ်။ အားပေးတဲ့နေရာမှာ သူတို့ရဲ့ ဖြည်းဖြည်းချင်းတတ်နေမယ့် အရှိန်ဟုန်မြှင့်တင်နေတဲ့ဟာမျိုး အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆောင်ရွက်ပေးချက်တွေနဲ့ ပိုပြီးအရှိန်ဟုန်ပြင်းပြင်းနဲ့ တိုးတတ်ဖွံ့ဖြိုးလာမယ်လို့တော့ ယုံကြည်တယ်။ အစိုးရရဲ့ပံ့ပိုးကူညီမှု ထောက်ပံ့မှုတွေနဲ့ လုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်တွေကို သူတို့ရဲ့ ပြောဆိုညွှန်ကြားချက် တွေနဲ့ အများကြီးပဲ လက်တွေ့အကောင်အထည်ဖော်လာပေးမယ်ဆိုရင် စိုက်ပျိုးရေးရော မွေးမြူရေးရော တိုးတက်မယ်လို့ ယုံကြည်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက အပေါ်ကချပေးလိုက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို မိမိကိုယ်တိုင် လေ့လာသုံးသပ်ပြီး ဖွံ့ဖြိုးတိုးတတ်အောင် ဆောင်ရွက်ပေးနိုင်စွမ်းရှိရမယ်။ ဥပမာပြောရရင် ဗီယက်နမ်နိုင်ငံမှာဆို (၃)လဆို(၃)လ သူကြီးခန့်လိုက်တယ် နောက်(၃)လဆို နောက်တစ်ယောက်ပေါ့ တစ်နှစ်မှာ (၂)ကြိမ်ဆိုလဲ (၂)ကြိမ်ပေါ့ အပြောင်းလဲလုပ်လိုက်တယ်။ ဒေသရဲ့ သားငါး ကဏ္ဍ ပိုလျှံရင် ရောင်းချတယ်။ လာမယ့်နှစ်မှာ ဘယ်ပစ္စည်းက ဈေးကွက်ရှိတယ်ဆိုတာ အားလုံးရဲ့ ဆန္ဒနဲ့ သူကြီးက အကောင်ထည်ဖော်ပေးတယ်၊ ဒီပစ္စည်းကို ဝိုင်းဝန်းထုတ်လုပ်တယ်။ ကိုယ်ဒေသမှာ ကြက်ဥလိုတယ်ဆို မွေးမြူရေးလုပ်ငန်းကို လုပ်လိုက်တယ်။ ဟင်းသီးဟင်းရွက်က လာမယ့်နှစ်မှာ ဈေးကွက်ရှိတယ်ဆို ကြိုတင် ပြင်ဆင်ကြတယ် ပြီးရင်ဈေးကွက်ရောက်အောင် ပို့ပေးနိုင်ကြတယ်။ ဖူလုံမှုရှိအောင် အရင်လုပ်တယ် ပြီးရင် ဈေးကွက်ရရှိအောင် ပြင်ပကိုထုတ်ရောင်းပေးနိုင်တယ်။ အဲ့တော့ ဒေသထွက် ဝင်ငွေအားကောင်းတယ်။ ဒီရရှိတဲ့ဟာကလဲ ဝိုင်းလုပ်တဲ့လူအတွက် အကျိုးမယုတ်သွားဘူး။ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတတ်ဖို့ဆိုတာ ဒီလို Project တွေ Plan တွေက သူတို့ဒေသမှာ ဒီလိုဆွဲပြီးတော့ ဝိုင်းဝန်းလုပ်ကိုင် ဆောင်ရွက်ကြတာမျိုးရှိခဲ့တယ်။ ကျွန်တော်တို့လဲ ဒီလိုပဲ ပင်လယ်ဒေသမှာရှိတဲ့ ကျေးလက် တစ်ခုကို ဘယ်လိုပဲဖြစ်ဖြစ် ငါးဖမ်းစက်လှေတွေ ဝိုင်းဝန်းဆောင်ရွက်မယ် ဒေသထွက်တွေကို အအေးခန်း စက်ရုံတွေ တည်ပေးနိုင်မယ်ဆိုရင်

ဒါမီးရရှိဖို့လဲလိုတယ်။ အဲ့လိုလုပ်ပေးခြင်းအားဖြင့် သူတို့ဒေသက ဘယ်လိုမှ မတိုးတတ်စရာမရှိဘူး၊ ဈေးကွက်တွေလဲ ရှိလာမယ်။ တစ်ဖက်နိုင်ငံဖြစ်ဖြစ် ကိုယ်ရဲမြို့ပြ ဈေးကွက်ပဲဖြစ်ဖြစ် ပို့ကုန်၊ ထုတ်ကုန် စနစ်အနေနဲ့ လုပ်ပေးနိုင်မယ်ဆိုင်ရင်တော့ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးလာနိုင်တယ်။ ပင်လယ်ဒေသပဲဖြစ်ဖြစ် တောင်ပေါ်ဒေသပဲဖြစ်ဖြစ် သူလိုအပ်ချက်ကို လွှတ်တော်ကိုယ်စားလှယ်တွေက ဖြည့်ဆည်းဆောင်ရွက်ပေးဖို့၊ သူတို့ဒေသကို ဘယ်လို ဆောင်ရွက်ပေးမယ်ဆိုတဲ့ အကြံကောင်းတွေ ပေးနိုင်ဖို့လဲ မျှော်လင့်တယ်။

ခွန်သက်မောင်မောင်
(ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့)

လွှတ်တော်ကိုယ်စားလှယ်ဘက်ကနေ ပြောရမယ်ဆိုရင်တော့ ကိုယ်စားလှယ်တွေကို ဥပဒေပိုင်းကို ပိုပြီးတော့မှ သွားစေချင်တယ်။ ဘာလို့လဲဆိုတော့ (၂၀၁၅)နဲ့(၂၀၂၀) ကြားမှာ တွေ့ရတာတော့ လွှတ်တော် ကိုယ်စားလှယ်တွေ တော်တော်များများက ပရဟိတလုပ်ဆောင်နေတာတွေက သိပ်များလွန်းတယ်။ လွှတ်တော်အတွင်းမှာ ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းမှု၊ တင်သွင်းမှုတွေက နည်းနေတယ်လို့ ကျွန်တော့်အနေနဲ့ ခံစားမိတယ်။ ဒါကြောင့်မို့ ပြည်သူတွေအတွက် အကာအကွယ်ဖြစ်စေမယ့် ပြည်သူတွေကို လုံခြုံစိတ်ချ မှုပေးနိုင်တဲ့ မျှတတဲ့ဥပဒေတွေကို လွှတ်တော်ကိုယ်စားလှယ်တွေကို လွှတ်တော်ထဲမှာ အဆိုပြုပြဋ္ဌာန်း စေလို ပါတယ်။ (၂၀၂၀)အလွန်မှာတတ်လာမယ့် အစိုးရအနေနဲ့ကလဲ စီမံကိန်းတွေ ဆောင်ရွက်ရာ သော်လည်း ကောင်း၊ ဖွံ့ဖြိုးရေးတွေ လုပ်ဆောင်ရာမှာသော်လည်းကောင်း လုပ်ဆောင်ရာမှာ တိုင်းရင်းသားဒေသတွေမှာ လုပ်ဆောင်ခဲ့မယ်ဆိုလို့ရှိရင် တိုင်းရင်းသား အမျိုးသားဝိသေသလက္ခဏာတွေကို ဦးစားပေးပြီးမှ လုပ်ဆောင်စေ လိုပါတယ်။ ဒါတွေကိုလည်း မထိခိုက်စေချင်ဘူး ဘာကြောင့်လဲဆိုတော့ သထုံဘက်မှာဆို မင်းလဲတောင်ရှိ တယ်။ ဒါကိုဖြိုပြီး ဘီးလက်မြေစက်ရုံတွေတည်မယ် ဒါမျိုးတွေကျွန်တော်တို့ ကြားနေရတယ်။ မင်းလဲတောင် ဆိုတာက ကရင်တိုင်းရင်းသားတွေ အခြားသောတိုင်းရင်းသားတွေက ဒီတောင်ကိုအခြေပြုပြီးမှ သူတို့ရဲ့ ကိုးကွယ်ရာ ယုံကြည်ရာအတိုင်း သူတို့ရဲ့ဘိုးဘွားအဆက်ဆက်က ပြုလုပ်ခဲ့ကြတဲ့ ဒါကိုနတ်တောင်လို့လဲ ခေါ်ကြတယ်။ ဒါကသူတို့ရဲ့ယုံကြည်ရာကတပိုင်း နောက်ဒီတောင်ကို အမှီပြုပြီး စီးပွားရှာနေတာတွေလဲ ရှိတယ်။

နောက်တစ်ခုက ဒီတောင်ကြီးကိုဖြိုလိုက်မယ်ဆိုရင် ဖြစ်လာမယ့် Impactက ဘာဖြစ်မလဲဆိုတော့ ဒီအနီးနားမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်ဆီးမှုတွေဖြစ်မယ်။ ဆိုလိုချင်တာကတော့ စီမံကိန်းတွေ အကောင်အထည် ဖော်ဆောင်ရွက်တဲ့ခါကျရင် တိုင်းရင်းသားဒေသမှာ တိုင်းရင်းသားတွေရဲ့ ဝိသေသလက္ခဏာ တွေကို မထိခိုက်စေပဲနဲ့ ဆောင်ရွက်စေချင်ပါတယ်။ နောက်တစ်ပိုင်းက ဖွံ့ဖြိုးရေးတွေလုပ်တယ် ဥပမာဆို လမ်းတွေ၊ တံတားတွေ၊ ရေကာတာ၊ ရေထိန်းတံခါးတွေ လုပ်တဲ့အခါကျရင်လဲ အစိုးရအနေနဲ့ တာဝန်ယူမှု တာဝန်ခံမှုအပြည့်နဲ့လုပ်စေချင်ပါတယ်။ ဒီစီမံကိန်းတွေ ဆောင်ရွက်ခဲ့ပေမယ့် အရည်အသွေး ပြည့်ဝမှုမရှိဘူး။ ဥပမာဆို လမ်းတွေဖောက်လိုက်တယ် လမ်းတွေခင်းလိုက်တယ် မိုးတွင်းပြီးတာနဲ့ လမ်းတွေကပျက်ဆီးသွားတယ်။ နောက်အလုပ်မှာဖြစ်သွားတဲ့ ဒီရေတံတားတဲ့ တံတားတွေဆိုလဲ နှစ်တိုင်းနှစ်တိုင်း တစ်နှစ်လုပ်တယ် တစ်နှစ်ပြိုတယ် ဘာကြောင့်လဲပေါ့။ ဒီရေကပဲ အရမ်းပြင်းလို့လား ဒါမှမဟုတ် စီမံကိန်းမှာလုပ်ထားတာကပဲ အရည်သွေးပြည့်ဝမှုမရှိလို့လား။ ဒါတွေက ကျွန်တော်တို့စဉ်းစားစရာဖြစ်တာပေါ့။ ဆိုလိုချင်တာက စီမံကိန်းတွေလုပ်တဲ့အခါမှာလဲ အရည်အသွေးပြည့်ဝတဲ့ စီမံကိန်းတွေဖြစ်စေချင်တယ်။ တင်ဒါချပေးတဲ့ခါမှာလဲ တင်ဒါချပေးတဲ့ ကုမ္ပဏီတွေကို သေချာကြပ်မတ်ပေးဖို့လည်း လိုပါတယ်၊ ပွင့်လင်းမြင်သာမှုရှိဖို့လဲ လိုပါတယ်လို့ ပြောချင်ပါတယ်။

ဦးခိုင်ဦး (ဆန်စက်လုပ်ငန်း)

ကျွန်တော်တို့မွန်ပြည်နယ်မှာ အဓိကလုပ်ငန်းကတော့ ရာဘာလုပ်ငန်းဖြစ်ပါတယ်။ ရာဘာလုပ်ငန်းက အဓိကဖြစ်တဲ့အတွက် ရာဘာနဲ့ဆိုင်တဲ့ ထွက်ကုန်တွေကို တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ပြီးတော့မှ ဈေးကွက်ရရှိအောင် အစိုးရအနေနဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။ နောက်တစ်ခုက မွန်ပြည်နယ်ရဲ့ ဆန်စပါးကဏ္ဍမှာဆိုရင် ဆန်စပါးထုတ်လုပ်မှု တိုးတတ်ဖို့အတွက် မွန်ပြည်နယ်မှာဆိုရင် မျိုးပိုင်းဆိုင်ရာ လိုအပ်ချက်ရှိပါတယ်။ ဒါကြောင့် မျိုးကောင်းမျိုးသန့်တွေ ထုတ်လုပ်ပြီး ပြန့်ပွားပြီးတော့မှ ဆောင်ရွက်နိုင်ဖို့၊ နောက်မျိုးသန့်မျိုးကောင်းစပါးတွေ ရရှိလာရင်လဲ ခေတ်မီအဆင့်မြင့်စက်တွေလဲ တည်ဆောက်ပြီးတော့မှ လည်ပတ်ထုတ်လုပ်ပြီး ရရှိတဲ့ထုတ်ကုန်တွေကိုလည်း လက်ရှိပင်လယ်ရေကြောင်းတိုင်း ရန်ကုန်၊ ကုန်ကြောင်းလမ်းတိုင်း မူဆယ်ပို့ရာကနေ မွန်ပြည်နယ်ထွက် ဆန်စပါးတွေကို တိုက်ရိုက်ပြင်ပထိ တင်ပို့နိုင်တဲ့ဒေသဖြစ်အောင် ဆောင်ရွက်နိုင်ရင်တော့ ကျွန်တော်တို့ ပိုပြီးတော့ အဆင်ပြေပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အသေးစား၊ အလတ်စားဖြစ်တဲ့ MSMEsလုပ်ငန်းတွေကို

မွန်ပြည်နယ်အတွင်းမှာ ပမာဏအနေနဲ့ တခြားတိုင်းနဲ့ ပြည်နယ်ထက်စာရင် နည်းပါးနေသေးတယ်။ ဒါကြောင့် MSMEsလုပ်ငန်းတွေကို ပြည်နယ်၊ ပြည်မ မခွဲခြားပဲ ကျွန်တော်တို့ပြည်နယ်တွေမှာလဲ လိုအပ်တဲ့နည်းပညာ၊ ငွေကြေး၊ အရင်းအမြစ်တွေ ဆောင်ရွက်နိုင်အောင် အစိုးရဘက်ကနေ ပံ့ပိုးကူညီဆောင်ရွက်ပေးရင် SMEsလုပ်ငန်းတွေ ပိုမိုတိုးတတ်လာတဲ့ခါ ကျွန်တော်တို့ရဲ့ လုပ်သားတွေလည်း နိုင်ငံခြားသွားပြီး အလုပ်လုပ်စရာမလိုဘူး။ MSMEsလုပ်ငန်းထဲမှာပဲ လုပ်ကြမယ်။ စိုက်ပျိုးမွေးမြူ ထုတ်လုပ်ကြပြီးတော့မှ Exportဆီသွားတယ်ဆိုရင် နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ့်အစား မွန်ပြည်နယ်အတွင်းမှာလည်း ဒီလိုလေးတွေ လုပ်လို့ရပါတယ်။ ရာဘာကိုလည်း တကယ်နိုင်ငံခြားသွားတဲ့အဆင့်ထိ လုပ်နိုင်မယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေလဲ များလာမယ်၊ ပြည်နယ်ရဲ့ဝင်ငွေလဲ တိုးတတ်လာမယ်။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဒါတွေလဲ ဖွံ့ဖြိုးတိုးတတ်မှာဖြစ်တဲ့အတွက် လက်ရှိဆောင်ရွက်နိုင်ရင်တော့ ကျွန်တော်တို့လုပ်ငန်းရှင်တွေအတွက် ပိုပြီးတော့မှ သဘောတူပါတယ်။ ဥပမာပြောရရင် ချေးငွေကိစ္စပေါ့ စီးပွားရေးလုပ်ငန်းမှာ ငွေကြေးအရင်းအနှီး လိုပါတယ်။ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေရှိတယ်။ ဒီလုပ်ထုံးလုပ်နည်းတွေကို လုပ်ငန်းရှင်တွေအနေနဲ့ လုပ်နိုင်ကိုင်နိုင်အောင် လွယ်ကူနိုင်တဲ့ ဥပဒေမျိုးတွေ ပြဋ္ဌာန်းစေလိုတယ်။ ကျွန်တော်တို့ အလုပ်လုပ်တဲ့အခါမှ အာမခံချက်ရှိဖို့ ဥပဒေတွေ Lawတွေနဲ့ ထိန်းသိမ်းစေချင်တယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းတစ်ခုလုပ်တဲ့အခါမှာ ရောင်းဝယ်ရေးပဲဖြစ်ဖြစ် ကျွန်တော်တို့ဆန်စပါးမှာဆို နောက်ပိုင်းအကျိုးတူ ကန်ထရိုက်စနစ်တွေလာမယ်။ အဲ့ဒီခါတွေမှာ အလုပ်ရှင်အလုပ်သမားပြီးရင် ကျွန်တော်တို့ ကုန်သည်အချင်း အချင်း စက်ရုံဆိုလဲ စက်ရုံလုပ်ငန်းနဲ့ ပတ်သက်ပြီးတဲ့ Lawတွေ ဥပဒေတွေ ခိုင်ခိုင်မာမာထုတ်စေချင်တယ်။ ဥပဒေခိုင်ခိုင်မာမာထွက်မှလည်း စီးပွားရေးလုပ်ငန်းအနေအထားအရ အလုပ်ရှင်တွေဘက်ကလည်း ယုံကြည်မှုရှိရှိနဲ့လုပ်လို့ရမယ် အလုပ်သမားဘက်ကလဲ မနစ်နာဘူး။ Win-Winအနေနဲ့ နှစ်ဦးနှစ်ဖက်နိုင်မယ့် Lawတွေရှိတယ် ဒါတွေလိုနေသေးတယ်။ ဒါတွေကို လွှတ်တော်ကိုယ်စားလှယ်တွေကို ပြဋ္ဌာန်းပေးစေချင် တယ်။ ကျွန်တော်တို့လုပ်ငန်းရှင်တွေ လိုအပ်နေတာကိုလည်း အသင်းအဖွဲ့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးတိုင်ပြီးတော့မှ တင်ပြမယ်။ ဖြစ်နိုင်တဲ့ဥပဒေတွေဆိုရင်တော့ ဆောင်ရွက်ပေးဖို့ ဖြစ်နိုင်တဲ့အချိန်မှာလဲ လုပ်ငန်းရှင်ဘက်ကပဲမဟုတ်ပဲ အလုပ်သမားဘက်ကလဲ သူတို့ရဲ့ခံစားခွင့်ရှိတဲ့ ဥပဒေတွေကို အလုပ်ရှင်ဘက်ကလဲ ထိခိုက်နစ်နာမှုမရှိတဲ့ ဥပဒေမျိုး လွှတ်တော်ကိုယ်စားလှယ်တွေက ပြဋ္ဌာန်းပေးဖို့ မျှော်လင့်ပါတယ်။

ဦးအောင်ကျော်သူ (ဒေသခံ)

ကိုယ့်ရဲ့ကိုယ်စားပြုမှု ကိုယ့်ကိုယ်ကို ကိုယ်စားပြုမှုအတွက် အဟောင်းတွေပဲပြောတာ အသစ်ကတော့ ကျွန်တော် မသိသေးဘူး။ အဟောင်းအနေနဲ့ ကိုယ့်ကိုယ်ကို ဘယ်လောက်ကိုယ်စားပြုအောင် ဘယ်လောက် လုပ်ခဲ့လဲဆိုတာကို နံပါတ်(၁)ကြည့်တယ်။ နောက်အရမ်း အရေးကြီးတဲ့ ကိစ္စရပ် တစ်ခုရှိတယ် ကျွန်တော်တို့ ပြည်နယ်မှာလဲ ကြုံရတာပေါ့နော် ကိုယ့်ရဲ့နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တယ်။ ဒါပေမဲ့သူရဲ့နယ်မြေမှာ အခြေချ နေထိုင်ခြင်းမရှိဘူး။ ဥပမာ - ကိုယ့်မဲဆန္ဒနယ်မြေ ကို (၂)လနေလို့ တစ်ခါပြန်လာတာမျိုး (၃)လနေလို့ တစ်ခါပြန်လာတာမျိုး တခါတလေ ကျွန်တော် တို့မှာ လွှတ်တော်ကိုယ်စားလှယ်နဲ့ ခုချက်ချင်းတွေ့ပြီး တိုင်ပင်ရမယ့် ကိစ္စရပ်ရှိတယ် အဲ့လိုခါမျိုးမှာဆို ကိုယ်ဒေသမှာအခြေချနေထိုင်တဲ့ ကိုယ်စားလှယ်မဟုတ်ရင် မဲဆန္ဒရှင်ပြည်သူတွေအတွက် တော်တော် အခက်အခဲဖြစ်နိုင်တယ်။ နောက်တစ်ခုက လူချင်းတွေ့မှဖြေရှင်းလို့ရတာမဟုတ်ဘူး။ ဥပမာ - သူ့ရဲ့Social Media မှာ သူ့ကိုဆက်သွယ်ပြီး မေးမြန်းလို့ရမလား သူကိုင်တဲ့ဖုန်းနံပါတ်ကို Publicကိုအမြဲ Announce လုပ်ထားမလား တစ်နည်းနည်းနဲ့ သူ့ကိုဆက်သွယ်လို့ရအောင် လုပ်ထားမလားပေါ့ ဒါကနံပါတ်(၁)အချက်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ နေ့တဓူပြည်သူတွေမှာ အခက်ခဲပေါင်း များစွာကြုံတယ်။ ဥပမာ - မှတ်ပုံတင်ကိစ္စလိုမျိုးပဲဖြစ်ဖြစ် လယ်ယာမြေ ကိစ္စလိုမျိုးပဲဖြစ်ဖြစ် အခြားနည်းဥပဒေဟာမျိုးတွေ ပုံစံခွန်ထုတ်တာမျိုးတွေဖြစ်ဖြစ် ဒီလို ကိစ္စတွေက နေ့တိုင်းရှိတယ်။ အဲ့လိုရှိတဲ့ခါမျိုးမှာ လွှတ်တော်ကိုယ်စားလှယ်ကိုလှမ်းအကူအညီတောင်းတဲ့ခါ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ သက်ဆိုင်ရာ မြို့နယ်မှာရှိတဲ့ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေကို လှမ်းပြီးတော့ အမှန်တရားဖြစ်ဖို့ ပြောလိုက်ရင် လွယ်ကူပေမဲ့ အခြေခံ လူတန်းစားတွေအတွက်ကတော့ ရုံးတွေသွားဖို့ ဌာနဆိုင်ရာနဲ့ ပတ်သက်ဖို့အရမ်းကိုခက်ခဲတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်နဲ့ အချိန်မရွေး ဆက်သွယ်ဆောင်ရွက်နိုင်လာဆိုတဲ့ပေါ်မူတည်တယ်။ နောက်တစ်ခုက မွန်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးအားလုံးဟာ ကပ်ဘေးတွေနဲ့ ခဏခဏကြုံရတယ် ကိုဗစ်ကခုနောက်ဆုံးကပ်ဘေးပေါ့ အဲ့ဒီမတိုင်ခင်မှာ ကျွန်တော်တို့ မီးဘေးတွေ၊ ရေဘေးတွေ၊ လေဘေးတွေကြုံရတယ်။ အဲ့လိုကြုံရတဲ့အခါမှာ မဲဆန္ဒရှင်ပြည်သူတွေကို လွှတ်တော် ကိုယ်စားလှယ်တွေက ဘယ်လောက်ကိုယ်စားပြုလဲ ဘယ်လောက်ထောက်ပံ့ပေးခဲ့လဲ။ အခုနောက်ဆုံး ကိုဗစ်မှာဆို ပရဟိတအသင်းတွေရှိတယ် သူတို့ဆိုတကယ့်တိုက်စစ်မှူးတွေ၊ ကျန်းမာရေး ဝန်ထမ်းတွေရှိတယ်၊ နောက်လူနာတွေရှိတယ်။ အဲ့ဒီသူတွေအပေါ်မှာရော လက်ရှိတာဝန်ယူထားတဲ့ ကိုယ်စားလှယ်တွေ တာဝန်ယူမှုဘယ်လောက်ရှိသလဲပေါ် မူတည်ပြီး ရွေးချယ်စေချင်တယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဟာလဲ

ကိုယ်စားလှယ်တွေရဲ့ အဓိကအလုပ်တစ်ခု ဖြစ်တယ်။ ဥပမာဆို ကျွန်တော်တို့ ကိုယ့်ပြည်နယ်မှာ ဘတ်ဂျက်ကို ဒီနှစ်ဆို (၂၀၁၉၊၂၀၂၀) ဘတ်ဂျက်က မွန်ပြည်နယ်မှာဆို ပြည်ထောင်စုအစိုးရရန်ပုံငွေနဲ့ ပြည်နယ် အစိုးရရန်ပုံငွေ နှစ်ရပ်ပေါင်းရင် (၁၅၃)ဘီလီယံလောက် ထောက်ပံ့တယ်။ တခြားစရိတ်တွေဖယ်လိုက်ရင် ကျွန်တော်တို့က ဘီလီယံ(၁၀၀)ရတယ်။ ဘီလီယံ(၁၀၀)ရတဲ့ခါ မွန်ပြည်နယ်မှာ (၁၀)မြို့နယ် ရှိတဲ့အတွက် ခွဲရင်တစ်မြို့နယ်ကို (၁၀)ဘီလီယံနှုန်းရှိတယ် အဲ့လိုဘတ်ဂျက် ခွဲဝေရာမှာလည်း လွှတ်တော်ထဲမှာ သူ့မြို့နယ်၊ ကိုယ့်မြို့နယ် အငြင်းခုံလုပ်ရတာတွေရှိတယ်။ အဲ့ချိန်မှာလဲ ဘတ်ဂျက်ရဲ့ Circleကိုကြည့်လိုက်ရင် ကိုယ့်မြို့ကို ဘယ်လောက်စွမ်းဆောင်လဲဆိုတာ သိနိုင်တယ်။ အဲ့ဒီမှာ သူများမြို့နယ်က (၁၅)ဘီလီယံရတယ်၊ ကိုယ့်မြို့နယ်က (၇)ဘီယီယံပဲရခဲ့တယ်ဆို လွှတ်တော်ထဲမှာ ကိုယ်စားပြုတဲ့အမတ်က ကိုယ့်မြို့နယ် ဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်တောင်ခဲ့တာ နည်းခဲ့လို့၊ လွှတ်တော်ထဲမှာ ကတိကဝတ်ဝင်အောင် လုပ်ခဲ့တာတွေနည်းလို့ ဘတ်ဂျက်အရနည်းတာ။ ဒါကြောင့် ဒီဘတ်ဂျက် Baseကလဲအရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်က မဲဆွယ်တဲ့အချိန်မှာ ဒေသဖွံ့ဖြိုးတိုးတတ်အောင် ဘယ်လိုလုပ်ပေးမယ်၊ ဆောင်ရွက်ပေးမယ်ပေါ့ တကယ်တန်းသူ့အခွင့်ရေးရတဲ့အခါမှာ သူ့လုပ်ဆောင်ချက်ကို ပြန်တိုင်းတာဖို့ လိုပါတယ်။ ကိုယ်စားလှယ်လောင်း တစ်ယောက်ကို ကော်မရှင်က ရက်(၆၀)ပဲ စည်းရုံးခွင့်ပေးတယ်။ အကယ်၍ကိုယ်စားလှယ်ဟာ ပြီးခဲ့တဲ့(၅)နှစ်မှာ သူဘာတွေလုပ်ပေးခဲ့လဲ သူ့ပြည်သူနဲ့ ဘယ်လောက်ထိ တွေ့ခဲ့လဲ ဘယ်လောက်ထိ ဝန်ဆောင်မှုပေးခဲ့လဲဆိုတာ အရေးကြီးဆုံးအချက်ပဲ။ ဥပမာပြောရရင် မင်းတစ်ယောက်က ရွာတစ်ရွာကို မင်းရွေးပြီးတစ်ကြိမ် မင်းမရွေးခင်တစ်ကြိမ် ရောက်တယ် ဆိုတာမျိုးက သေချာတယ် မဖြစ်သင့်ဘူး။ ဒါကြောင့်ပြည်သူနဲ့ ဘယ်လောက်ထိ တွေ့နိုင်လဲ ဘယ်လောက်ထိ ဝန်ဆောင်မှုပေးနိုင်လဲဆိုတာ ကြည့်ပြီး ရွေးချယ်စေချင်ပါတယ်။

အခန်း (၁၀)

ပြည်သူလူထုများ၏ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအပေါ် မျှော်လင့်ချက်စကားသံများ (ကျပန်း)

	အချက်အလက်များ	စာမျက်နှာ
ကျိုက်မရောမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၆၂-၃၆၃
ချောင်းဆုံမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၆၄-၃၆၅
မုဒုံမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၆၆-၃၆၇
မော်လမြိုင်မြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၆၈-၃၇၀
သံဖြူဇရပ်မြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၇၁-၃၇၂
ရေးမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၇၃-၃၇၄
ကျိုက်ထိုမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၇၅-၃၇၆
ပေါင်မြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၇၇-၃၇၈
ဘီးလင်းမြို့နယ်	- ပြည်သူလူထု မျှော်လင့်ချက်စကားသံများ	၃၇၉-၃၈၀

ကျိုက်မရောမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

VoX PoP - Kyaikmaraw (Episode-1)

(၁) နောင်လာမယ့် ကိုယ်စားလှယ်တွေ ပြောထားတဲ့အတိုင်း တစ်ကယ်လုပ်ပေးပါလို့ပဲ ပြောချင်ပါ တယ်။

(၂) ရပ်ရွာအတွက်ကောင်းတဲ့အလုပ် လမ်းတို့ တံတားတို့ လိုအပ်တဲ့ နေရာတွေပဲ လုပ်စေချင်ပါတယ်။

(၃) ကျွန်မတို့ဒေသမှာက ရေရှားပါးတယ်၊ မိုးတွင်းဘက်ဆိုလည်း ရေကြီးတဲ့အတွက် ဒုက္ခရောက် ကြရတယ်။ ဒုက္ခဖြစ်တဲ့အခါ လူကြီးတွေက တစ်ယောက်မှ ရောက်မလာပေးဘူး။ ပရဟိတအဖွဲ့တွေ အလှူရှင်တွေကပဲ လာရောက်ထောက်ပံ့ ကြည့်ရှုပေးကြတယ်။ ဒါကြောင့် ကိုယ့်အဖေ အမေလိုမျိုး တစ်ကယ် အားကိုးရတဲ့ သူမျိုးပဲ လိုချင်တယ်။

(၄) လိုအပ်တာတော့ အများကြီးလိုအပ်တယ်။ ခုလက်ရှိက စားဝတ်နေရေး မလုံလောက်ဘူး။ အထောက်အပံ့တွေ အများကြီးလိုတယ်။

(၅) အလုပ်အကိုင်အခွင့်အလမ်းတွေ လိုချင်တယ်။ လူငယ်တွေကို အလုပ်ရနိုင်အောင်လုပ်ပေးစေချင်တယ်။ လူသွားလမ်းတွေဖောက်စေချင်တယ်။ လမ်းဖောက်ပြီး ရေဆင်းမြောင်းမရှိတော့ ရေတက်လာတဲ့အခါ ရေတွေပြန်ဆင်းစရာ လမ်းမရှိဘူး။ မသေချာဘူးဖြစ်နေတယ်။ လုပ်ရင်လည်း သေသေချာချာ လေးလုပ်စေချင်တယ်။ ရပ်ရွာတိုးတက်အောင် လုပ်စေချင်တယ်။

VoX PoP - Kyaikmaraw (Episode-2)

(၁) ကျွန်မတို့ပညာရေးမှာဆိုရင် ကျွန်မတို့ကမွန်တိုင်းရင်းသားဖြစ်တဲ့အတွက် မွန်စာ/မွန်ဘာသာကို ထည့်ပေးစေချင်တယ်။ (ကျွန်မတို့က ဗမာစကားသိပ်မပြောတတ်လို့ အခက်အခဲဖြစ်လို့)

(၂) ရွေးကောက်ပွဲမတိုင်ခင်တော့ လာစည်းရုံးထားကြတာပေါ့။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင် စတာတွေ လုပ်ပေးမယ်ဆိုပြီး တစ်ကယ် ရွေးကောက်ခံပြီးတော့လည်း ပြောထား သလို လုပ်ပေးဖို့ လိုတယ်။ အိမ်ခြေမဲ့တွေကိုလည်း စောင့်ရှောက်ပေးဖို့လိုတယ်။

(၃) ကျိုက်မရောမြို့နယ်အနေနဲ့ပြောရမယ်ဆိုရင် ကျိုက်မရောမြို့နယ်ကို တည်တည်ငြိမ်ငြိမ်ဖြစ်ဖို့၊ အလုပ်အကိုင်တွေရရှိဖို့၊ အုပ်ချုပ်ရေးဆိုင်ရာမျှမျှတတဖြစ်ဖို့ လိုတာပေါ့။

(၄) လူကြီးတွေအနေနဲ့က နိုင်ငံမှာလိုအပ်တဲ့အရေးကို လုပ်ပေါ့။

(၅) ရပ်ကွက်ကျေးရွာတွေကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ မွန်ပြည်နယ်မှာ မွန်စာ၊ မွန်ဘာသာ ၊ မွန်စကား တွင်ကျယ်လာစေချင်တယ်။

ချောင်းဆုံမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

VoX PoP - Chaungzone (Episode-1)

(၁)ချောင်းဆုံမြို့နယ်ပေါ်မှာဆိုရင် ကျန်းမာရေးဝန်ထမ်း တော်တော်အားနည်းတယ်။ အရေးကြောင်းကြီးငယ်ဆိုရင် ဆရာဝန်ဆိုတာ အစ်မတို့မှာမရှိသလောက်နည်းတယ်။ ကလေးအထူး ကုတွေလိုတယ်၊ဆေးရုံအဆောက်အဦးတွေ လိုတယ်။ ပညာရေးနဲ့ ပတ်သက်တဲ့ ကဏ္ဍတွေမှာလည်း အောက်ခြေအထိကို ကြည့်ပေး စေချင်တယ်။

(၂) နွေရာသီမှာ ရေရှားတဲ့အတွက်ကြောင့်မို့ ရေကိုလုံလုံလောက်လောက် ရစေချင်တယ်။

(၃) Tourism နဲ့ပတ်သက်ပြီးတော့မှ ပိုပြီးတော့ လုပ်စေချင်တယ်။ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး တိုးတက်အောင်လုပ်ပြီးတော့မှ Tourism Attraction ဖြစ်အောင် လုပ်စေချင်တယ်။

(၄) ကျွန်တော်တို့က တစ်နေ့လုပ်မှ တစ်နေ့စားဆိုတော့ လွယ်လွယ်ကူကူ ချောင်ချောင်လည်လည်နဲ့ လွတ်လွတ်လပ်လပ် လုပ်စားနိုင်ဖို့အတွက် ဖြစ်စေချင်တယ်။

(၅) စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေကို ကောင်းကောင်းမွန်မွန်စနစ်ကျကျနဲ့ လူထုအသံကို နားထောင်ပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် တကယ့်ဒီမိုကရေစီ နိုင်ငံရေးစနစ်တွေဆီမှာ ပြည်သူလူထုတွေရော အစိုးရရော ပျော်ပျော်ရွှင်ရွှင်နဲ့ တည်ဆောက်သွားနိုင်တဲ့ နိုင်ငံရေး တစ်ခုကို ကျွန်မကမျှော်လင့်ထားတယ်။

VoX PoP - Chaungzon (Episode-2)

(၁)ကျွန်တော်တို့နိုင်ငံမှာက အလုပ်လုပ်လို့ရှိရင် အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းမှု အားနည်းတယ်။ အဲ့ဒါကြောင့် ကမောက်ကမတွေ ဖြစ်တယ်။ ခုလမ်းဆိုလည်း တစ်နှစ်တစ်ခါက်လောက် ကော်နေရတယ်။ ညှိညှိနှိုင်းနှိုင်း လုပ်မယ်ဆိုရင် တစ်ခါထဲနဲ့ပြတ်တာပေါ့။ ခုက ခဏခဏ လုပ်နေရတယ်။ ကျွန်တော်တို့က ပါတီအစွဲမရှိဘူး။ ကောင်းကောင်းမွန်မွန်လုပ်နိုင်တဲ့ ဘယ်ပါတီကိုမဆို အားပေးတယ်။

(၂) ဒီကျွန်းပေါ်နဲ့ပတ်သက်ပြီးတော့ အကောင်းဆုံး ဖြစ်အောင်လုပ်ပေးဖို့ရယ်။ အားလုံးကိုမခွဲခြားပဲ တန်းတူညီတူကြည့်ရှုနိုင်ဖို့ရယ်။ လိုအပ်ချက် လေးတွေကိုလည်း အကောင်းဆုံးဖြစ်အောင် လုပ်ပေး နိုင်ဖို့ပေါ့။

(၃) အဓိကကတော့အလုပ်အကိုင်အဆင်မပြေဘူးပေါ့။ အရင်က ဆိုင်ကယ်သက်တမ်းတိုးတဲ့ အလုပ်လုပ်တယ်၊ ခုရုံးပိတ်ထားတော့ ကျွန်တော်အလုပ်ပြုတ်သွားတာပေါ့ Taxi မောင်းနေရတယ်။ အဲ့ဒါကြောင့် အလုပ်တစ်ခုလောက် လိုတာပေါ့။

(၄) တက်လာတဲ့အစိုးရအနေနဲ့တော့ ပြည်သူတွေကို အလုပ်အကိုင်အခွင့်အလမ်း အများကြီးပေးစေချင်တယ်။ နိုင်ငံခြားမှာ ခက်ခက်ခဲခဲနဲ့ မျက်နှာအငယ်ခံပြီး မလုပ်စေချင်ဘူး။ ကိုယ်နိုင်ငံမှာ အများကြီး မစုမိလည်း စားပြီးသောက်ပြီး မိသားစုနဲ့တူတူနေရမယ်ဆိုရင် ကောင်းတာပေါ့။ ရောဂါအချိန်မှာ ကျွန်တော့်မိသားစုနဲ့လည် မတွေ့ရဘူး၊ အားလုံးကို ကြည့်ပေးစေချင်တယ်ပေါ့နော်။

(၅) စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ အားလုံးကို တိုးတက်စေချင်တယ်။ နောက် ပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ပြီးတော့ တန်းတူညီတူ ရှိစေချင်တယ်။ ပြီးတဲ့ အခါမှာ တစ်နေရာနဲ့တစ်နေရာ ကုန်သွယ်တဲ့နေရာမှာလည်း တစ်ညီထဲ ဖြစ်စေချင်တယ်။ ပညာရေးနဲ့ပတ်သက်ရင်လည်း ရန်ကုန်ကိုသွားမှသာ အဆင်ပြေတယ်၊ အကယ်၍ မော်လမြိုင်မှာပဲ သင်နိုင်မယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေတာပေါ့။ ကျန်းမာရေးအရဆိုလည်း ရန်ကုန်မြို့ကြီးမှာ သွားရတာထက် ကိုယ်ဒေသမှာ စုံစုံလင်လင်ရမယ်ဆိုရင် ဒီမှာပဲ ကုကြမှာပေါ့။

မုဒုံမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ

VoX PoP - Mudon (Episode-1)

(၁) မုဒုံမြို့နယ်ရဲ့ ကိုယ်စားလှယ်က ပြည်သူလူထုရဲ့ကိုယ်စားလှယ်ပဲဖြစ်တယ်။ ပြည်သူ လူထုရဲ့ ကိုယ်စားလှယ်ကို အလေးနက် ထားပြီးတော့ ဘာလုပ်လုပ်သူတို့နဲ့ ညှိနှိုင်း တိုင်ပင်ပြီးတော့ လုပ်မယ် ဆိုရင် မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ပိုရောက်မယ်။ ခေတ်အဆက်ဆက် ဖြတ်သန်းလာတာ ဒီလိုပုံစံ မျိုးမဖြစ်ပဲနဲ့ ဗဟိုမှာပဲ လုပ်ပြီးတော့ ပြန်ပြန်ချပြတဲ့အခါမှာ မပြေလည်မှုတွေ ပဋိပက္ခတွေ ဖြစ်နေတာ ကိုတွေ့ရတယ်။ ဘာလုပ်ငန်းပဲလုပ်လုပ် ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ လုပ်မယ်ဆိုရင် ပိုကောင်းပါ တယ်။

(၂) အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်တွေကိုပြောချင်တာက အိမ်တွင်းအကြမ်းဖက်မှုတွေကို နည်းအောင် လုပ်စေချင်တယ်။ ရွာမှာဆိုရင် မူးယစ်ဆေးဝါးက အရမ်းကိုအဖြစ်များတယ်။အဲ့ဒါကြောင့် မူးယစ်ဆေးဝါးနဲ့ ပက်သက်ပြီး ထိမ်းချုပ်ကာကွယ်မှုတွေ လုပ်စေချင်တယ်။

(၃) လူငယ်တွေအဓိကရင်ဆိုင်နေရတဲ့ Challenge တွေထဲမှာဆိုရင် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးတဲ့ အတွက်ကြောင့် ဘွဲ့ရပေမယ့်လည်း အလုပ်မရှိတဲ့သူတွေများတယ်။ အဲ့ဒါကြောင့် လွှတ်တော်ထဲ ရောက်သွားမယ့်လူတွေ အစိုးရအဖွဲ့ထဲကို ရောက်သွားမယ့်သူတွေအနေနဲ့ လူငယ်တွေအတွက် ပိုပြီးတော့ လက်လှမ်းမှီတဲ့ အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်ပေးစေချင်တယ်။ မွန်ပြည်နယ်ရဲ့ အခြေနေအရ မိုးရာသီရောက်ပြီဆိုရင် ရေကြီးတာမျိုးတွေ ကြုံတွေ့ရတယ်။ ဒါကြောင့်မို့လို့ Master Plan မျိုးတွေ၊ Strategy တွေဆွဲပြီးတော့ အကောင်းဆုံး Resilient ရှိဖို့အတွက် ပြင်ဆင်တာမျိုးတွေ ကွင်းဆင်းပြီး ဒေသရဲ့အခြေအနေကိုကြည့်တာမျိုးတွေ ဖြစ်စေချင်ပါတယ်။

(၄) ဘယ်အစိုးရပဲတက်လာတက်လာ လမ်းတံတားနဲ့ အဆောက်အအုံတွေ လုပ်ပေးရမယ့်တာဝန် ဖြစ်တယ်။ အဓိက အပြောင်းအလဲတစ်ခုကို ပြည်သူလူထုက လိုချင်တာဖြစ်တယ်။ အပြောင်းလဲ တစ်ခုမှာ မူဝါဒပိုင်းဆိုင်ရာ ဖြစ်စေ၊ ဥပဒေပိုင်းဆိုင်ရာ ဖြစ်စေ၊ ကျွန်တော်တို့က တိုင်းရင်းသားနိုင်ငံ ဖြစ်တဲ့အတွက် ဖက်ဒရယ်ပြည်ထောင်စုကို လိုချင်တာဖြစ်တယ်။

(၅) မုဒုံမြို့နယ်မှာ အစိုးရကျောင်းဆိုရင် ပြည့်စုံတယ်။ ကျွန်မတို့ မွန်အမျိုးသားကျောင်းဆိုရင်တော့ မပြည့်စုံဘူး။တစ်ချို့ဆိုရင် စာသင်ကျောင်း မရှိဘူး၊ ဇရပ်မှာ သင်ရတယ်၊ တစ်ချို့ဆိုရင် ဆောက်နေတုန်းပဲ ဆိုတော့ ပိုက်ဆံအခက်အခဲဖြစ်တယ်။

(၆) ကျွန်တော်တို့ရွာမှာဆိုရင် လယ်သမားတွေများတယ်၊ ရာဘာစိုက်တယ်။ ဒီအပိုင်းကို တခြားနိုင်ငံနဲ့ ယှဉ်လိုက်မယ်ဆိုရင် ထွက်နှုန်းတွေကွာတယ်။ လယ်သမားတွေက ရောင်းချင်တဲ့ဈေးနဲ့ ရောင်းခွင့်မရှိဘူး။ ပွဲစားတွေဝယ်တဲ့ ဈေးနဲ့ပဲရောင်းရတယ်။ ရာဘာဆိုရင်လည်း ဒီတိုင်းပဲ သူတို့ပေး တဲ့ဈေးနဲ့ပဲရောင်းရတယ်။ ကျန်းမာရေးပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း လုပ်ဆောင်စေချင်တယ်။

VoX PoP - Mudon (Episode-2)

(၁) မုဒုံမြို့နယ်မှာဆိုရင် ကျန်းမာရေး အသိပညာ တအားနည်းတယ် ဒါကြောင့် ဘယ်အစိုးရပဲ တက်တက် ကျန်းမားရေး အသိ ပညာပေးတွေ များများ လုပ်ပေးစေချင်တယ်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းပေမယ့် လမ်းတွေက မကောင်းဘူး။ စီးပွားရေးချောင်လည်လို့ရှိရင် အဲ့ဒီ အစိုးရကို အားပေးကြ မယ်လို့မြင်တယ်။

(၂) ဦးတို့က လယ်သမားဆိုတော့ အခုဆိုရင် စပါးတွေက ပိုးကျနေပြီ ဘယ်လိုကာကွယ်မလဲ။ ဒါကြောင့်မို့လို့ နည်းပညာတွေ အများကြီးလိုအပ်တယ်။

(၃) လူငယ်တွေကို သူတို့ရဲ့နယ်ပယ်ကဏ္ဍအသီးသီးမှာ နေရာပေးစေချင်တယ်။ နောက်တစ်ခုက ရပ်ရွာလူထုနဲ့ပတ်သက်ရင် အစိုးရဝန်ထမ်းတွေမှ ဒီအလုပ်ကိုလုပ်ရမယ်ဆိုတာမျိုးမဟုတ်ပဲနဲ့ လမ်းတံတားတွေ၊ မြောင်းတွေဖော်တဲ့နေရာမှာ အလုပ်သမားတွေမငှားပဲ ရပ်ရွာကလူတွေနဲ့ ပူးပေါင်းပြီးလုပ်စေချင်တယ်။ အပင်အကြောင်းကို လူထုတွေသိအောင် ပညာပေးစေချင်တယ်။

(၄) ကျွန်တော်ပြောချင်တာက ကျား၊ မ၊ LGBT ပဲဖြစ်ဖြစ်၊ မသန်စွမ်းပဲဖြစ်ဖြစ် လူမျိုး၊ ဘာသာမရွေး ခွဲခြားဆက်ဆံမှုတွေ ကင်းရှင်းအောင် ဆောင်ရွက်ပေးစေချင်တယ်။

(၅) လူငယ်တွေ မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲနေမှုကို ဖမ်းတဲ့သူက တစ်လုံးစ နှစ်လုံးစ ပဲဖမ်းနေကြတယ်။ ဒိုင်ကြီးတွေကို မဖမ်းကြဘူး။ နောက်တက်လာမယ့်အစိုးရကို မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး တင်းတင်းကြပ်ကြပ် ကိုင်တွယ်စေချင်တယ်။

မော်လမြိုင်မြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ



VoX PoP - Mawlamyine (Episode-1)

(၁) ဒီရွေးကောက်ပွဲမှာ ဘယ်ပါတီပဲ နိုင်နိုင် ကျွန်တော်ကတော့ ပါတီစွဲမရှိပါဘူး။ ကိုယ်စားလှယ်ဖြစ်လာတဲ့အခါကျရင် အမတ်ဖြစ်လာတဲ့အခါကျရင် ကျွန်တော်တို့ ပြည်နယ်ကို တရားဥပဒေစိုးမိုးရေး၊ အဓိကကတော့ အဂတိတွေပပျောက်ဖို့ ဘယ်နေရာပဲဖြစ်ဖြစ် လက်မထိုးရင် မရသလို ဖြစ်နေတာကို ဖျောက်စေချင်တယ်။ ဆေးရုံသွားရင်လည်း ဆေးရုံလောက်ပေါ့နော် ဥပဒေဆိုရင်လည်း ဥပဒေ လောက်ပေါ့နော် အဲ့ဒါတွေအားလုံးကို ကျွန်တော်က အဂတိ ပျောက်စေချင်တယ်။ ဒီဟာပျောက်သွားမယ်ဆိုရင် ကျန်တာအားလုံးက တိုးတက်ဖို့က လွယ်လွယ်ကူကူနဲ့ ဖြစ်လာလိမ့်မယ်ပေါ့နော်။

(၂) လုပ်ဆောင်စေချင်တာကတော့ စားဝတ်နေရေးနဲ့ အလုပ်အကိုင်လေးတွေကို အဆင်ပြေသွားအောင် ပြေပြေလည်လည်နဲ့ဖြစ်သွားအောင် ဒါလေးတွေတော့ မျှော်လင့်ချက် ရှိပါတယ်။

(၃) ဒီရပ်ကွက်တွေ ရပ်ကွက်တွေမှာရှိတဲ့ ရေမြောင်းတွေကိုလည်း တူးစေချင်တယ်။ ရေမြောင်းတွေက တိမ်တိမ်လေးတွေ အစ်မတို့ရပ်ကွက်မှာဆိုရင် မိုးနည်းနည်းများတာနဲ့ ရေကအိမ်ရှေ့မှာ အိုင်နေပြီ။ ရေမြောင်းကျဉ်းသွားတာကိုလည်း ပြန်တူးစေချင်တယ်။ အစ်တို့ရပ်ကွက်မှာဆိုရင် တစ်ချို့လမ်းတွေလည်းကျဉ်းတယ်၊ တစ်ချို့လမ်းတွေလည်း မကျဉ်းဘူး ကားထားတဲ့ နေရာတွေကိုလည်း လုပ်ပေးစေချင်တယ်။ ကားတွေက ဝင်ပြီးရင် မထွက်တော့ဘူး။ ဆိုင်ကယ် တွေသွားလာတဲ့အခါကျရင် မျက်နှာချင်းဆိုင်အိမ်နဲ့ အဆင်မပြေတော့ဘူး။ အဲ့ဒါလေးတွေကိုလည်း လိုက်လုပ်ပေးစေချင်တယ်။ အစ်မတို့ကြားဖူးတာက ပါကင်ရှိမှ ကားဝယ်ရတာတို့ တကယ်လို့ ကားပါကင်မရှိရင်တောင်မှ ဂိုတောင်တွေရှိတယ် ထားလို့ရတယ် အဲ့ဒါကို မထားကြဘူး။ ဒါတွေကိုလည်း လုပ်ပေးစေချင်တယ်။ အစ်မတို့ကတော့ ပြောတော့ပြောတာရှိတယ်။ တစ်ခါတစ်လေကျရင် ရုံးရောက်တယ် မရှင်းပေးဘူး။

(၄) ဘယ်ကိုယ်စားလှယ်လောင်းပဲအနိုင်ရရပါ အဓိက ကိုဗစ်ကို ထိထိရောက်ရောက် ကာကွယ်ပေးဖို့။ အဲ့ဒါပျောက်ရင်လည်း နောက်ပိုင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေ အားလုံးအဆင်ပြေမှာ ကျန်းမာရေးကဏ္ဍကို အရင်ကာကွယ်မှပဲ အဆင်ပြေမှာ။ ပညာရေး ကျောင်းတွေ၊ ဈေးတွေ အကုန်ပြန်လည်ဖွင့်လှစ်နိုင်အောင် လုပ်ပေးနိုင်တဲ့ ကိုယ်စားလှယ်လောင်းတွေကို ပိုလိုချင်တယ်။

(၅) လူမျိုးဘာသာမခွဲခြားပဲ အခုကျွန်တော်တို့မှာ စစ်ဆေးရေးကဒ်မရှိတာလေးကို နိုင်ငံသားအနေနဲ့ ရှိအောင်လုပ် ပေးရမယ်။ အများအားဖြင့်အခုက မရတာကများတယ်။ ငွေကြေးမတက်နိုင်တာကများတယ်။ နောက်ပြီးတော့ ဆေးရုံ အနေအထားမှာလည်း ငွေကြေးမတက်နိုင်တာက များတယ်။ အခုလိုအခြေနေမျိုးမှာ ရောဂါအခြေနေကြောင့် အလုပ်လက်မဲ့တွေလည်း အများကြီးဖြစ်လာပါပြီ။ Taxi အနေအထားမျိုးမှာဆိုရင်လည်း မိသားစုစားဝတ်နေရေးတွေအဆင်မပြေတာ အများကြီးရှိလာပါပြီ။

VoX PoP - Mawlamyine (Episode-2)

(၁) မွန်ပြည်နယ်ဘက်မှာတော့ ရေကြီးတာတွေနှစ်တိုင်း ဖြစ်နေတယ်။ ဒီနှစ်တော့ ကံကောင်းတယ်ပဲ ပြောရမလားပေါ့နော် ရေကြီးတာတော့ မဖြစ်သွားဘူး။ အဲ့လိုမျိုးဖြစ်တဲ့အခါမှာ အစိုးရအနေနဲ့ ဆန်တွေစားစရာတွေလှုတာနဲ့ မရပ်တန့်သွားစေချင်ဘူး။ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် နောက်နှစ်မှာဆိုရင် ရေကြီးနိုင်တယ်၊ တောင်ပြိုနိုင်တယ်၊ မြေပြိုနိုင်တယ်ဆိုလို့ရှိရင် အဲ့လိုမဖြစ်အောင် ဘယ်လိုကာကွယ်လို့ရမလဲ။ ကာကွယ်လို့ မရဘူးဆိုရင်လည်း အဲ့လိုဖြစ်လာရင် ဆုံးရှုံးမှုနည်းအောင် ဘယ်လိုစီစဉ်လို့ရနိုင်မလဲဆိုတာကို အစိုးရအနေနဲ့ System တစ်ခုအနေနဲ့ ချထားစေချင်တယ်။ အဲ့လိုမျိုးရှိမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ နေ့စဉ်ဘဝသွားလာတဲ့ အခါမှာလည်းပိုပြီးတော့ အဆင်ပြေတယ်။ ဒါ့အပြင် ကျွန်တော်တို့ အခွန်တွေ တိုးကောက်တယ်။ အစက ပြည်သူတစ်ယောက်အနေနဲ့ စဉ်းစားမိတာက မကောင်းဘူးလို့မြင်မိတယ်။ သို့ပေမယ့် သေချာ ပြန်စဉ်းစားကြည့်လိုက်တဲ့အခါမှာကျတော့ အစိုးရအနေနဲ့ အခွန်ကိုတော့ တိုးကောက်သင့် တယ်။ ဒါပေမယ့် တိုးကောက်တာနဲ့အညီ ပြည်သူတွေဘက်ကိုလည်း Public Service ကောင်းကောင်းလေး လုပ်ပေးစေချင်တယ်။

(၂) လူငယ်တစ်ယောက် အနေနဲ့ဆိုရင် ရန်ကုန်လိုမျိုး မြို့ကြီးကလူငယ်တွေထပ် ကျွန်တော်တို့က အခွင့်အရေးပိုနည်းတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ကို အခွင့်အလမ်း ပိုပေးစေချင်တယ်။ လူငယ်တော်တော်များများ (၇၀)ရာခိုင်နှုန်းလောက်မှာ အလုပ်အကိုင်အတိအကျဆိုပြီး မရှိနေဘူး။ အဲ့ဒီအတွက်ကို အလုပ်အကိုင်အခွင့်အလမ်းတွေ လိုအပ်တယ်။ နောက်တစ်ခုက လူငယ်တွေရဲ့ လုပ်ပိုင်ခွင့် လူငယ်တွေကို ပေါက်ရောက်အောင် လုပ်ပေးတာတို့ မြေတောင်မြှောက်ပေးတာတို့ ထူးချွန်တဲ့ လူငယ်တွေရှိရင်လည်း မြေတောင် မြှောက်ပေးတဲ့ ပုံစံမျိုးတွေ လိုအပ်တယ်။ ပညာရေးပိုင်းဆိုင်ရာမှာ ဆိုရင်လည်း ပညာရေးအခွင့်လမ်းက အရမ်းကိုနည်းပါးတဲ့အတွက်

ကျောင်းပညာရေးအပြင် ပြင်ပပညာရေး တွေလည်း အများကြီး လိုအပ်တယ်။ ပြင်ပ ပညာရေးက ကျွန်တော်တို့ရဲ့မြို့မှာ အရမ်းကိုရှားတယ်။ အဲ့လိုမျိုးတွေကို ပုဂ္ဂလိကအနေနဲ့ လုပ်ပေးတာထက် အစိုးရအနေနဲ့ လုပ်ပေးနိုင်မယ်ဆိုရင် အရမ်းကို ကောင်းမယ်လို့ မြင်မိတယ်။

(၃) အလုပ်အကိုင်အခွင့်အလမ်းအနည်းငယ်ရှားပါးမှုရယ်၊ အလုပ်အကိုင်ရှာဖွေရခက်ခဲမှုတွေကို တက်လာမယ့် အစိုးရအဖွဲ့အစည်းတွေအနေနဲ့ အတတ်နိုင်ဆုံး လျှော့ချပေးစေချင်တယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း မွန်ပြည်နယ်မှာ စီးပွားရေး စက်မှုဇုံတည်ဆောက်မယ်ဆိုတဲ့ ကိစ္စလည်း ဖြစ်လာစေချင်တယ်။ အဲ့ဒါဖြစ်လာခဲ့ရင်လည်း ဒီပြဿနာတွေကို ဖြေရှင်းလာနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။

(၄) ကမ်းနားလမ်းမှာဆိုရင်လည်း ဖွံ့ဖြိုးတိုးတက်မှု လုပ်လို့ရတဲ့နေရာတွေ အများကြီးရှိတယ်။ Tourism အပိုင်းတွေလည်း လုပ်လို့ရတယ်။ ကုန်တိုက်ကြီးကြီးတွေ ဈေးဝယ်ထွက်လို့ရတဲ့ နေရာမျိုးတွေ၊ လူတွေအပန်းဖြေလို့ရတဲ့ နေရာမျိုးတွေပေါ့။ ထိုင်းနိုင်ငံမှာဆိုရင် Tourism အပိုင်းနဲ့ပဲသွားနေတယ် သူတို့နေရာတွေဆိုရင် တစ်ခုခုကို လှပအောင်လုပ်သွားတယ်။ မော်လမြိုင်မှာက လှတဲ့နေရာတွေအများကြီး ရှိပြီးသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း ဖိတ်ခေါ်ဖို့ လိုအပ်တယ်။

(၅) မော်လမြိုင်မှာဆိုရင် ရှေးဟောင်းအဆောက်အအုံနဲ့ စေတီပုထိုးတွေ အများကြီးရှိတယ်။ ကျွန်တော်တို့အနေနဲ့ အဲ့ဒါကို Tourism ကောင်းကောင်းလုပ်နိုင်ဖို့ လိုအပ်တယ်။ နောက်တစ်ခုပြောချင်တာက လွှတ်တော်မှာ Tourism ကဏ္ဍကို သီးသန့်မရှိဘူး။ ခရီးသွားလုပ်ငန်းဆိုတာက လူ့အရင်းမြစ်ရဲ့ အောက်မှာပဲရှိတယ်။ အဲ့ဒါကြောင့်မို့ လွှတ်တော်မှာ ခရီးသွားလုပ်ငန်းကဏ္ဍကို သီးသန့်ထားစေချင်တယ်။ သီးသန့်ထားခြင်းအားဖြင့် Tourismကို ထိထိရောက်ရောက်နဲ့ ဖွံ့ဖြိုးတိုးတက်သွားအောင် လုပ်နိုင်မယ်လို့ထင်တယ်။

(၆) နောက်တက်လာမယ့် အစိုးရကို Covid 19 Case ကို ပိုပြီးတော့ ကြပ်ကြပ်မတ်မတ်နဲ့ ထိထိရောက်ရောက်ထိန်းချုပ်ပေးနိုင်မယ့် အစိုးရတစ်ရပ်အနေနဲ့ မျှော်လင့်တယ်။ ကျွန်တော်ကလည်း LGBT Family တစ်ယောက်ဖြစ်တယ်။ ကျွန်တော်တို့ LGBTရဲ့ဘဝကို စာနာပေးမဲ့ အစိုးရတစ်ရပ်၊ LGBTရဲ့လွတ်လပ်ခွင့်ကို အပြည့်အဝ ထောက်ခံပေးနိုင်တဲ့ အစိုးရ တစ်ရပ်အနေနဲ့ လိုအပ်တယ်။ LGBTလူငယ်တွေရဲ့ ပါဝင်နိုင်မှုပေါ့။ အစိုးရလုပ်ငန်းတွေမှာပဲဖြစ်ဖြစ် တခြားသော ပြင်ပ အဖွဲ့စည်းတွေမှာပဲဖြစ်ဖြစ် ပါဝင်နိုင်ခွင့်ပေးတဲ့ အစိုးရတစ်ရပ်ကို လိုချင်ပါတယ်။

ရေးမြို့နယ် - ပြည်သူလူထု မျှော်လင့်ချက်စကားသံများ



VoX PoP - Ye (Episode-1)

(၁) လူငယ်တွေ အတွက် အားကစားရုံ ကောင်းကောင်း လုပ်ပေးစေချင်တယ်။ စာကြည့်တိုက်မှာ စာအုပ်တွေ စုံစုံလင်လင် ထားစေချင်တယ်။

(၂) လိုအပ်တာတွေကတော့အများကြီးပေါ့ ဒါပေမဲ့ နေတဲ့ဒေသပေါ်မှာ အခြေခံပြောရရင် ခွဲခြားဆက်ဆံခံ၊ ချန်လှပ်ခံရတာတဲ့ဒေသတွေ ရှိနေပါတယ်။ လမ်းဆိုလဲ တစ်ချို့ရွာတွေဆို မြေနီလမ်းကနေ ကွန်ကရစ်လမ်း၊ အဲ့ကနေ ကတ္တရာလမ်းတွေဖြစ်နေပြီး တစ်ချို့နေရာတွေမှာ မြေနီလမ်းတောင်မရှိတဲ့နေရာတွေ ရှိနေတယ်။ အဲ့လိုမျိုး ခွဲခြားခံ ထားရတာတွေရှိတယ်။

(၄) တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ နေ့စားသမားတွေ အဆင်ပြေရအောင် အရောင်းအဝယ်တွေလဲ အဆင်ပြေရအောင် တိုးတတ်စေချင်တယ်။

(၄) ရေးဒေသဖွံ့ဖြိုးတိုးတတ်ဖို့ဆို ရေလုပ်ငန်းကိုတိုးတတ်အောင် လုပ်စေချင်တယ်။ လက်ရှိရာဘာအတွက် ကိုလည်း တိုးတက်အောင်လုပ်စေချင်တယ်။ နောက်ဒေသထွက်ကုန်တွေ မြန်မာပြည်အနှံ့ ကမ္ဘာအနှံ့ရောက်အောင် ဖြစ်စေချင်တယ်။

VoX PoP - Ye (Episode-2)

(၁) ရာဘာဈေးကျချိန်ဆိုရင် အကုန်လုံးက ငွေကို ချင့်ချိန်လခ သုံးလာရတဲ့အတွက်ကြောင့် စီးပွားရေး အရောင်းအဝယ်က ကျသွားတယ်။ ဒါကြောင့်နဲ့ ပတ်သက်တဲ့ ကုန်ချောစက်ရုံလေးတစ်ခု မွန်ပြည်နယ် အောက်ပိုင်းမှာ အထပ်သား စက်ရုံတွေပေါ် များသလိုပဲ ရှိလာရင်တော့ ပိုပြီးတော့ ကောင်းတာ ပေါ့။ ပြည်ပကိုပဲ ရာဘာရည် ရောင်းဖို့ အားကိုးမယ့် အစား ဒေသတွင်းမှာ နည်းပညာတွေက ဝယ်ယူလို့ရတယ် ဆိုတော့ ကုန်ချော ပစ္စည်းတွေကလဲ ထုတ်နိုင်မယ့်အနေအထားရှိတယ် ဒီလို နိုင်ငံတကာစံချိန်မှီ ကုန်ချောစက်ရုံတစ်ခု ဖြစ်မြောက် လာစေချင်တယ်။

(၂) ကျွန်တော်ဆိုအခု ပန်းချီဆွဲတာဝါသနာပါတယ်။ ဒါပေမဲ့ ကျောင်းတွေမှာဆို ဒီပန်းချီဆွဲတဲ့စာအုပ်ကို တစ်နှစ်မှာ တစ်ခေါက်လောက်ဖွင့်ပြီး ပြီးသွားတယ်။ တချို့တွေကတော့ ဘာမှမဖြစ်ပေမယ့် ဝါသနာပါတဲ့သူတွေတွက်ကျတော့ ဝါသနာပါပြီး ဘာမှမသင်ယူလိုက်ရသလို ဖြစ်တာပေါ့။ ပန်းချီမှမဟုတ်ဘူး တခြားမှာလဲ အကြောင်းရာအမျိုးမျိုးကြောင့် ပတ်ဝန်းကျင်ကြောင့် ထောက်ပံ့မှုမရှိတာကြောင့် အဲ့တာတွေကြောင့် ဝါသနာပါရာကို စွန့်ပစ်လိုက်ကြရတဲ့ လူငယ်တွေအများကြီးရှိတယ်။ အဲ့လိုလူငယ်တွေအတွက် သူတို့ဝါသနာပါရာကို ဖြစ်စေချင်တယ်။

(၃) ဥပဒေစိုးမိုးမှုအားနည်းတာတွေကို ဌာနဆိုင်ရာတွေမှာဆို လာဘ်စားတာတွေရှိတယ် ဒါတွေကိုလည်း အဲ့လာဘ်စားမှုအလျောက်အရေးယူမှု လုပ်စေချင်တယ်။ လူတစ်ယောက်က တကယ်ကို အာဂတိနဲ့ မကင်းဘူးဆိုရင် အဲ့သူကို ထိထိရောက်ရောက်အရေးယူစေချင်တယ်။ ဒေသတိုင်းမှာလဲ ဥပဒေစိုးမိုးမှုလေးတွေ ဖြစ်စေချင်တယ်။

